# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၀၈)


## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

## မြိတ်မြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်အပ်နှံသည့်လယ်ယာမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြိတ်မြို့၌ကျင်းပသည့် ပြန်လည်စွန့်လွှတ်အပ်နှံသည့်လယ်ယာမြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

**မြိတ် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်စိုးတင့်နိုင် နှင့် ဗိုလ်ချုပ်မြင့်နွယ်၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရောက်ရှိပြီး ပုလဲရတနာခန်းမ၌ကျင်းပသည့် ပြန်လည် စွန့်လွှတ်အပ်နှံသည့် လယ်ယာမြေများအား မူလတောင်သူ များထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) လွှဲပြောင်း ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့် မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများအား လက်ခံ ရယူကြမည့် တောင်သူများနှင့်တာဝန်ရှိသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ က ယနေ့ အခမ်း အနားသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ် မြို့နယ် ကျောက်ဖျာမြို့သစ်စီမံကိန်းအတွင်းမှ ပြန်လည် စွန့်လွှတ်သည့် မြေ ၄၄၁၆ ဒသမ ၆၁ ဧကအနက် ကျောက်ဖျာကျေးရွာအုပ်စုအတွင်းမှ မြေဧရိယာ ၁၁၉၃ ဒသမ ၇၇ ဧကကို တောင်သူ ၁၄၉ ဦးထံသို့ လည်းကောင်း၊ သဘွတ်ကျေးရွာအုပ်စုအတွင်းမှ ၁၁၇၀ ဒသမ ၇၀ ဧကကို တောင်သူ ၁၉၉ ဦးထံသို့ လည်းကောင်း စုစုပေါင်း စိုက်ပျိုးမြေ ၂၃၆၄ ဒသမ ၄၇ ဧကအတွက် မူလတောင်သူ ၃၄၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)များ လွှဲပြောင်းပေးအပ်သွားမည့်အခမ်းအနားဖြစ်ပါကြောင်း၊ မိမိတို့ အစိုးရတာဝန်ယူစဉ်ကာလအတွင်း စွန့်လွှတ်အပ်နှံ မြေများ မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေး အပ်ပွဲများကို မိမိကိုယ်တိုင် တက်ရောက်အားပေးခဲ့ရာ ယခု အခမ်းအနားသည် (၂၅) ကြိမ်မြောက် အခမ်းအနားဖြစ် ပါကြောင်း၊ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလိုသော်လည်း လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသည့်


*စာမျက်နှာ ၃ ကော်လံ ၁ ➝*



**ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ခန်းမဆောင် အဆောက်အအုံသစ်ဖွင့်**

စာ ၂

**သီပေါ နမ့်ဟူးနွဲ့ဒေသကို ခရီးသွားလုပ်ငန်းအဖြစ် ပိုမိုထင်ရှားလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေ**

စာ ၅

**စိုက်ပျိုးရေး အသိပြန့်ပွားရေး**

စာ ၆



**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# လွှတ်တော်များ၏ ဂုဏ်သိက္ခာ

အာဏာရှင်ခေတ်အဆက်ဆက်ကို ကျော်ဖြတ်ခဲ့ပြီးနောက် ဒီမိုကရေစီ ကြွေးကြော်သံဖြင့် ဖွင့်လှစ်ကျင်းပသော လွှတ်တော်များ၏ တတိယ သက်တမ်းကို ရောက်ခဲ့ပြီ။ လွှတ်တော်တို့ စတင်တော့မည်။

လွှတ်တော်ဟူသည်နှင့် တွဲလျက်ရှိနေ၊ နားလည်နေကြသည်မှာ ဥပဒေပြုမဏ္ဍိုင်ဟူ၍ဖြစ်၏။ လွှတ်တော်သည်ဥပဒေပြုရေးကို အဓိက ကိုင်တွယ်ရသည်ဖြစ်လေရာ လက်ရှိဥပဒေများကို စေ့စေ့စပ်စပ် လေ့လာပြီး ခေတ်ကာလနှင့်မညီသည်တို့ကို ပြုပြင်ရေးဆွဲရန်၊ အချို့ကို ဖျက်သိမ်းရန်၊ အချို့ကို အသစ်ရေးဆွဲရန် စသည့်လုပ်ငန်းများကို တာဝန်ယူရ၏။ ထိုသို့သော ဥပဒေရေးရာများသာမက ပြည်သူ့ဘဏ္ဍာကို အသုံးပြုရသော စီမံကိန်းများတွင် ဘတ်ဂျက်လျာထားမှု၊ ဘတ်ဂျက်သုံးစွဲရာတွင် မှန်ကန်မှုရှိမရှိ စသည်တို့အတွက်လည်း တာဝန်ရှိနေမည်ဖြစ်သည်။ ထို့ပြင်တဝ၊ မိမိတို့ ရွေးကောက်ပွဲဝင်ရောက်ခဲ့သည့် မဲဆန္ဒနယ်မြေနှင့် နယ်မြေခံ ပြည်သူလူထု၏ အကျိုးကို ဆောင်ရွက်ရန်တာဝန်ကလည်း ရှိ၏။

ဒီမိုကရေစီစနစ်အောက်ရှိ လွှတ်တော်တို့တွင် ခမ်းနားမြင့်မြတ်သော ဂုဏ်တစ်ခုရှိ၏။ ထိုလွှတ်တော်တို့သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မည်မျှလောက်ကျက်သရေရှိပါသနည်း။ နိုင်ငံ့ အရေးအရာ အဝဝကို ပြည်သူလူထုက သူတို့၏ကိုယ်စား တာဝန်ယူပေးရန်၊ အလုပ်လုပ်ပေးရန် ကိုယ်စားလှယ်များကို ရွေးချယ်ပေးလိုက်၏။ ယင်းသည်ပင် လွှတ်တော်တို့၏ ဂုဏ်ကျက်သရေဖြစ်၏။

ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်များခေါ်ယူကာ လွှတ်တော်သဘာပတိ တင်မြှောက်မည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌ အသီးသီးကို ရွေးချယ်ကြမည်။ လွှတ်တော်ဥက္ကဋ္ဌများ၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကိုယ်စားလှယ်များက စုကာဝေးကာ ဆွေးနွေးညှိနှိုင်းအဖြေရှာကာဖြင့် နိုင်ငံ့ဦးသျှောင်သမ္မတဖြစ်သူကို ရွေးချယ်ပေးမည်။ ပြည်သူ့ကိုယ်စားပြု သမ္မတဖြစ်လာသူက အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိန်းကျောင်းလည်ပတ်နိုင်ရေးအတွက် နိုင်ငံအတွက် စေတနာမှန်၊ အဂတိကင်း၊ ကိုယ်ကျိုးကင်းမည့်သူများကို အစိုးရအဖွဲ့ခေါင်းဆောင်များအဖြစ် ရွေးချယ်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းမည်။

ယင်းသည်ပင် လုပ်ပိုင်ခွင့် အာဏာသုံးရပ်သည် ပြည်သူလူထုထံမှ ပြည်သူ့ကိုယ်စားလှယ်များဆီသို့ စီးဆင်းလာခြင်းမည်၏။ ဒီမိုကရေစီစနစ်၏ အနှစ်သာရသည် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များလက်သို့ အာဏာသုံးရပ်ကို အပ်နှင်းခြင်းပင်။ ဒီမိုကရေစီစနစ်ကို ပြည်သူတို့ ယုံကြည်တည်ဆောက်လိုခြင်း၏ ပင်မအကြောင်းအချက်ဟုလည်း ဆိုနိုင်ပါသည်။

အတိုချုပ်ဆိုရလျှင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်တွင်းက တစ်ဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်ဟူသော မဏ္ဍိုင်သုံးရပ်ကို ခွဲဝေတာဝန်ပေး၏။

မြန်မာနိုင်ငံ၏ အနေအထားအရ၊ လက်တွေ့အလုပ်များအနေဖြင့် လွှတ်တော်များတွင် များစွာသော လုပ်ငန်းဆောင်တာများရှိနေသည်ကား အမှန်။ နိုင်ငံရေးရာ စီမံခန့်ခွဲမှုများ၊ ငွေကြေးသုံးစွဲမှုများသည် လွှတ်တော်များက ဆွေးနွေးဆုံးဖြတ်ပေးရမည့် အရေးအရာများ ဖြစ်ပေသည်။

ရှေ့ရှည် မျှော်မှန်းလုပ်ဆောင်ရမည်များ ရှိသကဲ့သို့ လက်ငင်းအဖြေရှာ ဆုံးဖြတ်ရမည်တို့ကလည်း အများအပြားရှိနေမည်ဟု မြင်ပါသည်။ ဒီမိုကရေစီစနစ်အောက်တွင် တည်ရှိနေမည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ဟူ၍ မရှိဘဲ လူတစ်ဦး၊ အဖွဲ့တစ်ဖွဲ့က အရာရာ ဆုံးဖြတ်သည့်ခေတ်ကာလရှည်ကို ဖြတ်သန်းလာခဲ့သည်ဖြစ်ရာ ယနေ့ပြန်လည်တည်ဆောက်ရမည်များက သက်တမ်းနုနယ်သေးသော လွှတ်တော်အတွက် အမြောက်အမြား ရှိနေသည်သာ။ ထို့ပြင် ပြည်သူ့ကိုယ်စားလှယ်များချည်းသာ ပါဝင်ဖွဲ့စည်းထားသည့် လွှတ်တော်အဖြစ် ဆွေးနွေးဆုံးဖြတ်နိုင်ဖို့ ကိုပင် ကြိုးစားအားထုတ်ရဦးမည် ဖြစ်ပါသည်။

မည်သို့ဖြစ်စေ၊ မည်သည့်နည်းဖြင့်ဖြစ်စေ၊ လွှတ်တော်တွင်း၌ နေရာယူဆွေးနွေးကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုက မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်ကို သတိပြုရန်လိုပါသည်။ မည်သည့် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့သဘောထား၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူ့လိုလားချက်များကို မည်မျှအလေးထား ဆွေးနွေးကြမည်နည်း။ မည်သည့် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးစီးပွားကို မည်မျှအားထုတ်ကြံစည် ဆောင်ရွက်ကြပါသနည်း။

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုကို လေးလေးစားစားရှိခြင်း၊ ရိုရိုသေသေ တန်ဖိုးထားခြင်း ဆိုသည်တို့ကသာ လွှတ်တော်များ၏ ဂုဏ်သိက္ခာကို ပေါ်လွင်စေမည်ဖြစ်သည်ဟု တင်ပြလိုက်ရပါကြောင်း။ ။

## ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ခန်းမဆောင် အဆောက်အအုံသစ်ဖွင့်

**ဒီးမော့ဆို ဇန်နဝါရီ ၁၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ခန်းမဆောင် အဆောက်အအုံသစ်ကို ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၆၉) နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၁ နာရီက ဖွင့်လှစ်ကြောင်း သိရသည်။ **(ယာပုံ)**



ရှေးဦးစွာ ဒီးမော့ဆိုမြို့နယ် ခန်းမဆောင် အဆောက်အအုံသစ်ကို ကယားပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးဘော့စ်ကို၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်သိန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ မြို့နယ်ခန်းမဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးဘော့စ်ကိုက ယနေ့သည် ကယားပြည်နယ်၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၉) နှစ်မြောက် ကယားပြည်နယ်နေ့ဖြစ်ကြောင်း၊ နေ့ထူးနေ့မြတ်ကာလတွင် ဒီးမော့ဆိုမြို့နယ်၏ ကျက်သရေဆောင် မြို့နယ်ခန်းမဆောင်သစ်ကြီးအား ဖွင့်လှစ်ရသည့်အတွက် များစွာ ဂုဏ်ယူပါကြောင်း၊ မြို့နယ်ခန်းမဆောင်သစ်ကြီးသည် အလျား ပေ ၁၇၀၊ အနံ ၁၀၉ ပေ၊ အမြင့် ပေ ၃၀ ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၃၄၈ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၈ ဒသမ ၄၉ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၄၅ ဒသမ ၄၉၉ သန်း စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၃၄ ဒသမ ၃၃၉ သန်းဖြင့် ဘဏ္ဍာနှစ် သုံးနှစ်ခွဲ၍ တည်ဆောက်ခဲ့ကြောင်း၊ ယခုလို ခန်းမဆောင်သစ်ကြီးအား ဖွင့်လှစ်နိုင်ခြင်းသည် ဒီးမော့ဆိုမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ဒေသခံပြည်သူများ ဝမ်းမြောက်ဂုဏ်ယူကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ခန်းမဆောင်သစ်အား တာဝန်ယူ တည်ဆောက်ခဲ့သည့် နန်းအေးရိပ်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်နန်းစန်းစန်းအေးက ဒီးမော့ဆိုမြို့နယ် ခန်းမဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံဆိုင်ရာ အချက်အလက်များကို စည်ပင်သာယာရေး အဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ရာ ဒီးမော့ဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက လက်ခံရယူသည်။

**ရီရယ်**
**(ဒီးမော့ဆို)**

## ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ လေးထပ်စာသင်ဆောင်သစ် ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ကျောင်းသား ကျောင်းသူများအား စာသင်ကြားရာတွင် ပိုမိုထိရောက်စွာ သင်ကြားနိုင်ရေးအတွက် အုပ်စုငယ်စနစ်ဖြင့် ဖွဲ့စည်းသင်ကြားရန် စာသင်ခန်းများ ပါဝင်သော လေးထပ်ကျောင်းဆောင်သစ် (University of Medicine 2 Training and Assessment Center) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်း ဆေးတက္ကသိုလ်ဝင်းအတွင်းရှိ ယင်းစာသင်ဆောင်သစ်ရှေ့၌ ပြုလုပ်သည်။

စာသင်ဆောင်သစ်ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ပြည်မဟာ ဆောက်လုပ်ရေး ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လူမှုရေးဝန်ကြီးက အဆောက်အအုံမှတ်တမ်းကြေးပြား ကမ္ပည်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**



စာသင်ဆောင်သစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၈၉၆ ဒသမ ၈၀၀ ဖြင့် ပြည်မဟာ ဆောက်လုပ်ရေးကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်းက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အကျယ်အဝန်းအားဖြင့် အလျား ၁၄၆ ပေ၊ အကျယ် ပေ ၅၀၊ အမြင့် ပေ ၅၀ လေးထပ်အဆောက်အအုံ ဖြစ်သည်။

မြေညီထပ်၌ (၁၅ x ၂၀) ပေ စာသင်ခန်း ၁၆ ခန်း၊ ပထမနှင့် ဒုတိယ အထပ်၌ (၃၀ x ၂၀) ပေ စာသင်ခန်း ရှစ်ခန်း၊ တတိယ အထပ်၌ (၆၀ x ၅၀) ပေ စုဝေးခန်းမ နှစ်ဆောင် ပါရှိသည်။

ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာအေးထွန်းက "သင်ရိုးညွှန်းတမ်းအပြောင်းအလဲအတွက် ကျောင်းသားအုပ်စု အယောက် ၂၀/၃၀ စီကို အုပ်စုငယ်ဖွဲ့ပြီး သင်ကြားရေးအတွက်ပါ။ ဆရာနဲ့ ကျောင်းသား၊ အပြန်အလှန် ဆွေးနွေးမှုတွေ ပိုရလာနိုင်တယ်။ ကျောင်းသားအချင်းချင်းလည်း အများကြီး ဆွေးနွေးနိုင်ကြမယ်။ သင်ကြားသင်ယူမှုအတွက်လည်း ပိုမိုအထောက်အကူ ဖြစ်လာနိုင်ပါမယ်" ဟု ပြောသည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၁၁၇) သင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

နိုင်ငံ့ဝန်ထမ်းများ၏ လေ့လာသင်ယူမှုအခွင့်အလမ်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တွင် Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၁၁၇) ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ဝင်းက Online မှ သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဒုတိယ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချခဲ့သည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**




ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အနေဖြင့် ဤသင်တန်းကို ကိုဗစ် - ၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးမထိခိုက်စေဘဲ သင်ကြားသင်ယူမှုအခွင့်အလမ်းများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် နည်းပညာအတွေ့အကြုံများရရှိပြီး နိုင်ငံတော်၏ e-Government လုပ်ငန်းများတွင် အထောက်အကူ ပြုစေရေးတို့ကို ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် Online Learning System ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၈ ခုမှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ်သင်တန်းသား ၅၄ ဦး၊ သင်တန်းသူ ၆၅ ဦး စုစုပေါင်း ၁၁၉ ဦးတို့ Online ဖြင့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၄-၁၂-၂၀၂၀ ရက်မှ ၁၅-၁-၂၀၂၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ Zoom Cloud Meetings နှင့် Google Classroom တို့ကို အသုံးပြု၍ Online Learning System ဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာရှိ ပြည့်ဖြိုးထွန်းအင်တာနေရှယ်နယ် ကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း စီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

❍ ရှေ့ဖုံးမှ

ကိုဗစ် - ၁၉ ကပ်ရောဂါအခြေအနေကြောင့် ယခုကဲ့သို့ အကျဉ်းချုံး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ကပ်ရောဂါမှ ကင်းဝေးလွတ်မြောက်စေရန် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီ၏ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်ပေး

စီမံကိန်းအလို့ငှာ ရယူထားသည့် မြေများအပေါ် စီမံကိန်းအတိုင်း အကောင်အထည်ဖော်မှုမရှိသည့် မြေများကို မူလတောင်သူများလက်ဝယ်သို့ ပြန်လည်စွန့်လွှတ် လွှဲပြောင်းနိုင်ရေးနှင့် စီမံကိန်းအတိုင်း ဆက်လက်အသုံးပြုမည်ဆိုပါက လျော်ကြေးငွေပေးဆောင်ခြင်းနှင့် မြေအစားပေးခြင်းများ မရှိခဲ့သေးလျှင် လျော်ကြေးငွေနှင့် နစ်နာကြေးငွေပေးကြရန် သက်ဆိုင်ရာ မြေရယူထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိပါကြောင်း။

မြေယာကိစ္စသည် စာရွက်စာတမ်း၊ ပိုင်ဆိုင်မှုနှင့် ဥပဒေကြောင်းအရ ညီညွတ်ခြင်း ရှိ/မရှိ စိစစ်စစ်ဆေးရသကဲ့သို့ မှတ်တမ်းမှတ်ရာမပြည့်စုံမှုများကြောင့် လက်တွေ့ကိုင်တွယ်ဖြေရှင်းရာတွင် အချိန်ယူရပါကြောင်း၊ အမှားအယွင်းမရှိစေရေးနှင့် နစ်နာဆုံးရှုံးမှုမဖြစ်စေရေး သေချာရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသည့်အတိုင်း ကရုဏာနှင့်ယှဉ်၍ တရားမျှတမှုရှိအောင် အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုဖော်ဆောင်နိုင်ရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ရည်ရွယ်ချက်အတိုင်း လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေး ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေး ကာကွယ်ဆောင်ရွက်ပေးရန်တို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မိမိတို့နိုင်ငံကို စက်မှုလယ်ယာအခြေခံသည့် နိုင်ငံတစ်ခုအဖြစ်တည်ဆောက်ရာတွင် အခြေခံအရင်းအမြစ်ဖြစ်သည့် လယ်ယာမြေများဖော်ထုတ်ရေးသည် အရေးပါသည့်အချက်တစ်ခု ဖြစ်ပါကြောင်း၊ စီမံကိန်းအဖြစ် အသုံးပြုခြင်းမရှိသည့် လယ်ယာမြေများကို တောင်သူများ လက်ဝယ်ပြန်လည်ပေးအပ်ခြင်းလုပ်ငန်းစဉ်အပြင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ်စေပြီး လုပ်ပိုင်ခွင့်လျှောက်ထားစေခြင်းဖြင့် သတ်မှတ်ကာလတွင် လယ်ယာမြေအဖြစ် ပိုင်ဆိုင်ခွင့်ရအောင်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### လိုအပ်ချက်များဆောင်ရွက်ပေး

နိုင်ငံတော်က တောင်သူလယ်သမားများကို မိမိဒေသနှင့် ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးခွင့်ပေးထားပြီးဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အစဉ်တစိုက် လေ့လာပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းစပါးဈေးနှုန်း ရည်ညွှန်းသတ်မှတ်ပေးပြီး သတ်မှတ်ဈေးအောက် ကျဆင်းပါက နိုင်ငံတော်အစိုးရ၏ လှည့်ပတ်ရန်ပုံငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝယ်ယူပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းဈေးကွက်တွင် မငြိမ်မသက်ဖြစ်နေသည့် မတ်ပဲနှင့် ပဲမျိုးစုံထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ အလားအလာရှိမည့် အမယ်သစ်ပို့ကုန်များ ပေါ်ထွက်လာစေရေးနှင့် အစိုးရအချင်းချင်း ညှိနှိုင်းရောင်းဝယ်သည့် အစီအစဉ်များ ပေါ်ပေါက်လာစေရေးတို့အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း။

### အဆင့်မြှင့်တင်ထုတ်လုပ်

ပြည်တွင်း ပြည်ပ ဈေးကွက်နေရာရရှိရေးအတွက် ယခင်က ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ရောင်းချခဲ့သည့် အနေအထားမှ တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောများအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် အဆင့်မြင့်နည်းပညာ ခေတ်မီထုပ်ပိုးပြုပြင်စက်များဖြင့် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးလုပ်ငန်းစဉ်ကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ပြန်လည်လုပ်ပိုင်ခွင့်ရလာသည့် လယ်ယာမြေများကို အသုံးချပြီး ထွက်ရှိလာမည့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကောင်းရရှိကာ စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

မြေသယံဇာတအရင်းအမြစ်သည် တိုးပွားအောင်လုပ်၍မရဘဲ အကန့်အသတ်ရှိသည့် အရင်းအမြစ်တစ်ခုဖြစ်ပါကြောင်း၊ အဆိုပါအရင်းအမြစ်သည် မိမိတို့တောင်သူများအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံးနှင့် တန်ဖိုးအရှိဆုံး အရင်းအမြစ်တစ်ခုလည်း ဖြစ်သည့်အတွက် မြေအရင်းအမြစ်များကို အသုံးချရာတွင် ရေရှည်တည်တံ့မှုရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေသည့် အသုံးချမှုများ လိုအပ်ပါကြောင်း၊ သို့မှသာ တောင်သူလယ်သမားများအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အရင်းအမြစ်များခိုင်မာမှုနှင့် ရေရှည်တည်တံ့မှုကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ပြန်လည်စွန့်လွှတ်သည့် မြေများကို မူလပိုင်ရှင်တောင်သူများထံ အမြန်ဆုံးလက်ဝယ်သို့ ရောက်ရှိအောင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ လယ်ယာမြေများကို လက်ဝယ်ပြန်လည်ရရှိကြပြီဖြစ်ကြသည့် တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏ လုပ်ကိုင်ဆောင်ရွက်ပေးနေမှုများကို သိမြင်နားလည်ပြီး ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်ပေးကြရန်နှင့် တစ်ကိုယ်ရေ တစ်မိသားစု ဝမ်းဝဖူလုံရေးမှတစ်ဆင့် နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ *စာမျက်နှာ ၄ သို့*




ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တောင်သူတစ်ဦးအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၃) ပေးအပ်စဉ်။ သတင်းစဉ်




တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် တောင်သူတစ်ဦးအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၃) ပေးအပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

### ရှင်းလင်းတင်ပြ

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း စွန့်လွှတ်မြေများ အနက် မူလတောင်သူများထံသို့ လယ်ယာမြေယာယီ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၃ ) ပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### (ပုံစံ-၃) များ ပေးအပ်

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးတို့က ကျောက်ဖျာကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်-၁၇၁(ခ) (ကျောက်ဖျာအရှေ့ကွင်း)၊ ကွင်းအမှတ် - ၁၇၂ (ကဘင်းကွင်း)၊ ကွင်းအမှတ်- ၁၇၃(က) (ကဘင်းကွင်း)၊ ကွင်းအမှတ် - ၉၆၂ (အထူးရာကြီးအရှေ့ကွင်း)၊ ကွင်းအမှတ်-၉၆၃ (ကိုးပင်အနောက်ကွင်း)၊ ကွင်းအမှတ်- ၁၇၅ (လွတ်လွတ်တောင်ကွင်း)နှင့် သဘွတ်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် - ၁၆၇ (ဆင်ရိုင်းကွင်း)၊ ကွင်းအမှတ်- ၈၄၃ (ဆင်ထဲကွင်းသစ်ကွင်း)၊ ကွင်းအမှတ်-၁၇၀ (လဝဲကွင်း)၊ ကွင်းအမှတ် - ၁၆၈ (တားချယ်ကွင်း)၊ ကွင်းအမှတ်-၉၆၁ (ဗန္ဓုလတောင်ကွင်း) တို့မှ တောင်သူများအား လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) များ ပေးအပ်ကြသည်။

ထို့နောက် လယ်ယာမြေယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၃) လက်ခံရယူကြသည့် တောင်သူများကိုယ်စား ကျောက်ဖျာကျေးရွာမှ တောင်သူ ဦးအောင်ကြည် က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျွန်းစုမြို့နယ် စမတ်ကျွန်းရှိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများအား နှုတ်ဆက်သည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အမြန်ရေယာဉ်ဖြင့် မြိတ်မြို့မှ ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာသို့ ရောက်ရှိပြီး ပြည့်ဖြိုးထွန်းအင်တာနေရှယ်နယ် ကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၄၁၅ ဧက ကျယ်ဝန်းကာ လက်ရှိတွင် ပုစွန်မွေးမြူကန် ၆၁ ကန် ရှိပြီဖြစ်ကြောင်း၊ ရေငန်ပုစွန်ဖြူအမျိုးအစားကိုသာမွေးမြူပြီး မွေးမြူရေးကန်တစ်ကန်လျှင် ပုစွန်သားပေါက် ၁၂ သိန်းမှ ၁၅ သိန်းအထိ ထည့်သွင်းမွေးမြူနိုင်ကြောင်း၊ မွေးမြူရေးကန်တစ်ကန်မှ တစ်ကြိမ်လျှင် ရေငန်ပုစွန် ၂၅ တန်မှ တန် ၃၀ အထိထွက်ရှိကြောင်း၊ ပုစွန်များကို ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့ရောင်းချကြောင်း၊ မွေးမြူရေးကန်တစ်ကန်လျှင် တစ်နှစ်ကာလအတွင်း သုံးကြိမ်မွေးမြူထုတ်လုပ်နိုင်ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျွန်းစုမြို့နယ် စမတ်ကျွန်းသို့ ရောက်ရှိပြီး ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါကျွန်းသည် မြိတ်မြို့မှ ၄၈ မိုင်ကွာဝေးပြီး အမြန်ရေယာဉ်ဖြင့် နှစ်နာရီကြာ ခရီးရှိကြောင်း၊ မြိတ် - ဒုံးကျွန်း ရေတံခွန်နှင့် စမတ်ကျွန်းကမ်းခြေခရီးစဉ်အတွင်း ဗမာ၊ ကရင်နှင့် ဆလုံတိုင်းရင်းသားတို့၏ လူနေမှုဘဝများကို လေ့လာနိုင်ခြင်း၊ ကယက်လှေစီးခြင်း၊ ကမ်းဦးရေတိမ်ပိုင်းအလှများနှင့် ပင်လယ်ကမ်းခြေအလှများကို ကြည့်ရှုလေ့လာနိုင်ခြင်း၊ ငါးမျှားနိုင်ခြင်းနှင့် လတ်ဆတ်သည့် ပင်လယ်အစားအစာများ စားသုံးနိုင်ခြင်း စသည့်ဝန်ဆောင်မှုများကိုရရှိနိုင်မည့် တစ်ညအိပ် နှစ်ရက်ခရီးစဉ်ကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဒုံးကျွန်းရှိ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်လျက်ရှိသည့် ဒုံးညောင်မှိုင်းကျေးရွာအား အမြန်ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ကြီးမှူးကျင်းပသည့် International Conference on Engineering Education Association သို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၅

**မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက ကြီးမှူးကျင်းပသည့် International Conference on Engineering Education Association (ICEEA 2021 Myanmar) အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ Online စနစ်ဖြင့် ကျင်းပသည်။ (အောက်ပုံ)**




အခမ်းအနားတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာသင်ကြားရေးသမိုင်းသည် ၁၉၂၃ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်တွင် အင်ဂျင်နီယာပညာဌာနကို ဖွင့်လှစ်ထူထောင်ခြင်းဖြင့် စတင်ခဲ့ပါကြောင်း၊ ထို့နောက် ၁၉၆၄ ခုနှစ်မှစတင်၍ ရန်ကုန်စက်မှုတက္ကသိုလ်မှ သက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့များကို ပေးအပ်ချီးမြှင့်ခဲ့သည်မှာ ယနေ့အထိပင် ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာဘွဲ့ရများသည် မြန်မာနိုင်ငံ၏ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေခံအဆောက်အအုံတည်ဆောက်ရေးသည် အလွန်အရေးပါပြီး ယင်းလုပ်ငန်းများကို အင်ဂျင်နီယာများက အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ သောက်သုံးရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် အရည်အသွေးပြည့်ဝသော အင်ဂျင်နီယာများ မွေးထုတ်နိုင်ရေးအတွက် အင်ဂျင်နီယာပညာသင်ကြားရေးသည် အရေးပါသောအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်ဂျင်နီယာများသည် အစိုးရကဏ္ဍတွင်သာမက ပုဂ္ဂလိကလုပ်ငန်းအသီးသီးတွင်လည်း ပါဝင်လျက်ရှိပါကြောင်း၊ အင်ဂျင်နီယာများ၏ အရည်အသွေးပြည့်ဝကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် ASEAN Federation of Engineering Organization (AFEO) ၊ Federation of Engineering Institutions of Asia and Pacific (FEIAP) စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လုပ်ငန်းများစွာလည်းရှိပါကြောင်း၊ ပူးပေါင်းကူညီ လမ်းပြဆောင်ရွက်မှုများစွာအတွက် FEIAP၊ IEET ၊ UNSW ၊ BEM ၊ WFEO နှင့် IEA အစရှိသော မိတ်ဖက်အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုအဖြစ် အင်ဂျင်နီယာပညာမဟာမိတ်အဖွဲ့ (International Engineering Alliance – IEA) ၏ ပဏာမအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါကြောင်းနှင့် ဝါရှင်တန်သဘောတူညီချက် အပြည့်အဝအဖွဲ့ဝင်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိပါကြောင်းနှင့် အစိုးရသစ်လက်ထက်၌ ကဏ္ဍအသီးသီးတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရှိခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ ၅၇ ရာခိုင်နှုန်းအထိ ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကိုလည်း အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များနှင့်အညီ ရေအားလျှပ်စစ်မှ ၄၀ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင်မှ ၁၄ ရာခိုင်နှုန်း၊ Domestic Gas မှ ၃၄ ရာခိုင်နှုန်းနှင့် LNG မှ ၁၁ ခိုင်နှုန်း စသည်ဖြင့် ထုတ်လုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အင်ဂျင်နီယာပညာသင်ကြားရေးနှင့် အင်ဂျင်နီယာဘွဲ့ရများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ရေးသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါ International Conference on Engineering Education Association (ICEEA 2021 Myanmar) သည် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိကာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အင်ဂျင်နီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့မှ Accreditation ဆိုင်ရာ ပါမောက္ခချုပ်နှင့် ပါမောက္ခများပါဝင်၍ စာတမ်းများ ဖတ်ကြားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နေဆဲကာလအတွင်း ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်ရာတွင်၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျွမ်းကျင်လုပ်သား ၁၁၆၅ ဦး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၁ ခု၊ Assessor ကိုးဦးနှင့်Inspector ၂၂ ဦးတို့ကို Online ဖြင့် ပထမဆုံးအကြိမ် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခြင်းဖြစ်ကြောင်း။

## ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်မည်

NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယနေ့အထိ အလုပ်အကိုင် အမျိုးပေါင်း ၃၀ အတွက် အောင်မြင်သူ ကျွမ်းကျင်လုပ်သား ၁၆၅၁၉ ဦးရှိကြောင်း၊ ယခုအခါ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၃၀၀၀ စစ်ဆေးအကဲဖြတ်ရန် လျာထားသတ်မှတ်ထားသည့်အတွက် New Normal နှင့်ကိုက်ညီသည့် စစ်ဆေးအကဲဖြတ်မှုများကို ယခု ဇန်နဝါရီမှစတင်ပြီး ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိစစ်ဆေးအကဲဖြတ်ရေးဌာနများတွင် တစ်ကြိမ်လျှင် ဖြေဆိုသူ ၂၀ သတ်မှတ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာ့အလုပ်အကိုင်လောကတွင် လုပ်ကိုင်ရမှုပုံစံများ လျင်မြန်စွာ ပြောင်းလဲလာပြီး ကာယလုပ်သားလိုအပ်ချက်ထက် ဉာဏလုပ်သားလိုအပ်ချက် များလာနိုင်သောကြောင့် အလုပ်အကိုင်အသစ်များတွင် ကျွမ်းကျင်မှုကူးပြောင်းဆောင်ရွက်နိုင်ရန်လိုအပ်သည့် ကျွမ်းကျင်မှုအသစ်များ ကြိုတင်ဖြည့်ဆည်းထားနိုင်ရေး အပတ်တကုတ်ကြိုးပမ်းအားထုတ်ရန်လိုကြောင်း၊ လုပ်သားများအနေဖြင့် နိုင်ငံတော်မှ ဘဏ္ဍာငွေအကုန်အကျခံပြီး ဆောင်ရွက်ပေးနေသည့် ကာလတွင် မိမိတို့ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ် အသိအမှတ်ပြုခံနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ အလုပ်ရှင်များအနေဖြင့်လည်း လုပ်သားများကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခံနိုင်ရေး ပူးပေါင်းပါဝင်စေလိုကြောင်း၊ ယနေ့ဒစ်ဂျစ်တယ်ခေတ်တွင် လေ့လာသင်ယူမှုများ လက်လှမ်းမီလာပြီး သင်ယူလိုစိတ်ရှိပါက အလွယ်တကူ ဝင်ရောက်လေ့လာနိုင်ရေး အဘက်ဘက်မှစီစဉ်ဖန်တီးပေးလျက်ရှိကြောင်း၊ NSSA မှ NSSA Web Portal ကို တည်ထောင်ထားပြီး အလုပ်ရှင်များ၊ အလုပ်သမားများ အနေဖြင့် NSSA ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကို Web Portal မှတစ်ဆင့် အချက်အလက်များ ရယူနိုင်မည်ဖြစ်ကြောင်း။



## အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ လာရောက်နေထိုင်လုပ်ကိုင်မှု များပြားရသည့်အကြောင်းရင်း ဆန်းစစ်လေ့လာမှုစစ်တမ်းအစီရင်ခံစာအရ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ ရွှေ့ပြောင်းလာသည့် အလုပ်သမားများတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အများဆုံး ရွှေ့ပြောင်းလာရောက်ကြကြောင်း၊ အမျိုးသမီးရွှေ့ပြောင်းလုပ်သား၅၀ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ လုပ်သားအများစုသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြီးမြောက်သူ များကြောင်း၊ အထည်အလိပ်နှင့် အထည်ချုပ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်သူများကိုတွေ့ရှိရသဖြင့် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု ကိုဗစ်-၁၉ ကာလအတွင်း အထည်ချုပ်စက်ရုံ၊ အလုပ်ရုံအချို့တွင် အလုပ်သမား လျှော့ချမှုများရှိရာ လျှော့ချခံရသော အလုပ်သမားများအတွက် ယခုကာလအတွင်း အထည်ချုပ်ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေးစီစဉ်ခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ စိစစ်အကဲဖြတ်ခံယူ၍ အထည်ချုပ်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ရယူထားခြင်းများဆောင်ရွက်ထားရန်လိုကြောင်း၊ မြန်မာ့စီးပွားရေးကုစားမှုနှင့် ပြန်လည်ထူထောင်ရေး အစီအမံနှင့်အတူ ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် အဆင်သင့်ဖြစ်နေစေရေးကိုလည်း အလုပ်သမားများ၊ အလုပ်ရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ဆက်စပ်ဝန်ကြီးဌာနများက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း။

## ကြိုတင်သုတေသနပြု

အနာဂတ်အလုပ်အကိုင်သစ်များတွင် Green Economy ကို အထောက်အပံ့ဖြစ်စေသော Green Skills များ၊ New Skills များပါဝင်သော အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် ခေတ်သစ် ဒစ်ဂျစ်တယ်နည်းပညာများနှင့် ယှဉ်တွဲနေသော အလုပ်အကိုင်များ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများမှ ဝင်ရောက်လာသော အလုပ်အကိုင်များ၊ ကျွမ်းကျင်မှုကွာဟချက် ကြိုတင်သုတေသနပြုပြီး သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဖော်ထုတ်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုံစံသစ်ပြောင်းလဲဆောင်ရွက်နေသည့် လက်ရှိကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် ကျွမ်းကျင်လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး NSSA က အသိအမှတ်ပြုပေးသည့် အလုပ်အကိုင်အလိုက် အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို လုပ်သားများအား ပိုမိုပေးအပ်နိုင်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး (ဝဲပုံ)၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသိအမှတ်ပြုလက်မှတ်ရရှိသည့် Assessor များ၊ Assessment Center များမှ ကိုယ်စားလှယ်များ၊ အသိအမှတ်ပြုလက်မှတ်ရရှိသည့် ကျွမ်းကျင်လုပ်သားများ၏ ကိုယ်စားလှယ်များကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ Inspector အသိအမှတ်ပြုလက်မှတ်ရရှိသူများကိုယ်စား အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က NSSA နှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အလုပ်ရှင်ကိုယ်စားလှယ်နှင့် ဖြေဆိုအောင်မြင်ခဲ့သည့် လုပ်သားများကိုယ်စား လုပ်သားကိုယ်စားလှယ်တို့က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ NSSA မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီနှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီမှ တာဝန်ရှိသူများ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု “စံ” သတ်မှတ်ရေးကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများမှ တာဝန်ရှိသူများ၊ အသိအမှတ်ပြုလက်မှတ်ရယူကြမည့် Inspector များ၊ Assessor များ၊ စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် ကျွမ်းကျင်လုပ်သားများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါ နမ့်ဟူးနွဲ့ဒေသကို ခရီးသွားလုပ်ငန်းအဖြစ် ပိုမိုထင်ရှားလာစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေ

**သီပေါ ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နမ့်ဟူးနွဲ့ကျေးရွာသည် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး သဘာဝအရင်းအမြစ်များနှင့် ကျောက်စိမ်းမြဆင်းတုတော်၊ သာယာလှပသော ရေတံခွန်များ တည်ရှိသဖြင့် လူများစိတ်ဝင်စားပြီး ဘုရားဖူးရင်း အပန်းဖြေစရာနေရာတစ်ခုအဖြစ်ထင်ရှားကာ လာရောက်သူများ များပြားလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ကာလအတွင်း လူစုလူဝေးမဖြစ်စေရေးအတွက် ယာယီပိတ်ထားရာမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကြိုတင်ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ အကန့်အသတ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နမ့်ဟူးနွဲ့အထက်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ အရှင်သူမြတ်သည် ဘုရားဖူးများ အခက်အခဲမရှိစေရန် ရည်ရွယ်၍ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားဆင်းတုတော်များ စံပယ်ရာသို့ အမြင့် ခြောက်ပေ၊ အရှည် ၁၀၀၂ ပေရှိ လူကူးတံတားကိုလည်းကောင်း၊ ကျောက်စိမ်းမြဆင်းတုတော် ဖူးမြော်ရန် အမြင့် ၇၅ ပေရှိ မှန်တံတားကို လည်းကောင်း၊ သဘာဝရေတံခွန်များကို အပန်းဖြေကြည့်ရှုနိုင်ရန်နှင့် ရေချိုးနိုင်ရန်တို့ကို လည်းကောင်း၊ ခရီးသွားလုပ်ငန်းအဖြစ် ပိုမိုထင်ရှားလာစေရန် ဆရာတော်က ဦးဆောင်ဦးရွက်ပြုကာ တပည့် ဒါယကာ၊ ဒါယိကာမများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သဘာဝအရင်းအမြစ်များနှင့် ပြည့်စုံလျက်ရှိသည့် နမ့်ဟူးနွဲ့ဒေသကို ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းနှင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ(လားရှိုး) နှင့် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းလေ့လာ ကြည့်ရှုကြသည်။



အဆိုပါ ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပေးခြင်းအားဖြင့် ကျေးရွာရှိ ဒေသခံပြည်သူများ လူမှုစီးပွားရေး တိုးတက်လာမည်ဖြစ်ပြီး မြို့နယ်အနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှု တစ်ခု ရရှိလာမည်ဖြစ်သည်။ လာရောက်လည်ပတ်သည့် ခရီးသွားများအနေဖြင့် သီပေါမြို့နယ်၌ရှိသော ရှမ်းတိုင်းရင်းသားများ၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများကို တွေ့မြင်လေ့လာနိုင်မည် ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ဘီးလင်း၌ ရေပေးရေးနှင့် ကုန်ထုတ်လမ်းတံတားလုပ်ငန်း ဆောင်ရွက်ရန် မိတ်ဆက်ရှင်းလင်း

**ဘီးလင်း ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါအောင်ကုမ္ပဏီများက ဆောင်ရွက်မည့် ရေပေးရေး၊ ကုန်ထုတ်လမ်းတံတားလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က တင်ဒါလုပ်ငန်းဆောင်ရွက်ရာတွင် ကုမ္ပဏီမှ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းထောစံက အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါအောင်ကုမ္ပဏီများမှ လုပ်ငန်းစတင်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စိုက်ပျိုးရေး အသိပြန့်ပွားရေး

ကိုရဲ (စိုက်ပျိုးရေး)

**စိုက်ပျိုးရေးအတတ်ပညာ၊ နည်းပညာများကို ရက်တိုသင်တန်း တက်ရောက်ခဲ့ကြသူများဖြစ်စေ၊ နှစ်ကာလတစ်ခုအထိ သင်တန်းတက်ရောက်ပြီး အောင်လက်မှတ်ရရှိသူများ၊ ဘွဲ့အဆင့်ဆင့်ရရှိခဲ့ကြသူများ အားလုံးနီးပါးသည် တတ်သိ၊ သိရှိခဲ့သော စိုက်ပျိုးရေးအတတ်ပညာ အသိ၊ သိရှိမှုများကို ပြန်လည်မျှဝေ ဖြန့်ပေးလိုစိတ်ရှိကြသူများ ဖြစ်ကြပါသည်။**

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်း အမျိုးမျိုး ကြုံတွေ့နေကြချိန်တွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ခုနှင့်တစ်ခု အနည်းငယ် ဝေးကွာသွားကြမည်ဟု ထင်မိပါသည်။ သို့သော် ဆက်သွယ်ရာတွင် တစ်ဦးနှင့်တစ်ဦး မထိတွေ့၊ မနီးကပ်ဘဲနှင့် ဆက်စပ်ပြန့်ပွားနိုင်သော၊ ခေတ်မီ ဆက်သွယ်ရေးနည်းပညာများ ရှိနေခဲ့ပါသည်။ အထူးသဖြင့် လက်ကိုင်တယ်လီဖုန်းများဖြင့် စိုက်ခင်းမှ ကြုံရသမျှ အခက်အခဲများကို စိုက်ပျိုးရေးကောစင်တာသို့ ဆက်သွယ်မေးမြန်းနိုင်ကြသလို ကျရောက်နေသည့် ပိုးမွှားရောဂါများကို ဓာတ်ပုံရိုက်ပို့ပြီး မေးကြ၊ ဖြေကြ နှီးနှောဖလှယ်နိုင်ကြပြီး ဒီလို လုပ်လိုက်ပါ၊ ဒီနည်းနဲ့ ကာကွယ်ပါ၊ ဒါက ပိုးကျတာ၊ ဒါက အပင်မှာ ရောဂါဖြစ်နေတာ စသည်ဖြင့် ဆက်သွယ်ပြောနိုင်ကြပြီး များပြားလှစွာရှိလာနေသော အက်ပလီကေးရှင်းများ၊ ဖေ့စ်ဘွတ်ခ်အကောင့်များကို တောင်သူများ ဆက်သွယ်အသုံးပြုလာကြပါသည်။ သို့သော် အများစုမှာ အတတ်ပညာ၊ နည်းပညာနှင့် အကျိုးရှိမည့် သတင်းအချက်အလက်များ ရှာဖွေအသုံးပြုကြသည်ထက် အခြားအကြောင်းအရာများဖြင့် ဖေ့စ်ဘွတ်ခ်ပေါ်တွင် အချိန်ကုန်နေကြသည်က များနေကြသလို ထင်မိပါသည်။

ပညာပေးသည်ထက် မိမိသိရှိပြီး စိုက်ပျိုးရေးအသိပြန့်ပွားရေးလုပ်သည်က ပညာတွေ ပေးနေသည်ထက် ပိုသင့်လျော်ပါမည်။ စိုက်ပျိုးရေး တိုးချဲ့နည်း ပညာပေးရေးဆိုသော စကားလုံးကို သုံးပြီး "ပညာပေး"ဆိုသော စကားကို မသုံးလိုပါ။ တောင်သူမှာလည်း တောင်သူအသိပညာရှိ၍ စိုက်ပျိုးရေးပညာ သင်ကြားတတ်မြောက်ပြီးသူများကလည်း တောင်သူထံမှ ပညာယူနေကြရပါသေးသည်။ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ခြင်းပြုလုပ်မှု၊ သူ့အသိကိုယ်ယူ၊ ကိုယ့်အသိ သူယူ မျှဝေကူကြမည်။

ကျွန်တော်သိသမျှ စိုက်ပျိုးရေးပညာဖြန့်ဝေရာတွင် နည်းလမ်းများစွာ ရှိနေပါသည်။ ကျွန်တော်တို့က တောင်သူများကို ဦးတည်၍ သိသမျှ ဖြန့်ဝေ၊ မျှဝေခြင်းဖြစ်သဖြင့် အခြေခံများကို အဓိက ဖြန့်ဝေပါသည်။ တောင်သူအတွက်ဖြစ်ပါသည်။ တတ်သိပြီးသူများအတွက်ကတော့ တိုးတက်ပြောင်းလဲလာသော၊ ရပ်တန့်မနေသည့် စိုက်ပျိုးရေးနည်းပညာများကို ဌာန၊ သုတေသနနှင့် စိုက်ပျိုးရေးတက္ကသိုလ်များမှ ဖြန့်ဝေမှု၊ မိမိကိုယ်တိုင်လေ့လာရှာဖွေမှုတို့မှ ဆက်လက်ပညာယူနေကြရပါဦးမည်။ ထိုမှ သိသမျှ စိုက်ပျိုးသူများထဲ ရိုးရိုးရှင်းရှင်း နားလည်လွယ်သော၊ ရေးသားပြောကြား၊ ထိတွေ့၊ ပြသနေကြရပါဦးမည်။

စိုက်ပျိုးရေးအသိပညာဖြန့်ဖြူးမှုတွင် ဌာနအနေဖြင့် နည်းလမ်းမျိုးစုံ ကျင့်သုံးပြုလုပ်ခဲ့ကြပါသည်။ အဓိကမှာ စိုက်ပျိုးရေးသုတေသနမှ တွေ့ရှိသော မျိုးကောင်း၊ နည်းစနစ်ကောင်းများကို တောင်သူကြီးများက ယုံကြည်လက်ခံပြီး လိုက်နာကျင့်သုံးကြသည်အထိ ရှေ့ဆောင်လမ်းပြ၊ ပညာမျှဝေသည့် လုပ်ငန်းဖြစ်သဖြင့် သိစေလိုသော နည်းပညာများကို တောင်သူက ရှင်းရှင်းလင်းလင်း နားလည်စေရန် မရှုပ်ထွေးအောင် ဒေသစကား ၊ ဒေသခံတွေအသိနှင့် ကိုက်ညီအောင် ပြုလုပ်ပေးနိုင်မှုသည် အရေးကြီးပါသည်။ တောင်သူများ နားမလည် မရှင်းလင်းသော ရှုပ်ထွေးမှုများ၊ လက်ခံနိုင်သော အသိထက် ပိုလွန်းသည်များကို ရှောင်ရှားကြရပါသည်။



စိုက်ပျိုးရေးပြတိုက်အဝင်ဝရှိ မြေပဒေသာမိသားစု ရုပ်စုံပန်းပု

### အချိန်သင့်၊ အချိန်ကိုက် ပြန့်ပွားပေး

ထို့ကြောင့် စေတနာလိုသည်။ တောင်သူတွေ အကျိုးရှိပါစေ၊ ကောင်းစားကြပါစေ၊ ကုသိုလ်ရသည့် ဖြူစင်သော စေတနာ ရှိရပါသည်။ မိမိကိုယ်တိုင်ကလည်း စာတွေ့လက်တွေ့ကျွမ်းကျင်မှုရှိရပါမည်။ ဤအဖြေကို ဝီရိယထား၍ အချိန်မဆွဲဘဲ အချိန်သင့်၊ အချိန်ကိုက် ပြန့်ပွားပေးရပါမည်။ ကျွန်တော်၏ အတွေ့အကြုံများအရ တောင်သူကြီးများ စိုက်ခင်းထဲတွင် လက်တွေ့သရုပ်ပြသစိုက်ပျိုးခြင်းက တစ်နည်း၊ ပြောဟောခြင်းက တစ်နည်း၊ စာရွက်စာတမ်း ဝေငှခြင်းက တစ်သွယ်၊ ပြပွဲ၊ ပြိုင်ပွဲ ပြသခြင်းနှင့် ရုပ်ရှင်၊ ရုပ်သေး၊ ဓာတ်ပုံ၊ ဗီဒီယို၊ ဇာတ်လမ်းတို ပြသပြောဟောခြင်းက တစ်ဖုံ၊ စိုက်ပျိုးရေးပြခန်း၊ ပြပွဲများ၊ ရန်ကုန်မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်ကဲ့သို့ ခင်းကျင်းပြသခြင်းနှင့် ဒူးတိုက်ဆွေးနွေးခြင်းက တစ်နည်းဟု ရှိခဲ့ဖူးပါသည်။ နောက်ဆုံးနည်း ဒူးတိုက်ဆွေးနွေးပွဲကတော့ ဤကာလ (ကိုဗစ်-၁၉ ကြောင့်) မဖြစ်နိုင်တော့ပါ။ ကျေးလက်တောရွာများတွင် နေထိုင်မှုစနစ်၊ လယ်ယာလုပ်ငန်းခွင်၏ သဘောအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသည် မြို့ကြီးပြကြီးများလောက် မပြင်းထန်သည်ကို တွေ့ရှိနေရသော်လည်း ကာကွယ်တားဆီးရေး လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးသတိ ရှိသင့်သည်ကို မမေ့သင့်။

**“စိုက်ပျိုးပညာပေးစာရွက်၊ လက်ကမ်းစာစောင်မျိုးစုံ ပုံနှိပ်ဖြန့်ဝေခြင်းကလည်း ရုပ်ရှင်ပြသခြင်း၊ ဗီဒီယိုပြသခြင်းကဲ့သို့ အခြေခံ စာတတ်စာဖတ်တတ်သူများနှင့် တစ်ဆင့်စာတတ်သူမှ စာမတတ်သူကို ပြောပြခြင်းများလည်း တစ်နည်း ထိရောက်ပါသည်။ ဌာနမှ စာစောင်ထုတ်ဝေဖြန့်ချိမှုက အလွန်ထိရောက်ပါသည်။ စာနည်းနည်းပုံများများဖြင့် လက်ကမ်းစာစောင်က စာအုပ်ထက် ပို၍ထိရောက်မှုရှိပါသည်။ ဌာနစာစောင်လေး ကိုင်ရသည်ကိုက တောင်သူတွေမှာ ပီတိဖြစ်နေကြပါသည်”**

အိန္ဒိယနိုင်ငံတွင် လူဦးရေများပြားပါသည်။ အများစုသည် ကျေးလက်တောရွာ၊ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသူက များပါသည်။ အခြေခံပညာမှာလည်း အားနည်းကြသူများဖြစ်၍ စိုက်ပျိုးရေးအသိပညာပေးရာတွင် ရုပ်ရှင်ပြသခြင်း၊ သူတို့၏ လယ်ကွင်းတွင် လက်တွေ့စိုက်ပျိုးပြသခြင်း၊ ပြောဟောခြင်းက ပိုပြီးထိရောက်ခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရသည်မှာ ယခုအခါ အိန္ဒိယ တောင်သူလယ်သမားအများစုသည် လက်ကိုင်တယ်လီဖုန်းဖြင့် ကြည့်ရှုဆက်သွယ်၊ မေးမြန်းအဖြေရှာလုပ်ကိုင်နေကြပါပြီ။ ဖိလစ်ပိုင်နိုင်ငံတွင် တောင်သူအများစုသည် ခေတ်မီစာတတ်ကြပါသည်။ အင်တာနက်အသုံးပြုကြသည်။ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးပြတိုက်သည် ခေတ်မီပြတိုက်ဖြစ်သဖြင့် တောင်သူကြီးများ လာရောက်ကြည့်ရှုရာ၊ နည်းပညာရယူရာ၊ ဆွေးနွေးရာ နေရာကြီး တစ်ခုဖြစ်သည်ကိုလည်း လေ့လာဖြစ်ခဲ့ရဖူးပါသည်။

ကိုဗစ်ကာလတွင် ယခင်လို လုပ်ငန်းများ လုပ်ကိုင်ရမှု အခွင့်အလမ်း နည်းပါးခဲ့သဖြင့် ရှေ့ခရီး တွင်စေမည့် နည်းလမ်းသစ်များကို ပုံမှန်ရေရှည် ပြောင်းလဲကျင့်သုံးလာကြရပါတော့မည်။ သီးနှံစိုက်ပျိုးရေးကလည်း စားနပ်ရိက္ခာအတွက် မရှိမဖြစ် ရှိနေသဖြင့် စိုက်တဲ့သူကလည်း စိုက်နေကြရပါဦးမည်။ စိုက်ပျိုးသူတောင်သူများထံ နည်းသစ်၊ စနစ်သစ်၊ မျိုးသစ်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှု နည်းသစ်များကိုလည်း ဖြန့်ဝေပြန့်ပွားပေးနေရဦးမှာလည်း မလွဲမသွေ ရှိနေပါဦးမည်။

### အသိပြန့်ပွားရေးစင်တာကြီး

ဟိုယခင်ကာလ စပါးအပါအဝင် အဓိက စားသုံးသီးနှံ အချို့ကို အထွက်တိုးပြုလုပ်ခဲ့စဉ် ကာလကြီးတွင် တောင်သူလယ်သမားများနှင့် ဌာနဝန်ထမ်းများ၏ ရင်းနှီးဆက်ဆံမှုသည် အထူးအောင်မြင်ခဲ့ပါသည်။ ဝန်ထမ်းများသည် တောင်သူနှင့်အတူ ရွာမှာ နေထိုင်ကြသည်။ စားသောက်ကြသည်။ လယ်ထဲဆင်းကြသည်။ ကြုံလာရသမျှ ပြဿနာချက်ချင်းဖြေရှင်းကြသည်။ အထွက်တိုးစခန်းများသည် ရွာ၏ တောင်သူ့တဲ၊ တောင်သူ့ဘုံရိပ်သာ၊ တောင်သူတွေအနားယူရာ၊ ဆွေးနွေးခန်းမ၊ လူမှုရေးနှင့်သာရေးကိစ္စ၊ အလှူမင်္ဂလာခန်းမဖြစ်ခဲ့ကြသည်။ ယခုတော့ လွမ်းစရာလေးတွေ ကျန်ခဲ့ပါပြီ။ အထွက်တိုး စခန်းများသည် စိုက်ပျိုးရေးအသိပြန့်ပွားရေးစင်တာကြီးဖြစ်ခဲ့ပါသည်။ အချို့များ သံယောဇဉ်အမျှင်တန်း၍ ကျေးရွာများတွင် အိမ်ထောင်ကျနေထိုင်နေခဲ့ကြပါသည်။ တချို့လည်း ရွာမှ မြို့သို့ ပါလာခဲ့ကြပါသည်။ ညအခါ လထိန်ထိန်သာမှာ ကောက်ရိုးပုံထဲ အိပ်ခဲ့ကြရသည်။ ရေမရ၍ ညဘက်မှောင် မှောင် လက်နှိပ်ဓာတ်မီးနှင့် ငါးဖမ်း၊ မြောင်းပိတ်သူများ လိုက်ရှာရ၊ မြွေမကြောက် ကင်းမကြောက် ရန်ပြုမှာ မကြောက် လုပ်ကိုင်ခဲ့ကြပါသည်။ ဌာန၏ စိုက်ပျိုးရေး၊ ပြန်ကြားရေးဌာနစိတ်မှ တောင်သူအကြိုက် ရုပ်ရှင်ဇာတ်ထုပ်များ မြို့ပေါ်မှ ငှားရမ်းလာပြီး ပြသလျှင် ရုပ်ရှင်မပြခင် လူတွေက ပိတ်ကားထောင်ကတည်းက စုပြုံလာနေကြပြီး ဇာတ်ကားမပြခင် ဟောရ ပြောရ၊ ခဏနေ ရုပ်ရှင်ပြ၊ တစ်ဝက်တစ်ပျက် ကောင်းခန်းရောက်လျှင် ခဏရပ်၊ စိုက်ပျိုးရေးအကြောင်း မိုက်နှင့်ပြော၊ ခဏနေ ရုပ်ရှင်ထပ်ပြနှင့် မိုးအလင်း ဇာတ်ကားသုံးကားခန့် ပြကြရသည်။ ကျေးရွာလူထုမှာ ပြောဟောခြင်းထက် ဆွေးနွေးခြင်း ပိုကြိုက်ကြသည်။ ရာသီအလိုက် ပြိုင်ပွဲ၊ ပြပွဲ လာရောက်ပြုလုပ်ပေးလျှင် နှစ်ခြိုက်ကြသည်။ စိုက်ခင်းထဲမှာ ဆွေးနွေးမှုဖြင့် စိုက်ပျိုးရေးအသိဖလှယ်နိုင်သကဲ့သို့ တောင်သူများ၏ စိုက်ပျိုးရေးပြဿနာအခက်အခဲတို့ကို တန်းသိနိုင်ပါသည်။

စိုက်ပျိုးပညာပေး စာရွက်၊ လက်ကမ်းစာစောင်မျိုးစုံ ပုံနှိပ်ဖြန့်ဝေခြင်းကလည်း ရုပ်ရှင်ပြသခြင်း၊ ဗီဒီယိုပြသခြင်း ကဲ့သို့ အခြေခံ စာတတ် စာဖတ်တတ်သူများနှင့် တစ်ဆင့် စာတတ်သူမှ စာမတတ်သူကို ပြောပြခြင်းများလည်း တစ်နည်း ထိရောက်ပါသည်။ ဌာနမှ စာစောင်ထုတ်ဝေ ဖြန့်ချိမှုက အလွန်ထိရောက်ပါသည်။ စာနည်းနည်းပုံများ များဖြင့် လက်ကမ်းစာစောင်က စာအုပ်ထက်ပို၍ ထိရောက်မှုရှိပါသည်။ ဌာနစာစောင်လေး ကိုင်ရသည်ကိုက တောင်သူတွေမှာ ပီတိဖြစ်နေကြပါသည်။ သို့သော် နည်းပညာပေးစာစောင်ကို တောင်သူများ လိုသလောက် အရေအတွက် ပုံနှိပ်မဖြန့်ဝေဘဲ မြို့နယ်အဆင့်ဆင့် အုပ်ချုပ်သူလူတစ်စုအတွက်သာ မစို့မပို့ အနည်းငယ်လောက်သာ ပုံနှိပ်ဖြန့်ဝေလျှင် စာစောင်ရသူက စိုက်ပျိုးရေးအကြောင်း ကြိုတင်ဖတ်လာပြီး စာစောင်မရသည့် အများစု စိုက်ပျိုးရေးဝန်ထမ်းများကို "ဒါလေးမှ မသိဘူးလား" ဟု အဟိန်းအဟောက်ခံရမှုများလည်း ရှိခဲ့ဖူးပါသည်။

မြို့နေလူထုကလည်း တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက်ပျိုးစားသုံးလိုကြသည်။ မြေရှိ၊ ခြံရှိသူကလည်း စိုက်ချင်၊ တိုက်တန်းတိုက်ခန်းတွင် မြေမရှိသူကလည်း စိုက်ချင်ကြသဖြင့် မြို့နေလူထုအတွက် ထိရောက်သည့် စိုက်ပျိုးပညာပေးလုပ်ငန်းအဖြစ် ပျိုးခင်းဈေးပွဲတော်၊ မြေပဒေသာ ဥယျာဉ်စိုက်ခင်း၊ ကန်တော်ကြီးပြပွဲများဖြင့် ရန်ကုန်မြို့တော်တွင် ခင်းကျင်းပြသခဲ့ကြသလို မန္တလေး၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင်၊ ဘားအံ စသည့်မြို့ကြီးများတွင်လည်း သစ်သီးဝလံ ဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲပြိုင်ပွဲနှင့် စိုက်ခင်းများ တွဲဖက်ပြသမှုများ ပြုလုပ်ခဲ့ကြရာ အချို့ပြပွဲများ တစ်လ၊ တစ်နှစ်ကြာသည်အထိ ပြသခဲ့ကြရပါသည်။ ရန်ကုန်မြို့ ကန်တော်ကြီးမြေပဒေသာဥယျာဉ်တွင် ပျိုးခင်းဈေးပွဲတော်ကို တစ်နှစ်ကျော်ကြာ ပြသ၍ ပျိုးပင်ရောင်းချ၊ စိုက်ခင်းပြသ၊ ခြံထွက်သီးနှံရောင်းချပြီး မြို့ပြစိုက်ပျိုးနည်းနမူနာအဖြစ် "အမိတို့မြို့သူ"အိမ်ရာပုံစံနဲ့ ခင်းကျင်းပြသထားသလို မြေအနည်းငယ်နှင့် စိုက်ခင်းကျယ်ကျယ် စိုက်ပျိုးထားခြင်းတို့ဖြင့် အသီးအနှံစုံ နည်းပညာစုံ ပါဝင်အောင် စိတ်ဝင်စားဖွယ် ခင်းကျင်းပြသသည့်ပွဲများကို လူအများ လာရောက်ကြည့်ကြ၊ ပျိုးပင်ဝယ်ကြ၊ သယ်ကြ၊ စိုက်ခဲ့ရသည့် ပြပွဲပုံစံပြသခြင်း ဖြစ်ပါသည်။

### တစ်ချိန်က မြေပဒေသာပွဲတော်များ

တစ်ချိန်က မြေပဒေသာပွဲတော်များ၊ ရုပ်ရှင်ဂီတနှင့် နိုင်ငံကျော် မင်းသား၊ မင်းသမီးများဖြင့် ပြဇာတ်များ၊ ကပွဲများ ပူးတွဲပြသပြီး စိုက်ပျိုးရေးနည်းပညာအပေါ် ပြည်သူများ စိတ်ပါဝင်စားလာကြစေရန် ဆွဲခေါ်ခဲ့ကြရပါသည်။ တေးဂီတအဖွဲ့ကို ဖွဲ့စည်း၍ စိုက်ပျိုးရေးတေးများ ရေးသားအသံသွင်းခဲ့ရာ ဒို့များမြေပဒေသာသီချင်း၊ ရွှေဝါထွန်းသီချင်း၊ စိုက်ပါပျိုးပါ မြေပဒေသာသီချင်း၊ ဒို့တောင်သူ သီချင်းတို့ကို ဆရာရွှေပြည်အေး၊ စန္ဒရားနီနီနှင့် ချစ်စပယ်၊ လုံမလေး၊ ဇော်မင်းလေး၊ စိမ်း-ကိုမြင့်ဆွေ၊ မိုးမင်းဝင်း ၊ ဝင်းပပတို့ ပါဝင်သည့် မြေပဒေသာ တီးဝိုင်းဖြင့် စိုက်ပျိုးရေးအသိပြန့်ပွားရေး ပြုလုပ်ခဲ့သော ရန်ကုန်မြို့ ကန်တော်ကြီး မြေပဒေသာပွဲတော်ကြီးကလည်း အမှတ်တရ ရှိနေခဲ့ပါသည်။ မြို့နေလူထုအတွက် မြေပဒေသာကျွန်း စိုက်ပျိုးရေးပြကွင်း အမြဲတမ်းပြကွက်များ ယခုတိုင်ရှိနေမှုသည် လာရောက် ကြည့်ရှု မြင်တွေ့သူတိုင်းက "စိုက်ကြည့်ဦးမှပါပဲ" ဟု အသိရှိလာကြရပါသည်။

ရုပ်မြင်သံကြား မပေါ်ခင်ကာလက အသံလွှင့်လုပ်ငန်းအဖြစ် မြန်မာ့အသံတွင် တောင်သူလယ်သမားကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ လူငယ်ကဏ္ဍ ဟူ၍ ကဏ္ဍသုံးရပ်ရှိခဲ့ရာ သက်ဆိုင်ရာဌာနများပါဝင်သည့် အသံလွှင့်ကော်မတီများ

*စာမျက်နှာ ၁၀ သို့*

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ ရေရှည်ကြံ့ခိုင်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ၏ လက်ရှိအခြေအနေနှင့် ရေရှည်ကြံ့ခိုင်ရေး ကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။ **(ယာပုံ)**



### ညှိနှိုင်းဆွေးနွေးရန် လိုအပ်

အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ပေးထားသည့် အဆောက်အအုံများ၏ လက်ရှိအခြေအနေနှင့် ရေရှည်ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးကိစ္စရပ်များသည် အလွန်အရေးကြီးသည့်အတွက် မြေပြင်တွင် လက်တွေ့ဆောင်ရွက်နေရသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်း။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိသည့် အစ္စလာမ်ဘာသာဝင်များ တစ်ဖက်နိုင်ငံသို့ အုပ်စုလိုက် တရွေ့ရွေ့ထွက်ခွာသွားခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံအတွင်း အခြေချနေထိုင်ခဲ့ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများကို ပြန်လည်ခေါ်ယူရမည်ဖြစ်ကြောင်းကို နိုင်ငံတကာသို့အသိပေးခဲ့ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီမှုအစီအစဉ်ကို ရေးဆွဲအတည်ပြု ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေရပ်စွန့်ခွာသူများ စနစ်တကျ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားနိုင်ရေးအတွက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီကို ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်တွင် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီတို့ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် အာဆီယံနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် တောင်ပြို(လက်ဝဲ)၊ ငါးခူရပြန်လည်လက်ခံရေးစခန်းများနှင့် ယာယီနေထိုင်နိုင်ရန် လှဖိုးခေါင်ကြားစခန်းများတွင် ယာယီတဲတန်းလျားများကိုလည်းကောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးချိန်တွင် ပြန်လည်နေရာချထားရေးနှင့် တစ်ဖက်နိုင်ငံသို့ထွက်ခွာခြင်းမပြုဘဲ ဒေသအတွင်း ကျန်ရှိနေသည့် နေရပ်စွန့်ခွာသူများအတွက် နေအိမ်များ၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် UEHRD က ဦးဆောင်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် မိတ်ဆွေနိုင်ငံများ၏ ကူညီထောက်ပံ့ လှူဒါန်းငွေကျပ် ၁၈ ဘီလီယံကျော် သုံးစွဲခဲ့ရပါကြောင်း။

တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအတွက် နေအိမ် ၁၈၅၄ လုံး တည်ဆောက်ပေးခဲ့ပြီး ၁၂၉၄ လုံး နေရာချထားပြီးဖြစ်ပါကြောင်း၊ နေအိမ်နှင့် တဲတန်းလျားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် UEHRD ကော်မတီ ရန်ပုံငွေမှ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော် သုံးစွဲခဲ့ရပါကြောင်း။

### ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ

အဆိုပါ အဆောက်အအုံများကို စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်ထားသည့်အတွက် ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးစခန်းများတွင် တည်ဆောက်ထားသည့် နေအိမ်များမှာ ယာယီနေထိုင်ရန်အတွက်သာ ရည်ရွယ်၍ တည်ဆောက်ထားသည့်အတွက် တစ်စတစ်စ ပျက်စီးယိုယွင်းလျက်ရှိပါကြောင်း၊ နောင်တွင် ရေရှည်အသုံးပြုနိုင်အောင် အစီအမံများဖြင့် စနစ်တကျ တည်ဆောက်ပေးရန် အရေးကြီးပါကြောင်းနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေအိမ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို အကြံပြုဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်က နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ဆိုလာမီး၊ IDP စခန်းများအတွက် လုံးချင်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအတွက် နေအိမ်များ တည်ဆောက်ရာတွင် ရာသီဥတု၊ ပထဝီအနေအထားတို့အပြင် ရခိုင်ပြည်နယ်တွင် ဒေသခံများ၏ နေအိမ်ဆောက်လုပ်ထားရှိမှု ပုံစံဒီဇိုင်းနှင့် နည်းပညာတို့ကိုပါ အခြေခံ၍ ဆောက်လုပ်ရန် လိုအပ်ပါကြောင်း၊ နေအိမ်အများစုမှာ ပြင်းထန်သည့် ရာသီဥတုဒဏ်မခံရဘဲ ပျက်စီးမှုများရှိနေ၍ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကို ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများပိတ်သိမ်းရေး မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုပါကြောင်း၊ မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပြန်လည်ဝင်ရောက်လာမည့်သူများအပြင် နယ်စပ်ခြံစည်းရိုးအနီးတွင် တရားမဝင် နေထိုင်သူများ ပြန်လည်ဝင်ရောက်လာနိုင်ရန်လည်း ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်လာမည့်သူများကို စနစ်တကျ ပြန်လည်နေရာချထားနိုင်ရန် မြေနေရာ ရွေးချယ်ခြင်း၊ နေအိမ်များ တည်ဆောက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်နယ်အစိုးရအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဘဏ္ဍာနှစ်အလိုက် စီမံကိန်းများ လျာထားဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြန်လည်လက်ခံရေးစခန်းများရှိ ယာယီတဲတန်းလျားများနှင့် ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ထားသည့် နေအိမ်များ၏ လက်ရှိအခြေအနေနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေများ၊ Cash For Work အစီအစဉ်ဖြင့် နေအိမ်ဆောက်လုပ်ပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်လက်ခံမည့် လူဦးရေစာရင်းများ စိစစ်ပြီးစီးမှု အခြေအနေများ၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ နေအိမ်များတည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးနိုင်မှု အခြေအနေများနှင့် နေအိမ်များဆောက်လုပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

### ဝိုင်းဝန်းအကြံပြု ဆွေးနွေး


ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက နေရပ်စွန့်ခွာသူများ စနစ်တကျ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ အဆောက်အအုံများ ကြံ့ခိုင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံ၏ ပြည်ပသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှုအခြေအနေ


(အမေရိကန်ဒေါ်လာသန်းပေါင်း)




ဇာစ်မြစ် : အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

မြန်မာနိုင်ငံ၏ ပြည်ပသို့ ကျောက်စိမ်းတင်ပို့ရောင်းချမှုအခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)




ဇာစ်မြစ် : အကောက်ခွန်ဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# စွမ်းအင်ကဏ္ဍ ကြီးကြပ်မှုအောက် ဦးစီးဌာန/ လုပ်ငန်းများမှ ဆောင်ရွက်နေသော လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်ကဏ္ဍ ကြီးကြပ်မှုအောက် ဦးစီးဌာန/ လုပ်ငန်းများမှ ဆောင်ရွက်နေသောလုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ COVID-19 ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။** (အောက်ပုံ)




ညှိနှိုင်းအစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများက ရုံးအမှတ် (၂၇) မှ လည်းကောင်း၊ ရေနံမြေများ၊ ရေနံချက်စက်ရုံ၊ ဓာတ်မြေသြဇာ စက်ရုံ၊ ရေနံဓာတ်ငွေ့ရည် စက်ရုံများနှင့် ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနများမှ အရာရှိများက သက်ဆိုင်ရာဒေသများမှလည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေး၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (စွမ်းအင်ကဏ္ဍ) ၏ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်မည့် အစီအမံများနှင့် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### ကျွမ်းကျင်သော ဝန်ထမ်းများရှိရန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများအပေါ် လေ့လာသုံးသပ်၍ ဌာန/ လုပ်ငန်းအလိုက် အနာဂတ်ကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မှန်ကန်သင့်လျော်သော စီမံချက်များ ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဌာနအသီးသီးတွင် လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ကျွမ်းကျင်သော ဝန်ထမ်းများရှိရန်လိုကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် အသက်ဝင်သည့် စာကြည့်တိုက်များ ထူထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနတွင်းသော်လည်းကောင်း၊ ဌာနပြင်ပ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီရယူ၍လည်းကောင်း သင်တန်းများ ပို့ချပေးရန်နှင့် သင်တန်းသားများကို လုပ်ငန်းခွင်အတွက် ပြန်လည်အသုံးချနိုင်သူ၊ စိတ်ဝင်စားသူများအား စိစစ်၍ ရွေးချယ်ရန် လိုအပ်ပါကြောင်း၊ ရွေးချယ်ပြီးသင်တန်းသားများအား စေလွှတ်သည့် သင်တန်းနှင့်စပ်လျဉ်း၍ ကြိုတင်လေ့လာသင့်သည့် အချက်များ၊ သင်တန်းသို့ စေလွှတ်သည့် ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြား၍ စေလွှတ်သွားရန် လိုအပ်ပါကြောင်း။

### လက်တွေ့ကျသည့် စီမံချက်များ ရေးဆွဲ

သင်တန်းသာမက အလုပ်ရုံဆွေးနွေးပွဲများ မကြာခဏ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများတွင် မိမိတို့နိုင်ငံသာမက အခြားနိုင်ငံများ၏ Energy Master Plan များကို လေ့လာနိုင်ရန်လိုအပ်ပါကြောင်း၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးမှုများမှတစ်ဆင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်တတ်စေမည့် နည်းလမ်းများရရှိရေး လေ့ကျင့်ပေးရန်လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အနာဂတ်တွင်သေချာသည့် အကျိုးအမြတ်ရရှိမည့် လုပ်ငန်းများအား ကြိုတင်သုံးသပ်လေ့လာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ Future Plan အတွက် ဆောင်ရွက်ခဲ့သည့်အချက်အလက်များ၊ CSO မှ လိုအပ်သည့် အချက်အလက်များကို စုစည်း၍ Analyze လုပ်ရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စွမ်းအင်အရင်းအမြစ်များကိုရှာဖွေ၍ လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ အနာဂတ်တွင်လိုအပ်မည့် စွမ်းအင်လိုအပ်ချက်များအတွက် စီမံချက်များအား ကာလတို (၃ နှစ်)၊ ကာလလတ် (၈ နှစ်) နှင့် ကာလရှည် (၁၅ နှစ်) လက်တွေ့ကျသည့်စီမံချက်များ ချမှတ်ရေးဆွဲ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုစီမံချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် နည်းပညာအရ အသင့်ဖြစ်နေရန် လိုအပ်ကြောင်း၊ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များ ငှားရမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း။

### ပြည်သူများ ယုံကြည်မှုရရှိရေး

ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၏ မဟာဗျူဟာများ၊ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကိုလည်း သိရှိလေ့လာထားရန် လိုအပ်ကြောင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပါက ခိုင်မာသောအစီရင်ခံစာများနှင့် ကြိုတင်တွေးတောကြံဆချက်များအား ချပြနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံအတွက် လိုအပ်ချက်နှင့်ကိုက်ညီ၍ အရည်အသွေးကောင်းမွန်သည့် ယူရီးယားများကို ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝယ်ယူသုံးစွဲသည့် ပြည်သူများ၏ ပကတိဈေးကွက်အခြေအနေကို လေ့လာသုံးသပ်သင့်ပါကြောင်း၊ Future Plan များကို Financial Plan ကြောင့် နှောင့်နှေးမှုများမဖြစ်စေရန် လက်တွေ့ကျကျ သုံးသပ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်းနှင့် လုပ်ဖော်ကိုင်ဖက်များကို ဦးဆောင်ပေးတတ်စေမည့်သူများ စနစ်တကျ ရွေးချယ်မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခင် အတွေးအခေါ်အယူအဆများအား ယခုမှစ၍ ပြောင်းလဲပြီး ပြည်သူများယုံကြည်မှုကို အပြည့်အဝ ရရှိစေရေး ပြည်သူများ၏အမြင်၊ ပြည်သူများ၏ အကြံပြုချက်များအား အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံတကာတွင်အောင်မြင်နေသော စီးပွားရေးကုမ္ပဏီများမှ လေးစားရသော လုပ်ငန်းဌာနများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တတိယမြောက် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်လိုင်စင် ထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေး အစီအစဉ်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Foreign Bank Branches) ကိုသာ ခွင့်ပြုပေးခဲ့သော်လည်း တတိယအကြိမ် နိုင်ငံခြားဘဏ်ရွေးချယ်ရေးအစီအစဉ်တွင် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်များ (Foreign Bank Subsidiaries) ကို စတင်ခွင့်ပြုပေးခဲ့သည်။

တတိယမြောက် နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် ထိုင်းနိုင်ငံမှ Siam Commercial Bank Myanmar Limited ကို နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်လိုင်စင် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားဘဏ် လက်အောက်ခံဘဏ်များသည် ပြည်တွင်းဘဏ်များနည်းတူ ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ ပုဒ်မ (၅၂) ပါ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၇ ခု နှင့် တန်းတူပြည်သူလူထုကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

နိုင်ငံခြားဘဏ်များ၏ နိုင်ငံတကာအဆင့်မီ ခေတ်မီနည်းပညာအရ ဘဏ်လုပ်ငန်းများကို လည်းကောင်း၊ ယှဉ်ပြိုင်လုပ်ကိုင်မှုဖြင့် တိုးတက်လာမည့် ပြည်တွင်းဘဏ်များ၏ ရလဒ်ကောင်းများကိုလည်းကောင်း ဘဏ်နှင့်ဆက်နွှယ်သူ ပြည်သူများမှခံစားရရှိပြီး ဘဏ်လုပ်ငန်း နည်းပညာ တစ်ခေတ် ထပ်မံဆန်းသစ်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကမ်းလွန်လုပ်ကွက်အမှတ် M-5 နှင့် M-6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M–5 နှင့် M–6 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Jack–Up Drilling Rig, COSL BOSS (Call Sign: 9V5684) ဖြင့် WP2 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၉ ဒသမ ၅၆၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၁ ဒသမ ၇၂၈ စက္ကန့်၊ WP4 Platform တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၇ ဒသမ ၃၃၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂ ဒသမ ၇၉၂ စက္ကန့်တို့တွင် (၁–၂–၂၀၂၁) ရက်နေ့မှ (၃၀.၆.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ (၁–၂–၂၀၂၁) ရက်နေ့မှ (၃၀–၆–၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ရေမိုင် ၅ မိုင် ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

---

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

---

## ငါန်းဇွန်မြို့နယ်၌ နှာခေါင်းစည်း လှူရှားမှုပြုလုပ်

**ငါန်းဇွန် ဇန်နဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရဲတပ်ဖွဲ့ မြို့သာနယ်မြေ စခန်းမှူး ရဲအုပ် ကျော်ဇော်လင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက်က မြို့သာမြို့ပေါ်တွင် နှာခေါင်းစည်းများ အခမဲ့ပေးဝေခဲ့သည်။ **(ယာပုံ)**



အလားတူ ငါန်းမြာကြီးရဲစခန်း၊ ငါန်းဇွန်ရဲစခန်း နယ်မြေများ၌လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းလှူရှားမှုအဖြစ် ငါန်းဇွန်ဒေသခံများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**ငွေးမြင့်မောင်**

---

*✻ ကျောဖုံးမှ*

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးက အင်းတော်ကြီးကန်သည် မြန်မာနိုင်ငံတွင် အကြီးဆုံးကန်ဖြစ်ပြီး အရှေ့တောင်အာရှတွင်လည်း တတိယအကြီးဆုံးဖြစ်ကာ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့်အတွက် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် အင်းတော်ကြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအစည်းအဝေးကို အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် Fauna and Flora International – FFI တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ကမ်းခြေဒေသဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ခရီးသွားဝန်ဆောင်မှုများနှင့် ခရီးစဉ်ဖော်ဆောင်မည့် အခြေအနေများ၊ အင်းတော်ကြီးဇီဝအဝန်းနယ်မြေအတွင်းရှိ အိမ်မွေးဆင်များ ထိန်းသိမ်းရေးနှင့် ဆင်ထိန်းသိမ်းရေး အခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ရေး၊ ဇီဝအဝန်းနယ်မြေအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ၊ အင်းတော်ကြီးဒေသ Destination Management Plan များ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်ထွေး (မိုးညှင်း)**

# တစ်ချိန်က ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီး ဦးကာ

ခင်မောင်ဌေး(ပညာရေး)

**အရှေ့တောင်အာရှတွင် ထွန်းလင်းတောက်ပခဲ့သည့် ရန်ကုန်တက္ကသိုလ်ကြီးသည် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် နှစ် ၁၀၀ ပြည့်ခဲ့သည်။ ရာပြည့်အထိမ်းအမှတ်အဖြစ် အခမ်းအနားများကို လူစုလူဝေးဖြင့် စည်ကားသိုက်မြိုက်စွာ မကျင်းပနိုင်ခဲ့သော်လည်း အွန်လိုင်းမှ တတ်နိုင်သမျှ ခင်းကျင်းပြသနိုင်ခဲ့သည်။ ယင်းတို့တွင် လူအများစိတ်ဝင်စားကြသည်မှာ ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ရာပြည့်အမှတ်တရတက္ကသိုလ်သီချင်း(၁၀၀)ပင်ဖြစ်သည်။ တိမ်မြုပ်နေသည့် သီချင်းများ၊ မူရင်း တေးသံရှင်အချို့ကိုပါ စင်တင်ဖျော်ဖြေခွင့်ရခဲ့၍ ကိုဗစ်ကာလ အိမ်တွင်းပုန်းရင်း အတန်ပင် အပန်းပြေခဲ့ရလေသည်။ စာအုပ်စာစောင်အချို့ ထွက်ခဲ့သော်လည်း ကိုဗစ်ကာလဖြစ်၍ လူထုကြားသို့ သိပ်မရောက်ခဲ့။ စာပေပြိုင်ပွဲအချို့ပြုလုပ်ကာ အွန်လိုင်းမှ ဆုပေးနိုင်ခဲ့သည်ကို တွေ့ရသည်။**

ရန်ကုန်တက္ကသိုလ်၏ သမိုင်းအစသည် ကိုလိုနီကျွန်ပညာရေးစနစ်ကို စတင်သပိတ်မှောက်ခဲ့သည့် ၁၉၂၀ ပြည့်နှစ်မှပင် စခဲ့သည်။ ကျွန်ပညာရေးစနစ်ကို အလိုမရှိ၍ တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားအားလုံး ပါဝင်ဆင်နွှဲခဲ့ရာ အမျိုးသားကျောင်းများ ပေါ်ထွန်းလာခြင်း၊ မျိုးချစ်စိတ်ဓာတ်များ ပေါ်ပေါက်လာပြီး နိုင်ငံရေးနိုးကြားလာခြင်းသည် ထင်ရှားသော အနှစ်သာရများပင်ဖြစ်သည်။ ကျွန်ပညာရေးကို တွန်းလှန်ရာတွင် နိုင်ငံသားအားလုံး၏ မကွဲပြား မခွဲခြားသောစိတ်ဖြင့် တက်ညီလက်ညီ ပါဝင်ခဲ့ခြင်းမှာလည်း သမိုင်းက သက်သေဖြစ်သည်။



ပါမောက္ခချုပ် ဆရာကြီး ဦးကာ

၁၉၂၀ ကျောင်းသားသပိတ်တွင် သပိတ်မှောက် ကျောင်းသား ၁၁ ဦးက စခဲ့သည်။ ယင်းအဖွဲ့တွင် ဦးဘရှင် (သံတွဲ) ဘီအက်စီ အထက်တန်း-က ထိပ်ဆုံးက ပါခဲ့သည်။ ပထမဆုံး တက္ကသိုလ်ကျောင်းသားများ (တ.က.သ) ဥက္ကဋ္ဌမှာ ဦးထွန်းစိန် (၁၉၃၁-၃၂) ဖြစ်သကဲ့သို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗ.က.သ) ဥက္ကဋ္ဌမှာလည်း ဦးရာရှစ်ဖြစ်ခဲ့သည်။ ၎င်းတို့သည် မြန်မာနိုင်ငံသား မြန်မာမွတ်စလင်များ ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၏ အစဉ်အဆက် တာဝန်ယူခဲ့သည့် ပါမောက္ခချုပ်များစာရင်းကို ကြည့်လျှင်လည်း ဆရာကြီး ဦးဖေမောင်တင်ကို ပို၍ပင် ထဲထဲဝင်ဝင် သိကြမည်ထင်ပါသည်။ အကြောင်းမှာ ဆရာကြီး ဦးဖေမောင်တင်မှာ ခရစ်ယာန်ဘာသာဝင်တစ်ဦး ဖြစ်သော်လည်း မြန်မာစာပေလောကတွင် စံပြပုဂ္ဂိုလ်တစ်ဦး ပမာ များစွာအကျိုးပြုခဲ့သောကြောင့်ပင် ဖြစ်သည်။

စင်စစ် ရန်ကုန်တက္ကသိုလ် ဖြတ်သန်းလာခဲ့သည့် နှစ်ပေါင်း ၁၀၀ အတွင်း သမိုင်းခြေရာများ၊ ပြယုဂ်များ၊ မှတ်တမ်းများစွာ ရှိနေသည်သာဖြစ်သည်။ အချို့သော သမိုင်းမှတ်တမ်းများသည် တိမ်မြုပ်သွားနိုင်သကဲ့သို့ အချို့သော အမှတ်တရများမှာလည်း မှတ်တမ်းများမှ ကြွင်းကျန်နိုင်ပေသည်။ သို့ဖြစ်ရာ အနာဂတ်တွင် ဖြစ်ထွန်းပေါ်ပေါက်လာမည့် လူငယ်များအတွက် သမိုင်းမှတ်တိုင်များ များစွာ ကျန်ရစ်မနေမည်ကိုလည်း စိုးရိမ်မိသည်။

ထိုအချိန်မှာပင် တစ်ခေတ်တစ်ခါက ရန်ကုန်တက္ကသိုလ်ကြီးတွင် ပါမောက္ခချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာကြီး ဦးကာ အကြောင်းကို လူမှုကွန်ရက်တွင် တစ်ပိုင်းတစ်စ တွေ့ရသည်။ သမိုင်းမှတ်တမ်းအဖြစ် ပျောက်ပျက်သွားမည်ကို စိုးရိမ်မိသည်။ သို့ဖြစ်၍ မီဒီယာစာမျက်နှာမှတစ်ဆင့် သမိုင်းစာမျက်နှာများပေါ်သို့ ခန့်ခန့်ထည်ထည် ရောက်ရှိလာစေချင်း၎ှာ မျှဝေတင်ပြလိုက်ရပါသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်ကြီးအတွက် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အစ္စလာမ်ဘာသာဝင် ပါမောက္ခ ဆရာကြီး ဦးကာ၏ အတ္ထုပ္ပတ္တိအား တင်ပြလိုက်ပါသည်။

**မိဘမျိုးရိုး**

ဦးကာသည် ၁၈၉၄ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် မန္တလေးမြို့၌ ဖွားမြင်သည်။ မိဘများမှာ ဦးမြတ်ရှင်နှင့် ဒေါ်ဘီတို့ဖြစ်သည်။ ဦးကာသည် မင်းတုန်းမင်းတရားကြီး လက်ထက်အသုံးတော်ခံ မမစီ ညီမ မမဖီ၏ မြေးဖြစ်သည်။ အသုံးတော်ခံ မမစီကို မင်းတုန်းမင်းတရားကြီးနှင့် စကြာဒေဝီမိဖုရားကြီးတို့က အလွန်သဒ္ဓါ ယုံကြည်တော်မူကြသည်။ နန်းတော်တွင်း မိဖုရားများ၊ သားတော်သမီးတော်များ ဝတ်ဆင်ရန် စိန်ထည်အမျိုးမျိုးနှင့် မိုးကုတ်ကျောက်အမျိုးမျိုးကို အထည်ပြုလုပ် ဆက်သွင်းရသည်။

မင်းတုန်းမင်းတရားကြီးနှင့် စကြာဒေဝီမိဖုရားကြီးတို့က မန္တလေးမြို့တွင် နန်းတော်ကျုံး၏ အနောက်ဘက်နန်းတော်ကို မျက်နှာမူနေသော မြေနေရာအပါအဝင် မြေသုံးနေရာကို မမစီအား ပေးသနားတော်မူသည်။ မမစီကို မိဖုရားခေါင်ကြီးမှအစ အခြားမိဖုရားများ၊ သမီးတော်များက အလွန်ချစ်ခင်ကြသည်။ ၎င်းတို့အသုံးအဆောင်များ အနည်းငယ် ဟောင်းနွမ်းလျှင်ပင် မမစီအား ပေးလိုက်သည်။ အချိတ်ထဘီများနှင့် ကျောက်မှန်တင်ခုံကြီးများ၊ သစ်စေးသုတ်၊ ဇာတ်စုံခြယ် အဝတ်အထည်ထည့်သည့် ဂုံးသေတ္တာများ ပါဝင်သည်ဟု သိရသည်။

**ပညာရေး**

မမစီ၏ ညီမ မမဖီ၏ မြေးတော်သူ ဦးကာသည် ငယ်စဉ်က ဗုဒ္ဓသာသနာ့နုဂ္ဂဟ ကျောင်း၊ မန္တလေးစိန့်ပီတာ အင်္ဂလိပ်အထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးသည်။ ငယ်စဉ်ကပင် ပညာချွန်သဖြင့် စကောလားရှစ်ဆုများရသည်။ ၈-တန်း၊ ၉-တန်း၊ ၁၀-တန်းကို နှစ်နှစ်ဖြင့် ဖြေဆိုအောင်မြင်သည်။ ရန်ကုန်ကောလိပ်မှ ဘီအေဂုဏ်ထူးဘွဲ့ကို ၁၉၁၈ ခုနှစ်တွင်ရရှိပြီး အမ်အေဂုဏ်ထူးဘွဲ့ကို ၁၉၂၁ ခုနှစ်တွင် ရရှိသည်။

စာမျက်နှာ ၁၀ သို့



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အဘ ဦးအေးမောင်၊ အမိ ဒေါ်ဇော်တို့မှ ၁၉၅၂ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ မွေးဖွားသည်။
- အမည်ရင်း ခင်မောင်ဌေး ဖြစ်သည်။
- ၁၉၇၉ ခုနှစ်တွင် B.A မြန်မာစာနှင့် ဘွဲ့ရ၍ ၁၉၈၂ ခုနှစ်တွင် B.Ed ဘွဲ့ရခဲ့သည်။ အထက်တန်းပြဆရာအဖြစ် နှစ်ပေါင်း ၃၀ နီးပါး တာဝန်ထမ်းခဲ့သည်။
- ၁၉၇၃ ခုနှစ်တွင် စာပေနယ်သို့ရောက်သည်။ ၂၀၀၄ ခုနှစ်တွင် ရန်ကုန်တွင် အခြေချကာ စာနယ်ဇင်းများတွင် ယနေ့တိုင် ခင်မောင်ဌေး(ပညာရေး) ကလောင်အမည်ဖြင့် စာပေများ ရေးသားလျက်ရှိသည်။
- ၂၀၂၀ ပြည့်နှစ်တွင် ကမာရွတ်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ယခုအခါ ကမာရွတ်မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။
- မြန်မာစာ ချစ်မြတ်နိုးသူများအသင်း (ဗဟို)တွင် ဒု-ဥက္ကဋ္ဌ(၃)အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

- **စင်စစ် ရန်ကုန်တက္ကသိုလ် ဖြတ်သန်းလာခဲ့သည့် နှစ်ပေါင်း ၁၀၀ အတွင်း သမိုင်းခြေရာများ၊ ပြယုဂ်များ၊ မှတ်တမ်းများစွာ ရှိနေသည်**
- **အချို့သော သမိုင်းမှတ်တမ်းများသည် တိမ်မြုပ်သွားနိုင်သကဲ့သို့ အချို့သော အမှတ်တရများမှာလည်း မှတ်တမ်းများမှ ကြွင်းကျန်နိုင်**

*စာမျက်နှာ ၆ မှ*

ဖွဲ့စည်း၍ အသံလွှင့်ခဲ့ကြပါသည်။ တောင်သူလယ်သမားကဏ္ဍမှ ဟောပြောချက် ဆွေးနွေးခန်း၊ ကျေးလက်ဇာတ်လမ်း၊ ကျေးလက်တေးသီချင်းများကို လစဉ်ကော်မတီဝင်များ ဆွေးနွေးစည်းဝေးပြီး အသံလွှင့်ခဲ့ကြသည်။ ကျေးလက်တောရွာလယ်ကွင်းသို့ ခရီးထွက်မေးမြန်းကြသည်။ ရုပ်မြင်သံကြား ပေါ်လာသောအခါ ပို၍ထိရောက်လာသည်။ အသံကြားရုံမက အရုပ်ပါ မြင်တွေ့လာရ၍ ပိုကြိုက်ကြသည်။ ထို့ကြောင့် ဒေသအနှံ့ ခရီးများများထွက်၍ ရိုက်ကူးပြသကြရတော့သည်။ ဇာတ်လမ်းတိုများ ရိုက်ကူးရာတွင် "စိုက်ပျိုးစီးပွားနိုင်ငံအား" ဖြင့်စတင်ခဲ့ပြီးနောက်တွင် "စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား" ဟုထပ်မံ၍ ရိုက်ကူးထုတ်လွှင့်မှုကို စိုက်ပျိုးရေးဌာနသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပူးတွဲ၍ ဆောင်ရွက်ခဲ့သော တောင်သူ့ထံ စိုက်ပျိုးရေးအသိပညာ ပေးပို့နိုင်ခဲ့မှုက အလွန်ထိရောက်ခဲ့ပါသည်။

## စိုက်ပျိုး မွေးမြူ ဒို့ပြည်သူ

မြို့နေလူထု စိုက်ပျိုးမှုအတွက်လည်း "စိုက်ပျိုး မွေးမြူ ဒို့ပြည်သူ" အမည်ဖြင့် ၁၀ မိနစ်စာ ဇာတ်လမ်းများကို ရုပ်ရှင်၊ ဂီတပညာရှင်များနှင့် နှစ်နှင့်ချီပြီး အရေအတွက်များစွာ ရိုက်ကူးထုတ်လုပ်နိုင်ခဲ့သဖြင့် နေ့စဉ်ပြသနိုင်ခဲ့သည်။ ဝရန်တာစိုက်ခင်း၊ သံပရာသီး ကော့မိုင်၊ စိုက်တော့စားရတာပေ့ါ ၊ ရွှေချဉ်ပေါင် စသည့် ဇာတ်လမ်းများကြောင့်၊ မိသားစုတစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးလာကြမှုများ ပြုလုပ်လာကြတော့သည်။ ဤလုပ်ငန်းကို ဌာနတစ်ခုတည်းဖြင့် ပြုလုပ်၍ ခရီးတွင်သည်ထက် အခြားသောဌာနများနှင့် ဆက်စပ်ပူးပေါင်း လက်တွဲဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးအသိ ပြန့်ပွားရေးလုပ်ငန်းကို ပိုမိုထိရောက်စေခဲ့သည်။ ကျေးလက်နေလူထုထံသို့လည်း ရာသီကိုက်၊ အချိန်ကိုက် ချက်ချင်းသိ ချက်ချင်းပြုလုပ်လာနိုင်သော ထိရောက်မှု၏ စွမ်းအားကလည်းကြီးမားလှပါသည်။ ဤတွင် ကျေးလက်လူထုအတွက်ကဖြင့် ဓာတ်ခဲရေဒီယိုကလေးရှိထားသည်နှင့် ယခုလွှင့်ယခုကြားသိရတော့သည်။ တိုက်ရိုက်ထုတ်လွှင့်မှုများကြောင့် ချက်ချင်းသိ ချက်ချင်း တုံ့ပြန်နိုင်စေခဲ့သည်။



စိုက်ပျိုးရေးပြတိုက်၊ မြေပဒေသာဥယျာဉ်နှင့် ကန်တော်ကြီးအလှ။

အမေးအဖြေဆိုလျှင် တောင်သူများကျေနပ်ကြသည်။ အက်ဖ်အမ်ရေဒီယို စတေရှင်များ များစွာရှိလာကြသောအခါ တိုင်းရင်းသားဘာသာဖြင့်လည်း ပြည်နယ်များအလိုက် အသံလွှင့် အသိပေးနိုင်သည်။ ကျွန်တော်သိသမျှဆိုလျှင် ကျေးရွာအချို့တွင် ရွာထဲရှိ အပင်မြင့်ပေါ်မှ လော်စပီကာ၊ ဂေါ်လန်ကြီးချိတ်ထားပြီး တစ်ရွာလုံးကြားရအောင် ပြုလုပ်ပေးနေမှုများ ရှိနေကြောင်း၊ လက်ကိုင်တယ်လီဖုန်းရှားပါးချိန်က ဤသို့ဖြင့် ဂေါ်လန်ကြီးမှ ဘယ်သူဘယ်ဝါရေ ဖုန်းလာနေပြီ ဘယ်ကလာတာ လာပြီးပြောလှည့်ဟု ပြုလုပ်ကြသေးသည်ဟုလည်း သိရသည်။

ယခုဆိုလျှင် မြန်မာ့ရုပ်မြင်သံကြားမှ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းကို သီးသန့်လိုင်းဖြင့် တစ်နေ့လျှင် လေးနာရီစာ အစီအစဉ်အား လေးကြိမ်ပြန်လည်ထုတ်လွှင့်သည့်စနစ်ဖြင့် ထုတ်လွှင့်နေပြီဖြစ်သည်။ ရေဆင်းစိုက်ပျိုးရေး သုတေသနဌာနတွင် ရိုက်ကူးထုတ်လွှင့်ရေး စတူဒီယိုရှိနေပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှလည်း စိုက်ပျိုးရေးအစီအစဉ် ဇာတ်လမ်းများရိုက်ကူးကာ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းမှ ထုတ်လွှင့်မှုရှိနေကြပြီဟု သိရသည်။ စိုက်ပျိုးရေးကောစင်တာဖွင့်၍ တောင်သူများ မေးသမျှ သိလိုသမျှ ပြောကြားနေသည်ဟု သိရသည်။ အလွန်ကောင်းမွန်သော စိုက်ပျိုးရေးအသိ ပြန့်ပွားရေးလုပ်ငန်းဖြစ်နေသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် အချိန်ဆိုင်း၍မရ၊ အချိန်ဆွဲ၍မရဖြစ်လာ ကြုံလာရသမျှ ပြဿနာအခက်အခဲအရပ်ရပ်ကို ချက်ချင်း တုံ့ပြန်ရသည်။ ဘာနှင့်တူသနည်းဆိုသော် ကျွန်တော့်မိတ်ဆွေ ဈေးကွက်သတင်းတွေ စဉ်ဆက်မပြတ် ရေးသားနေသူ မောင်စေအောင်၏ အပြောနှင့်ရေးသားပြရလျှင် "ကြက်သွန်ဝယ်ရင် ကြက်သွန်ဥကို လက်နဲ့နှိပ်ကြည့်လိုက်၊ နံပြားလုပ်မယ့် ဂျုံလုံးလို အိဝင်သွားရင်မကောင်းဘူး၊ လေပူဖောင်းကို လက်နဲ့နှိပ်ရင် ပြန်ကန်သလို ကြက်သွန်ဥဖြစ်မှ ဝယ်ပါ" ဟု ပြောပြသလိုပါပဲ စိုက်ပျိုးရေးတွင် တောင်သူများကြုံတွေ့ရမှုအခက်အခဲသည် လေပူဖောင်းကို လက်နဲ့ဖိရင် ပြန်ကန်သလို ချက်ချင်းတုံ့ပြန်ပြောကြားဖြေကြားပေးရသော လုပ်ငန်းဖြစ်သည့် အသံလွှင့်လုပ်ငန်း (FM အပါအဝင်) ကောစင်တာ (Call Center) များက တုံ့ပြန်နိုင်ပါသည်။

စိုက်ပျိုးရေးအသိပညာပေးမှု ပြန့်ပွားရေးတွင် တောင်သူများ၊ လယ်ယာလုပ်ငန်းဝင် ကျေးလက်ပြည်သူများအား ရာသီအချိန်ကိုက် သီးနှံစိုက်ပျိုးနိုင်ရန်နှင့် မျိုးအကြောင်း၊ ပိုးအကြောင်း၊ မိုးအကြောင်း သိလိုချိန် သိရှိနိုင်ရန် စိုက်ပျိုးရေးစာပေ စာကြည့်တိုက်တစ်ခုနှင့် ဆက်သွယ်ပြန်ကြားရေးစင်တာ (Information Center)၊ သိရှိလေ့လာထားသော လေ့လာသိရှိချက်၊ သတင်းအချက်အလက်များကို ဆက်သွယ်ရေးပစ္စည်း ကွန်ပျူတာ၊ တယ်လီဖုန်းတို့ဖြင့် ဆက်သွယ်ရသော စင်တာတစ်ခုကို ရန်ကုန်မြို့ မြေပဒေသာဥယျာဉ်၊ စိုက်ပျိုးရေးပြတိုက်တွင် တွဲဖက်ဖွင့်လှစ်ရန် ညှိနှိုင်းဆွေးနွေး စီစဉ်နေကြပြီဟု သိရှိရသည်။

## အသိပညာရယူရာ နေရာကြီး

တကယ်တော့ Museum (ပြတိုက်)ဆိုသည်မှာ ပစ္စည်းအဟောင်းအသစ်ပြသမှုအပြင် ပြပွဲ၊ ဆွေးနွေးပွဲများ ကျင်းပကြသဖြင့် အသိပညာရယူရာ နေရာကြီးဖြစ်သည်။ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ယခုအခါ ကျင်းပသော စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ အနုပညာ ဆွေးနွေးပွဲများသည် စိတ်ပါဝင်စားသူ လူထုအတွက် မလွတ်တမ်း သွားရောက်ကြည့်ရှုနားထောင်ရသော ပွဲများဖြစ်နေသည်။

ယခုလည်း တောင်သူများကို အကျိုးပြုနိုင်မည့် စိုက်ပျိုးရေးအသိ ပြန့်ပွားရာနေရာကြီး ဖြစ်လာနိုင်လျှင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်တစ်ခုကို ဖြည့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ လေပူဖောင်းကို ထိမိလျှင် ချက်ချင်းတုံ့ပြန်နိုင်သလို တုံ့ပြန်နိုင်ပါစေဟု ဆန္ဒပြုရပါသည်။ စိုက်ပျိုးရေးပြတိုက်နေရာသည် လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းရှိခဲ့သော နေရာတစ်ခု ဖြစ်ခဲ့ဖူးသည်ဟု စာပေတွင် ဖတ်ရှုခဲ့ဖူးပါသည်။ ကန်တော်ကြီး စိမ်းလန်းစိုပြည်သာယာရေးအတွက် တစ်ချိန်က ဆောင်ရွက်ခဲ့သော ကန်တော်ကြီးနယ်မြေ၏ ပညာပေးဇုန်လည်း ဖြစ်နေသဖြင့် ပူးတွဲတည်ရှိနေသော အပန်းဖြေဇုန်နေရာ ဥယျာဉ်သို့ လာရောက်ကြသူများအတွက်လည်း စိုက်ပျိုးရေးပြတိုက်သည် လေ့လာရာအဖြစ် အစဉ်အမြဲ တည်ရှိနေသင့်လှပေသည်။ ။

*စာမျက်နှာ ၉ မှ*

## နိုင်ငံတာဝန်များထမ်းဆောင်ခဲ့ပုံ

၁၉၁၈ ခုနှစ်တွင် ဓာတုဗေဒဌာန၌ သရုပ်ပြဆရာအဖြစ် စတင်ထမ်းဆောင်သည်။ ထိုစဉ် တက္ကသိုလ်ကောလိပ် ကျောင်းအုပ်ကြီးမှာ မက်သရူးဟန်တာ ဖြစ်သည်။ ၁၉၂၃ ခုနှစ်တွင် လက်ထောက်ကထိက ဖြစ်လာသည်။ ၁၉၂၃ ခုနှစ်တွင် ဘီအီးအက်စ် (လက်ရွေးစင်တန်း) အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်း ခံရသည်။ ဆရာကြီးသည် ၁၉၂၆ မှ ၁၉၄၂ ခုနှစ်အထိ ရန်ကုန်ကောလိပ် ပဲခူးဆောင် အဆောင်မှူး တာဝန်ဝတ္တရားများ ထမ်းဆောင်သည်။ ၁၉၃၅ ခုနှစ်တွင် အမှုထမ်းကောင်းတံဆိပ်ရ မင်းဘွဲ့ချီးမြှင့်ခြင်းခံရသည်။ ၁၉၄၆ ခုနှစ်တွင် ကထိကရာထူးဖြင့် ဘီအီးအက်စ်စီ (ပထမတန်း) သို့ ရာထူးထပ်မံတိုးမြှင့်ခြင်း ခံရသည်။

၁၉၄၆ ခုနှစ်၌ပင် ပဲခူးဆောင် အဆောင်မှူး၊ တက္ကသိုလ်ကောလိပ်များ၏ အဆောင်မှူးချုပ် ဖြစ်လာသည်။ ၁၉၅၈ ခုနှစ် ဇွန်လတွင် အငြိမ်းစားယူခဲ့ပြီး သင်္ချာဌာန အချိန်ပိုင်းကထိကတာဝန် ထမ်းဆောင်သည်။ နိုင်ငံတော် အစိုးရစာသင်ကျောင်းများတွင် အစ္စလာမ်ဘာသာဝင် ကလေးသူငယ်များအတွက် အစ္စလာမ်ဘာသာ အခြေခံရရှိစေရန်နှင့် ဘာသာစာရိတ္တကြွခိုင်စေရန် သင်ခန်းစာအစီအစဉ်များ ရေးဆွဲရန်နှင့် အကြံဉာဏ်ပေးရန် အစိုးရက ကော်မတီတစ်ရပ် ခန့်အပ်ရာ ထိုကော်မတီတွင် ထိုစဉ်က ရန်ကုန်တက္ကသိုလ် ကထိကဆရာကြီး ဦးကာကို ဒုတိယသဘာပတိအဖြစ် ခန့်အပ်တာဝန်ပေးသည်။ ထိုသို့ တာဝန်ပေးခြင်းကို အများပြည်သူတို့ သိရှိရန် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ပညာရေးဝန်ကြီးဌာနခွဲ(၂)က ၁၉၅၃ ခု၊ ဧပြီလ ၉ ရက် ရက်စွဲတပ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်။

၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ကာလအတွင်း ပညာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးဌာန၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တော်လှန်ရေးကောင်စီအစိုးရက တာဝန်ပေးအပ်သည်။ ပြည်ထောင်စုရာထူးအဖွဲ့ဥက္ကဋ္ဌ (ယခု ပြည်သူ့ဝန်ထမ်းရွေးချယ်ခန့်ထားရေးအဖွဲ့ဥက္ကဋ္ဌ) တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဗမာမွတ်စလင်မ်ကွန်ဂရက် (ဗမက)အဖွဲ့ ဖျက်သိမ်းပြီး အစ္စလာမ်သာသနာရေးရာကောင်စီကို ဖွဲ့စည်းရန် ဗမကအဖွဲ့ရုံး၌ ညှိနှိုင်းဖွဲ့စည်းဝေးစဉ် ဆရာကြီး ဦးကာအား ဘဏ္ဍာရေးမှူးအဖြစ် အများကလျာထားသည်။

၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကနေဒီလမ်း၊ ဇိနတ်အစ္စလာမ်ယောက်ျားလေးများ ဂေဟာ၌ အစ္စလာမ်ကောင်စီစတင်ဖွဲ့စည်းသည့် အစည်းအဝေးသို့ ဆရာကြီး တက်ရောက်သည်။ ထိုအစည်းအဝေးမှ ဆရာကြီးသည် စည်းမျဉ်းရေးဆွဲရေးကော်မတီဝင်အဖြစ် လည်းကောင်း၊ စာရင်းစစ်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခံရသည်။ စတင်ဖွဲ့စည်းသည့် ထိုကာလမှစ၍ ဆရာကြီးသည် အစ္စလာမ်သာသနာရေးရာကောင်စီတွင် တောက်လျှောက်ပါဝင်ခဲ့သည်။

၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဝန်ကြီးချုပ်၏ ပြည်ထောင်စုစီမံကိန်းကောင်စီဌာနချုပ်၌ ကျင်းပသော အသင်းအဖွဲ့ပေါင်းစုံမှ ကိုယ်စားလှယ်များ၏ ပဏာမ ဆွေးနွေးပွဲသို့ ရန်ကုန်တက္ကသိုလ်မှ ဆရာကြီး ဦးကာ တက်ရောက်ပါဝင်ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် ဆေးသိပ္ပံကျောင်းသားများအသင်း ကိုယ်စားလှယ်က မွတ်စလင်ကျောင်းသူ ကျောင်းသားများအတွက် သီးခြားထမင်းစားရုံနှင့် သီးခြားကျောင်းဆောင်များ ရရှိရေး အကြံပေးသည်။ ဆရာကြီး ဦးကာက အတွေ့အကြုံရင့်ကျက်သူပီပီ သီးခြားကျောင်းဆောင် တောင်းခံလျှင်မသင့်။ ယခင် သီးခြားထမင်းစားရုံနှင့် သီးခြားထမင်းချက်ထားရှိပေးရေးဆိုလျှင် ဖြစ်နိုင်စရာရှိကြောင်း စစ်ကြိုနှင့် စစ်ပြီးခေတ် အတွေ့အကြုံများကို သာဓကဆောင်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ ၁-၈-၁၉၅၈ ရက် မွတ်စလင်ကုန်သည်ကြီးများအသင်း၌ ကျင်းပသော အစည်းအဝေးတွင် ဆရာကြီး၏ အကြံပြုချက်အတိုင်း အောင်မြင်မှုရရှိပြီးဖြစ်ကြောင်း ဇူလိုင်လ ၂၉ ရက်နေ့စွဲပါ ကျောင်းဆောင်စားသောက်ရေး ကော်မတီ၏ ပြန်စာအမှတ် ၁၅၉၃ အိပ်ချ် အက်ဖ် ၂၂ ကို ရှင်းလင်းပြသည်။ ပါမောက္ခချုပ် ဆရာကြီး ဦးကာသည် နိုင်ငံတော်တွင် အဆင့်မြင့်ရာထူးကြီးများကို တာဝန်ယူထမ်းဆောင်သကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကိုယ်စားပြုသော ဘာသာရေး အသင်းအဖွဲ့များနှင့်လည်း မကင်းကွာဘဲ စိတ်ဝင်တစားပါဝင်ကြောင်း၊ ကူညီကြောင်း သိရှိရပါသည်။

သာယာသော လောကကြီးကို အစ္စလာမ်တရားတော်နှင့် ဖန်တီးနိုင်ကြောင်း မျှော်လင့်ယုံကြည်သည်။ ယုံကြည်ချက်ကို-

"အချုပ်အားဖြင့် ဤစာအုပ်တွင် အလွန်နက်နဲ ကျယ်ဝန်းလှသည့် အစ္စလာမ်တရားတော်ကြီး၏ ကောက်နုတ်ချက်များဖြစ်သော အလွန်သေးငယ်သည့် အစိတ်အပိုင်းကလေးမျှကိုသာ ထည့်သွင်းဖော်ပြထားသော်လည်း ဖတ်ရှုသူများသည် ကိုယ်ကျင့်ဝတ်ကို ကောင်းစွာသိရှိ ထိန်းသိမ်းတတ်၍၊ ပေါင်းသင်းဆက်ဆံမှု အဆင်ပြေ၍ ကောင်းလာပြီးလျှင် ယခုထက်များစွာ သာယာသော လောကကြီးကို ကူညီဖန်တီးနိုင်လိမ့်မည်ဟု မျှော်လင့် ပါသည်" ဟု အတွင်းဝန် သီရိပျံချီ ဦးဘစိန် (M.Sc, B.C.S) စီရင်ရေးသားသည့် "အစ္စလာမ် ဘာလဲ" ကျမ်းအတွက် နိဒါန်းအမှာစာ ပေးပို့ရာတွင် ဆရာကြီးက ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

### မိသားစုဝင်များ

ဇနီးဖြစ်သူမှာ ဒေါ်သိန်းရင်ဖြစ်ပြီး သားသမီးများအနက် သားဖြစ်သူ ဒေါက်တာတင်မောင်မှာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပထမဦးဆုံး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

### ကွယ်လွန်ခြင်း

ဝန်ကြီးဟောင်း ပါမောက္ခချုပ် ဦးကာသည် ၁၉၇၄ ခုနှစ် မေလ ၂၁ ရက် အင်္ဂါနေ့ အသက် (၈၁) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

** ကျောဖုံးမှ*

ဖွံ့ဖြိုးလာနိုင်ပါတယ်။ အရင်နှစ်နှစ်လောက်က အွန်လိုင်းစနစ်မရှိပါဘူး။ ကိုဗစ်ကြောင့် မနှစ်ကစပြီး အွန်လိုင်းစနစ် ဖြစ်သွားပါတယ်။ အွန်လိုင်းစနစ်ကတော့ အရည်အသွေးကောင်းမှ ရေရှည်ရပ်တည်နိုင်မှာပါ။ အရည်အသွေးမကောင်းရင် အွန်လိုင်းဈေးကွက် စနစ်ပျက်သွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းကြောင့် ဝယ်သူနှင့် ရောင်းချသူမှာ တိုက်ရိုက်စနစ်ဖြင့် ရောင်းချနိုင်ကြောင်း၊ အားသာချက်အနေဖြင့် ပွဲခနှင့် ဝန်ဆောင်မှုများကို ပေးရန်မလိုအပ်တော့ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းကြောင့် ငွေပေးချေမှုတွင်လည်း အဆင်ပြေနိုင်ကြောင်း၊ ဝယ်ယူသူများအနေဖြင့်လည်း အွန်လိုင်းမှ သရက်သီး ၁၆ ကီလိုဂရမ် တစ်ဖာမှာယူပါက မိမိတို့ ဝယ်ယူမည့် အရွယ်အစားကို ထည့်၍မှာယူကြရန်လည်း လိုအပ်ကြောင်း၊ ရောင်းချသူများအနေဖြင့်လည်း အွန်လိုင်းစနစ်တွင် ရေရှည်ရပ်တည် ရောင်းချသွားလိုပါက မိမိတို့၏ပစ္စည်းနှင့် အမှတ်တံဆိပ်ကို အရည်အသွေး ကောင်းကောင်းပြုလုပ်ကြရန် လိုအပ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) EDC 600012 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၆-၁-၂၀၂၁ မှ ၁၂-၁-၂၀၂၁ ရက်နေ့အထိ)

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) EDC 600012 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၆-၁-၂၀၂၁ မှ ၁၂-၁-၂၀၂၁ ရက်နေ့အထိ)**

| စဉ် | အလှူရှင်အမည် နှင့် နေရပ်လိပ်စာ | အမေရိကန်ဒေါ်လာ |
|---|---|---|
| | ၆-၁-၂၀၂၁ | ***၂,၅၀၀,၀၀၀.၀၀*** |
| ၁ | Capital Diamond Star Group Ltd (ဗဟန်းမြို့နယ်) | ၁,၀၀၀,၀၀၀.၀၀ |
| ၂ | Myanmar Apex Bank Limited (ဗိုလ်တထောင်မြို့နယ်) | ၁,၅၀၀,၀၀၀.၀၀ |
| | ၇-၁-၂၀၂၁ | ***၅၁,၁၀၀.၀၀*** |
| ၃ | I.E.M Company Limited (တာမွေမြို့နယ်) | ၅၀,၀၀၀.၀၀ |
| ၄ | ဦးအောင်ကျော်ညွန့်+ဒေါ်ချိုစီသွင် (လှိုင်မြို့နယ်) | ၁,၀၀၀.၀၀ |
| ၅ | ဦးမြင့်ဇော် + ဒေါ်ခင်စုဝင်း၊ သား- ဥက္ကာမြင့်ဇော်၊ သုတမြင့်ဇော် | ၁၀၀.၀၀ |
| | ၈-၁-၂၀၂၁ | ***၂,၁၀၇.၀၀*** |
| ၆ | ဒေါ်ခင်ချိုလတ် (နေပြည်တော်) | ၁၀၀.၀၀ |
| ၇ | ဦးကျော်ကျော်မင်း (ရန်ကုန်မြို့) | ၁၅၇.၀၀ |
| ၈ | ဒေါ်ယဉ်ယဉ်သိန်း သမီး ဒေါ်စန်းစန်းသိန်း (ရန်ကုန်မြို့) | ၂၅၀.၀၀ |
| ၉ | ဒေါက်တာအောင်ငွေး+ဒေါက်တာခင်စောနွယ် (နေပြည်တော်) | ၆၀၀.၀၀ |
| ၁၀ | ဦးထွန်းဝင်း (ကောင်းမြတ်စံ Trading) (ရန်ကုန်မြို့) | ၁,၀၀၀.၀၀ |
| | ၁၁-၁-၂၀၂၁ | ***၁၁၀,၂၀၀.၀၀*** |
| ၁၁ | ဦးခင်မောင်ဆယ်+ဒေါ်ငွေးငွေးသန်း မိသားစု (ရန်ကုန်မြို့) | ၂၀၀.၀၀ |
| ၁၂ | Victoria University College (တာမွေမြို့နယ်) | ၁၀,၀၀၀.၀၀ |
| ၁၃ | GOOD BROTHER' CO.,LTD (လှိုင်မြို့နယ်) | ၁၀၀,၀၀၀.၀၀ |
| | ၁၂-၁-၂၀၂၁ | ***၉,၆၂၅.၂၉*** |
| ၁၄ | အရှင်ပညာဝရ (ပျဉ်းမနားမြို့) | ၁၄.၇၀ |
| ၁၅ | Gregory Kleiman (ရန်ကုန်မြို့) | ၁၀၀.၀၀ |
| ၁၆ | ဒေါ်လှမြင့် မိသားစု (ရန်ကုန်မြို့) | ၁၀၀.၀၀ |
| ၁၇ | ဦးစိုးဟန် မိသားစု (ရန်ကုန်မြို့) | ၆၁၀.၅၉ |
| ၁၈ | ဒေါ်ငြိမ်းငြိမ်းစိုး (ရန်ကုန်မြို့) | ၁,၈၀၀.၀၀ |
| ၁၉ | ဦးကျော်ဇော၊ ဒေါ်အေးရွှေသာ (ရန်ကုန်မြို့) | ၂,၀၀၀.၀၀ |
| ၂၀ | ဦးကျော်စိန်၊ ဒေါ်ငွေးငွေးမြင့် ၊ အောင်မြင့်ကြည်ရွှေဆိုင် (ရန်ကုန်မြို့) | ၅,၀၀၀.၀၀ |
| | **စုစုပေါင်း** | **၂,၆၇၃,၀၂၈.၂၉** |

| | |
|---|---|
| ၆-၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့် | ၂၅၀,၀၀၀,၀၀၀.၀၀ |
| **(နိုင်ငံတော်မှထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၀ သန်း )** | |
| (+) ၁၂-၁-၂၀၂၁ ရက်နေ့အထိ အလှူခံရငွေ | ၂,၆၇၃,၀၂၈.၂၉ |
| (-) အိန္ဒိယနိုင်ငံ၊ Serum Institute of India (SII) သို့ COVID-19 ကာကွယ်ဆေးဝယ်ရန် ကြိုတင်ပေးချေငွေ | ၇၅,၀၀၀,၀၀၀.၀၀ |
| **၁၂-၁-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၇၇,၆၇၃,၀၂၈.၂၉** |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ ထည့်သွင်းထားသည့် အချက်အလက်များအရနေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၆-၁-၂၀၂၁ မှ ၁၂-၁-၂၀၂၁ ရက်နေ့အထိ)

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၆-၁-၂၀၂၁ မှ ၁၂-၁-၂၀၂၁ ရက်နေ့အထိ)**

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| | ၆-၁-၂၀၂၁ | ***၂၂,၈၀၂,၁၁၁*** |
| ၁ | ရွှေဂျိုးသာပိုးထည်တိုက် (နေပြည်တော်) | ၅၀၀,၀၀၀ |
| ၂ | Mr.Kiyoshige Tsu Tsui (နေပြည်တော်) | ၁၀,၀၀၀ |
| ၃ | ဗိုလ်ကြီးကောင်းထက်နိုင်+မမြတ်စုမွန် (တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၄ | Mr.Hideyuki Kamai(နေပြည်တော်) | ၁၀,၀၀၀ |
| ၅ | မနန်းမျိုးမျိုးအေး (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆ | ဦးစန်းနွယ် (နေပြည်တော်) | ၅၀,၀၀၀ |
| ၇ | မောင်ကောင်းသန့်လင်း (နေပြည်တော်) | ၅၀,၀၀၀ |
| ၈ | ဒေါ်ကြည်ကြည်အောင် (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၉ | D Zay Quad Marketing Co.,Ltd (နေပြည်တော်) | ၁,၀၂၀,၀၀၀ |
| ၁၀ | ဦးတင့်ဆွေ + ဒေါ်ကြည်ကြည်နိုင် မိသားစု (နေပြည်တော်) | ၂၀၀,၀၀၀ |
| ၁၁ | ဦးစိုးမြင့်အောင် (သဃ်န်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂ | ဒေါက်တာဦးမင်းဆွေ (လဲချားမြို့) | ၁၀၀,၀၀၀ |
| ၁၃ | ဒေါ်သီတာ (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄ | ဒေါက်တာဦးအာကာထွန်း (မန္တလေးမြို့) | ၁၅၀,၀၀၀ |
| ၁၅ | ဒေါ်ခင်သိန်း (လှိုင်ကော်မြို့) | ၂၀၀,၀၀၀ |
| ၁၆ | ဒေါက်တာအေးအေးကျော် (မိတ္ထီလာမြို့) | ၂၀၀,၀၀၀ |
| ၁၇ | ဒေါက်တာမြင့်မြင့်မော် (ရမည်းသင်းမြို့) | ၅၀,၀၀၀ |
| ၁၈ | ဦးနိုင်အောင် (ဇန်းမော်မြို့) | ၁၀၀,၀၀၀ |
| ၁၉ | ဒေါ်ခင်နီနီဝင်း (မူဆယ်မြို့) | ၃၀,၀၀၀ |
| ၂၀ | အဖဦးမောင်ကို+အမိဒေါ်သိန်းတင် တူမ မမြင့်မြတ်မော်တို့အား ရည်စူး၍ကျန်ရစ်သူမိသားစု (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၂၁ | ဦးလင်းနိုင်မြင့် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၂ | ATG System Co.,Ltd (ရန်ကုန်မြို့) | ၂,၀၀၀,၀၀၀ |
| ၂၃ | လူမှုထူးချွန်(တတိယအဆင့်) ဦးရူပ (မရမ်းကုန်းမြို့နယ်) | ၁၁,၁၁၁,၁၁၁ |
| ၂၄ | ဦးမင်းလွင်ဦး+ ဒေါက်တာအလင်္ကာမိသားစု (မရမ်းကုန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၅ | Dr.Myo Thant Tyn+Dr.Daw Mya Yi (ကြည့်မြင်တိုင်မြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၂၆ | ဦးသူရညွန့် (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇ | ဒေါ်မြသူဇာဝင်း (စမ်းချောင်းမြို့နယ်) | ၅၀,၀၀၀ |
| ၂၈ | ဦးရဲဝင်း+ဒေါ်မြမိမိသာ မိသားစု (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀ |
| ၂၉ | ဦးသန်းငွေး+ဒေါ်စီစီဝင်း (မရမ်းကုန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၀ | ဦးမောင်မောင်ဆွေ (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁ | ဦးကျော်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၃၂ | ဦးကျော်လင်းသိန်းအောင်+ဒေါ်ဇင်မာဖြိုး သား မောင်သုခလင်း (တ/ဥက္ကလာပမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၃ | ဦးမြင့်အောင် မိသားစု (မရမ်းကုန်းမြို့နယ်) | ၅၀,၀၀၀ |
| ၃၄ | ဦးချစ်ကိုကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၃၅ | ဦးညီမျိုးသူ+ဒေါက်တာချောစုလှိုင် (ပုဇွန်တောင်မြို့နယ်) | ၃၀၀,၀၀၀ |
| ၃၆ | ဦးစိန်ထွန်း+ဒေါ်အေးအေးသန်း သမီးဒေါ်မျိုးမျိုးထွန်း မိသားစု (မရမ်းကုန်းမြို့နယ်) | ၁,၅၀၀,၀၀၀ |
| | ၇-၁-၂၀၂၁ | ***၁,၃၈၅,၀၉၅,၀၀၀*** |
| ၃၇ | ဒေါက်တာခွန်ဝင်းကို+ဒေါက်တာခင်ဖြူဖြူအောင် (ဘားအံမြို့) | ၂၀၀,၀၀၀ |
| ၃၈ | ဦးကျော်ကျော်ဦး+ဒေါ်နီလာ (MTKK Engineering & Training Co.,Ltd (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၃၉ | ဦးအောင်သိုက်+ဒေါ်မိုးသူဇာဝင်း သမီးလေး မမေမြတ်သွယ် (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၄၀ | မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၄၁ | ဒေါ်ခင်မိုးမိုးအောင် မိသားစု (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၄၂ | ဒေါက်တာမြကြေးမုံ (သန်လျင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၃ | ဒုတိယဗိုလ်မှူးကြီးသန်းထိုက် (သန်လျင်မြို့နယ်) | ၅၀၀,၀၀၀ |
| ၄၄ | ဦးနိုင်ဝင်း (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၅ | ဦးစောနောင်ဝင်း+ဒေါ်အေးယဉ်ယဉ်ငြိမ်း သမီး မစောယမုံနွယ် (ဘားအံမြို့) | ၁၀၀,၀၀၀ |
| ၄၆ | ပြည်ထောင်စုလွှတ်တော်ရုံး-19 Batch သူငယ်ချင်းများ (နေပြည်တော်) | ၂၀၀,၀၀၀ |
| ၄၇ | ဦးကျော်နိုင်လင်း (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၄၈ | ဒေါ်တင်တင်သန့် မိသားစု (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၄၉ | ဦးခင်မောင်ချင်း(ကျိုင်းတုံမြို့) | ၅၀၀,၀၀၀ |
| ၅၀ | ဒေါ်ဖြူဖြူအောင် (မြဝတီမြို့) | ၁၅၀,၀၀၀ |
| ၅၁ | ဦးကျော်ထွန်းလင်း (တိုက်ကြီးမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၂ | ဦးဝင်းမောင် (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၃ | ဦးချစ်ဆွေ+ဒေါ်ဝင်းစုလှိုင် (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၅၄ | ဦးမင်းသူ (တပ်ကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၅ | ဒေါ်သန်းသန်းနွဲ့မောင်၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးဝင်းခိုင်ဦး (အလုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၆ | ဦးမောင်မောင်ကျော်+ဒေါ်သန်းသန်းနွဲ့မောင်၊ဒေါက်တာစည်သူတင်အောင် + ဒေါ်ရိန်းလွှမ်းရည်+မြပိုးအိမ်စည် (အလုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၅၇ | ဦးသန်းရွှေ+ဒေါ်စိန်ကြည် သမီး မသက်ထားရွှေဦး(နေပြည်တော်) | ၁၀၀,၀၀၀ |
| ၅၈ | ဦးတင်လှိုင်(ခ)ဦးမောင်လှိုင် (တပ်ကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၉ | ဒေါ်စန်းရီ(ခ)နဂျုံးမိသားစု (တာမွေမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၆၀ | ဦးချစ်ဦး (ကျောက်ဆည်မြို့) | ၅၀၀,၀၀၀ |
| ၆၁ | ဦးကျော်ထွန်းဝင်း (ပြည်မြို့) | ၃၀၀,၀၀၀ |
| ၆၂ | ဦးမျိုးတင့်+ဒေါ်နုနုဝင်း (မိသားစု) (လမ်းမတော်မြို့နယ်) | ၅၀၀,၀၀၀ |
| ၆၃ | ဒေါ်ဖြိုးဝေလင်း (ပြင်ဦးလွင်မြို့) | ၁၀၀,၀၀၀ |
| ၆၄ | ဦးမြင့်ဇော် (သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့)+ ဇနီးဒေါ်သန်းသန်းဝင်း မိသားစု(မကွေးမြို့) | ၅၀၀,၀၀၀ |
| ၆၅ | ဒေါ်လှဲ့လှဲ့ဝေ (ထီးချိုင့်မြို့) | ၁၀၀,၀၀၀ |
| ၆၆ | ဦးမျိုးလင်းသန်း+ဒေါ်စုစုအောင် မိသားစု (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၆၇ | ကာကွယ်ရေး (ကြည်း၊ ရေ၊ လေ) မိသားစု (နေပြည်တော်) | ၁,၀၀၀,၀၀၀,၀၀၀ |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*


| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၆၈ | ကိုသီဟ (ပျဉ်းမနားမြို့) | ၁၀၀,၀၀၀ |
| ၆၉ | မိခင် ဒေါ်အေးရီနှင့် သမီး ဒေါ်စုရည်မွန် (ဘုရားကြီးမြို့) | ၁၀၀,၀၀၀ |
| ၇၀ | ဒေါ်မာကြည်နှင့်မောင်နှမတစ်စု (ဝက်လက်မြို့နယ်) | ၁၅၀,၀၀၀ |
| ၇၁ | ဦးဇောတိက (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၇၂ | ဦးမောင်မောင်တင် (MD), All Stars International Co., Ltd (လမ်းမတော်မြို့နယ်) | ၅၀,၀၀၀,၀၀၀ |
| ၇၃ | ဦးမျိုးသာ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၄ | ဦးထွန်းမင်းနိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၅ | ဦးသိန်းနိုင်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၆ | ဒေါ်ညွန့်ညွန့်လွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၇၇ | ဦးသန်းထွန်းလင်း (လမ်းမတော်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၇၈ | ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်မိသားစု (မရမ်းကုန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၇၉ | ဒေါ်နီနီလင်းထွန်း (မ/ဥက္ကလာပမြို့နယ်) | ၁၀,၀၀၀ |
| ၈၀ | ဦးဇော်ဝင်းထွန်း+ဒေါ်နန်းလှရီ (မူဆယ်မြို့) | ၂၀၀,၀၀၀ |
| ၈၁ | ဦးသက်ထွန်းဦး (ခရမ်းမြို့) | ၁၀၀,၀၀၀ |
| ၈၂ | ဒေါက်တာဇော်ထွဋ်+ဒေါက်တာယဉ်မွန်သန့် သမီး မသံသာဇော် (ဗဟန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၈၃ | ဦးအောင်သန်းထွန်း (ဟင်္သာတမြို့) | ၅,၀၀၀,၀၀၀ |
| ၈၄ | ဦးကိုလတ် (သီပေါမြို့) | ၁၁၀,၀၀၀ |
| ၈၅ | ဦးကိုကိုလတ် (သာစည်မြို့) | ၅၀,၀၀၀ |
| ၈၆ | ဦးညိုထွန်း (သာစည်မြို့) | ၁,၀၀၀,၀၀၀ |
| ၈၇ | ဦးမင်းမင်းဦး (ပုဗ္ဗသီရိမြို့နယ်) | ၇၅,၀၀၀ |
| ၈၈ | ဒေါ်နုနုလွင် (ရန်ကုန်မြို့) | ၁,၁၀၀,၀၀၀ |
| ၈၉ | ဟာဂျီမ ဒေါ်သင်းသင်းအေး (ခ) မချို မိသားစု (တာမွေမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၉၀ | ဒေါ်ခိုင်စန်းဝေ (ရန်ကုန်မြို့) | ၃၈၀,၀၀၀ |
| ၉၁ | ဦးစိန်မြင့်(ခ)ဟာဂျီဦးဟာရှင် (ဗဟန်းမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၉၂ | ဦးမင်းသိန်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၉၃ | နာရေးကူညီမှုအသင်း(ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၉၄ | ဒေါ်မြင့်မြင့်ခင် (ရွှေဘိုမြို့) | ၃၀၀,၀၀၀ |
| ၉၅ | ဦးစိုးရာဇာဖြိုး (ဟင်္သာတမြို့) | ၅၀,၀၀၀ |
| ၉၆ | ကိုချိုတူး+မပေါက်စ (ဟင်္သာတမြို့) | ၁၀၀,၀၀၀ |
| ၉၇ | ဒေါ်မြင့်မြင့်လွင် (ဗဟန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၉၈ | ဦးထွန်းထွန်းနိုင် (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၉၉ | ဦးမျိုးညွန့်ဝင်းထွန်း (ပုသိမ်မြို့) | ၅၀,၀၀၀ |
| ၁၀၀ | ဒေါ်ခင်သန္တာမိုး (မြဝတီမြို့) | ၁၅၀,၀၀၀ |
| ၁၀၁ | ဦးအောင်နိုင်ထွန်း (တာချီလိတ်မြို့) | ၁,၂၀၀,၀၀၀ |
| ၁၀၂ | ဦးအောင်နိုင်ထွန်း (တာချီလိတ်မြို့) | ၁၀၀,၀၀၀ |
| ၁၀၃ | ဒေါ်ဇာခြည်အောင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၀၄ | ဦးအောင်နိုင်ထွန်း (တာချီလိတ်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၀၅ | ဦးအုန်းမြင့် (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၀၆ | ဦးတီတီ+ဒေါ်မြင့်မြင့်စိန် မိသားစု (လသာမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၁၀၇ | ဒေါက်တာဌေးဇော်+ဒေါ်မေနှင်းခိုင် (ဖြူးမြို့) | ၅၀,၀၀၀ |
| ၁၀၈ | ဦးမျိုးသန့်+ဒေါ်ကြင်စိန် သမီး နန်းမြတ်လေးဖြူ (ပဲခူးမြို့) | ၁၀၀,၀၀၀ |
| ၁၀၉ | ကိုသက်ဆွေ+မမြင့်မြင့်ခိုင် သား မောင်ဇော်ထက်ဦး (မြဝတီမြို့) | ၂၀,၀၀၀ |
| ၁၁၀ | ဦးချစ်ဝင်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၁ | ဦးမောင်မောင်ဦး+ဒေါက်တာဒေါ်ကြည်ကြည်မာ သားသမီးများ (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၁၁၂ | ဦးကျော်နိုင်+ဒေါ်တင်ရှိ (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၁၁၃ | ဦးဟိန်းဇော် (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၁၁၄ | Asia Royal Hospital (စမ်းချောင်းမြို့နယ်) | ၂၅၀,၀၀၀,၀၀၀ |
| ၁၁၅ | ဦးညိုလွင်ဦး (သန်လျင်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၁၆ | ဒေါ်ထက်ထက်အောင် (သန်လျင်မြို့နယ်) | ၂၅၀,၀၀၀ |
| ၁၁၇ | ဦးကျော်ထင် (မြဝတီမြို့) | ၁,၀၀၀,၀၀၀ |
| | ၈-၁-၂၀၂၁ | ***၂၀၆,၈၆၃,၀၆၀*** |
| ၁၁၈ | ဦးယဉ်ဇော်မျိုး+ဒေါ်စံပယ်မြင့် (နေပြည်တော်) | ၂၀၀,၀၀၀ |
| ၁၁၉ | ဦးအောင်မြသန်း+ဒေါက်တာတင်နီလာဝင်း မိသားစု (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၁၂၀ | ဦးဝင်းမော်+ဒေါ်ကြည်ကြည်မာ မိသားစု (ပုဗ္ဗသီရိမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၂၁ | ဦးဇော်ဇော်ငြိမ်း (ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၁၂၂ | ဦးကျော်ခန့်(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၂၃ | ဦးအောင်နိုင်ဌေး (ကမာရွတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၁၂၄ | ဦးအောင်နိုင်ဌေး (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၅ | ဒေါက်တာအောင်လှိုင်ဦး+ဒေါ်သိင်္ဂီမြင့် မိသားစု(အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၂၆ | ဦးမြတ်ကျော် (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၁၂၇ | ဦးဌေးအောင် (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၈ | ပေးသောလက်များခမ္ဘမိတ်ဆွေမိသားစု (ရန်ကုန်မြို့) | ၁၁၀,၀၀၀ |
| ၁၂၉ | ဒေါက်တာခင်နန်းသီ (လားရှိုးမြို့) | ၂၀,၀၀၀ |
| ၁၃၀ | ဒေါ်နန်းသီရိသိန်းသိန်းစိန် (လားရှိုးမြို့) | ၃၀,၀၀၀ |
| ၁၃၁ | ဒေါက်တာထွေးထွေးဝင်း (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၂ | ဦးခင်မောင်သန်း (ရန်ကုန်မြို့) | ၁၄၀,၀၀၀ |
| ၁၃၃ | Kyu Kyu Win & Associates Services Co.,Ltd (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၃၄ | ဦးဝေယံဖြိုး (ပဲခူးမြို့) | ၂၀,၀၀၀ |
| ၁၃၅ | ဒေါ်ဇာဇာမိုးဆွေ (ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၁၃၆ | ဒေါ်ခင်ထားမေ (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၇ | ဦးသာစိန် (ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၁၃၈ | ဦးတင်ကိုလေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (သင်္ဃန်းကျွန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၁၃၉ | ဦးအောင်ကျော် (မန္တလေးမြို့) | ၂၀၀,၀၀၀ |
| ၁၄၀ | ဦးနိုင်နိုင်တင် (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၁၄၁ | ဦးအေးခိုင် (ပြည်မြို့) | ၂၀၀,၀၀၀ |
| ၁၄၂ | ဦးမင်းမင်းထွန်း (ပြည်မြို့) | ၁,၅၀၀,၀၀၀ |
| ၁၄၃ | ဒေါ်မီမီအောင် (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၁၄၄ | ဇင်မင်းအေး+သန္တာအောင် (ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄၅ | ဒေါ်စုသက်ကျော် (ပျဉ်းမနားမြို့) | ၃၀,၀၀၀ |
| ၁၄၆ | ဦးကျော်ကျော်သွင်+ဒေါ်ချို မိသားစု (မြဝတီမြို့) | ၅၀,၀၀၀ |
| ၁၄၇ | ဦးရန်နိုင် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၁၄၈ | ဒေါ်ခင်ရတနာဦး (သန်လျင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄၉ | ဦးစိုင်းမင်းဦး (ရန်ကုန်မြို့) | ၁၀၁,၀၁၀ |
| ၁၅၀ | IEM Company Limited ၏ ဝန်ထမ်းများ (ရန်ကုန်မြို့) | ၁,၉၀၁,၀၀၀ |
| ၁၅၁ | ဒေါက်တာအောင်ခိုင်သန်း+ဒေါ်သွယ်သွယ်ဦး မိသားစု (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၁၅၂ | ဒေါ်ချိုချိုဝင်း (မော်လိုက်မြို့) | ၅၀,၀၀၀ |
| ၁၅၃ | ဒေါ်ခင်ပြုံး (မော်လိုက်မြို့) | ၅၀,၀၀၀ |
| ၁၅၄ | ဒေါ်ခင်မော် (မော်လိုက်မြို့) | ၅၀,၀၀၀ |
| ၁၅၅ | ဦးသန်းဝင်း (မော်လိုက်မြို့) | ၅၀,၀၀၀ |
| ၁၅၆ | ဦးကျော်ဖြိုးဝေ+ဒေါ်မေမြတ်ခိုင် မိသားစု (ပုဇွန်တောင်မြို့နယ်) | ၁၃၃,၇၀၀ |
| ၁၅၇ | ဦးတင်မောင်ဆွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၁၅၈ | ဒေါ်အုံးရီ (မရမ်းကုန်းမြို့နယ်) | ၂,၅၀၀,၀၀၀ |
| ၁၅၉ | ဦးဇော်မိုး (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၁၆၀ | ဦးကျော်မင်းသိန်း(C/E) + ဒေါ်မြတ်မြတ်စိုး မိသားစု (မ/ဒဂုံမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၆၁ | ဒေါ်ဖြူဖြူသင်း (ကမာရွတ်မြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၁၆၂ | ဒေါ်အေးအေးသိန်း (ကမာရွတ်မြို့နယ်) | ၅၀၀,၀၀၀ |
| ၁၆၃ | ဗိုလ်ကြီးလှအောင်(ငြိမ်း) မိသားစု (ပြင်ဦးလွင်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၁၆၄ | ဦးစံမျိုးလှိုင်+ဒေါ်မီမီအောင် မိသားစု (တပ်ကုန်းမြို့) | ၅၀,၀၀၀ |
| ၁၆၅ | ဒေါ်ခင်ဆွေမော်၊ ဒေါ်ဝါဝါဝင်း (ဗိုလ်တထောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၆ | ဒေါ်အေးအေးမြိုင် (တပ်ကုန်းမြို့) | ၅၀,၀၀၀ |
| ၁၆၇ | ဒေါက်တာထွန်းလွင်ဦး+ ဒေါ်မြင့်မြင့်သန်း (လှိုင်သာယာမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၆၈ | ဦးအောင်သစ်+ ဒေါ်ရီရီမြ (နေပြည်တော်) | ၁၁၀,၀၀၀ |
| ၁၆၉ | ဒေါက်တာဝင်းထွန်း (သန်လျင်မြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၇၀ | ဦးစိုင်းစိန်ဝင်း (မူဆယ်မြို့) | ၃၀၀,၀၀၀ |
| ၁၇၁ | ဦးခင်မောင်စိုး (မန္တလေးမြို့) | ၁,၀၀၀,၀၀၀ |
| ၁၇၂ | ဦးမိုးလှိုင်ဦး (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၇၃ | ဦးသက်ဝေအောင်+ဒေါ်သင်းသင်းမျိုး မိသားစု (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၇၄ | ဒေါက်တာရဲဝင်း+ဒေါက်တာခင်မျိုးချစ် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၇၅ | ဒေါ်ငွေငွေလှိုင် (မကွေးမြို့) | ၅၀,၀၀၀ |
| ၁၇၆ | ဦးမိုးကျော် (မကွေးမြို့) | ၁၀၀,၀၀၀ |
| ၁၇၇ | ဦးမိုးကျော် (မကွေးမြို့) | ၁၀၀,၀၀၀ |
| ၁၇၈ | ဦးဘိုကြီး+ ဒေါ်စန်းမြင့် (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၁၇၉ | ဒေါ်ဥဥမြင့် (လားရှိုးမြို့) | ၁၀၀,၀၀၀ |
| ၁၈၀ | ဦးအောင်ကြည်+ ဒေါ်မြင့်မြင့်ဦး မိသားစု (မကွေးမြို့) | ၁၀၀,၀၀၀ |
| ၁၈၁ | ဦးမျိုးမင်း+ ဒေါ်မိုးဥမ္မာ (ပုဇွန်တောင်မြို့နယ်) | ၅၀,၀၀၀ |
| ၁၈၂ | ဒေါ်ဖြူဖြူမြင့် (ဒလမြို့နယ်) | ၁၀,၀၀၀ |
| ၁၈၃ | ဦးနေစိုး (မိသားစု) KTZ Co.Ltd/ Aristovision Team (ဒဂုံမြို့နယ်) | ၁,၀၅၀,၀၀၀ |
| ၁၈၄ | ဦးမင်းဘင် (ရန်ကုန်မြို့) | ၆၇၅,၀၀၀ |
| ၁၈၅ | ဦးလှထွန်း (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၆ | ဒေါ်စိုးစိုးထွန်း (ရန်ကုန်မြို့) | ၄၀၀,၀၀၀ |
| ၁၈၇ | ဦးသန်းစိုး+ဒေါ်သန်းသန်းအေး သမီး မဝေမွန်စိုး (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၈၈ | ဦးမြင့်ဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၁၈၉ | ဒေါ်လှဲ့လှဲ့ဝင်း (ကြည့်မြင်တိုင်မြို့နယ်) | ၂၀၀,၀၀၀ |
| ၁၉၀ | ဦးအောင်ဝင်း/ ဦးကျော်သက်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၉၁ | ဦးအောင်ဝင်း/ ဦးကျော်သက်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၁၉၂ | Myanmar Inspection and Technology Co.,Ltd မိသားစု | ၇၅၀,၀၀၀ |
| ၁၉၃ | ဦးအေးချမ်းဦး (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၉၄ | ဒေါ်စိန်စိန်မိသားစု (လမ်းမတော်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၉၅ | ဦးလှထွန်း (ပညာဒါန) | ၁၀၀,၀၀၀ |
| ၁၉၆ | ဦးစိုးပိုင်+ဒေါ်ခင်မြတ်ဆွေ (ရန်ကုန်) | ၁၀၀,၀၀၀,၀၀၀ |
| ၁၉၇ | ဒေါ်မေဖူးကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၉၈ | ဦးကျော်စွာထွန်း+ဒေါ်စိုးမြင့်ခိုင် (ပျဉ်းမနားမြို့) | ၁၀၀,၀၀၀ |
| ၁၉၉ | ဦးအောင်ဇော်ဦး+ ဒေါ်စန်းယုဝေ (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၂၀၀ | ဦးချစ်အောင်+ဒေါ်ခင်ယုံ မိသားစု (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# ဗီဇပြောင်းကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကိုကာကွယ်ရန် ညမထွက်ရအမိန့်အသစ် ပြင်သစ်ထုတ်ပြန်

ရောမ ဇန်နဝါရီ ၁၅

**ပြင်သစ်အစိုးရသည် ဗီဇပြောင်း ကိုဗစ်မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမည့်အခြေအနေကို ကာကွယ်သည့်အနေဖြင့် တင်းကျပ်သည့် ဆောင်ရွက်ချက်များ ချမှတ်ခဲ့သည်။ ဇန်နဝါရီ ၁၆ ရက်မှစကာ ညမထွက်ရအမိန့်ကို ယခင်အချိန်ထက် နှစ်နာရီစော၍ ညနေ ၆ နာရီမှစတင်ကာ သတ်မှတ်ပြဋ္ဌာန်းလိုက်ပြီး အဆိုပါ ညမထွက်ရအမိန့်ကို တစ်နိုင်ငံလုံးနီးပါး ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။**



ရုပ်မြင်သံကြားတွင် မိန့်ခွန်းပြောနေသော ပြင်သစ်ဝန်ကြီးချုပ် ဂျွန်းကက်စ်တက်

ပြင်သစ်ဝန်ကြီးချုပ် ဂျွန်းကက်စ်တက်နှင့် ကျန်းမာရေးဝန်ကြီး အိုလီဗီရာဗီရန်တို့သည် အဆိုပါကြေညာချက်ကို ဇန်နဝါရီ ၁၅ ရက်က ကြေညာခဲ့သည်။ ဗြိတိန်တွင် ပထမဆုံး တွေ့ရှိခဲ့သည့် ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ခံရသူသည် နေ့စဉ် ၃၀၀ နီးပါးရှိကြောင်း တွေ့ရှိခဲ့ပြီးနောက် ယခုလို ကြေညာချက် ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ကက်စ်တက်က ဗီဇပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ် ပျံ့နှံ့မှုကို ကာကွယ်ရန် ယင်းမျိုးစိတ် လွှမ်းမိုးခွင့်မရှိရန် ဖြစ်နိုင်သမျှ အကုန်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အသစ်ထပ်မံ ပြောင်းလဲထားသည့် ညမထွက်ရအမိန့်သည် အနည်းဆုံး သီတင်းပတ်နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်သည်။

ဇန်နဝါရီ ၁၈ ရက်မှစပြီး ဥရောပသမဂ္ဂအပြင်ဘက်မှ ဝင်ရောက်လာသူများအနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားပြရမည်ဖြစ်ပြီး ဆိုက်ရောက်သည့်အချိန်တွင် တစ်ပတ်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် ကလေးများကို ပိုမိုကူးစက်ပျံ့နှံ့လွယ်သည်ဟု ယူဆသောကြောင့် အစိုးရက ကျောင်းသား ကျောင်းသူတစ်သန်းခန့်ကို တစ်လကြာ ဗိုင်းရပ်စ်စစ်ဆေးသွားမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ ဆက်လက်မြင့်တက်လျက်ရှိပြီး နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

အသစ်ချမှတ်လိုက်သော ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်များသည် တိုင်းပြည်၏ ဆေးဘက်ဆိုင်ရာစနစ်ဝန်ပိမှုကို လျော့ပါးသက်သာစေမည်ဟု အစိုးရက မျှော်လင့်သည်။

အင်န်အိတ်ချ်ကေ

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုနိုင်မည့် ကာကွယ်ဆေးစာရင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်သူများက ဆီနိုဗက်နှင့် ဆီနိုဖမ်းကာကွယ်ဆေး ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဝန်ထမ်းများသည် အလားအလာရှိပြီး အရေးပေါ်အသုံးပြုနိုင်မည့် ကာကွယ်ဆေးစာရင်းများအတွက် ဆီနိုဗက်နှင့် ဆီနိုဖမ်းကာကွယ်ဆေး ထုတ်လုပ်သည့် ဆေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒါနွမ်ဂီဘရီယက်စ်ဆုစ်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဝန်ထမ်းများသည် လက်တလောတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့စာရင်းတွင် အရေးပေါ်အသုံးပြုနိုင်ရန် အလားအလာရှိသည့် ကာကွယ်ဆေးများကို နိုင်ငံတကာအရည်အသွေးမီ ထုတ်လုပ်ရေးဆိုင်ရာ အလေ့အထများကိုလိုက်နာခြင်း ရှိမရှိ အကဲဖြတ်နိုင်ရန် သက်ဆိုင်ရာ ကာကွယ်ဆေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဆောင်ရွက်နေသည့်အတွက် ကျေနပ်မိကြောင်း တက်ဒရော့စ်က သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် မကြာသေးမီက ပြောကြားလိုက်သည်။



တရုတ်နိုင်ငံ၌ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နေသည်ကို တွေ့ရစဉ်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ ကာကွယ်ဆေး ထုတ်လုပ်သူများအား ၎င်းတို့၏ ကာကွယ်ဆေးများကို အရေးပေါ် အသုံးပြုသည့် စာရင်းထဲထည့်သွင်း စဉ်းစားနိုင်ရေး လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးနိုင်ရေး အလျင်အမြန် လုပ်ဆောင်ကြရန် ဆက်လက် တိုက်တွန်းမည်ဖြစ်ကြောင်း တက်ဒရော့စ်က ဆက်လက်ပြောကြားခဲ့သည်။ နောက်ထပ်ထွက်ပေါ်လာဦးမည့် ဘေးကင်းပြီးထိရောက်သည့် ကာကွယ်ဆေးများကို မိမိတို့ မျှော်လင့်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ထို့အပြင် လာမည့်သီတင်းပတ်များတွင် ယင်းကိစ္စကို အရှိန်မြှင့်တင်ရန်နှင့် ကာကွယ်ဆေးကို သာတူညီမျှ ခွဲဝေပေးခြင်းကို မိမိအနေဖြင့် တွေ့မြင်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဆင်ဟွာ

## တူရကီနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်

**အစ္စတန်ဘူလ် ဇန်နဝါရီ ၁၅**

တူရကီနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆီနိုဗက်ဆေးကုမ္ပဏီမှထုတ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဇန်နဝါရီ ၁၄ ရက်က ထိုးနှံပေးခဲ့သည်။ တူရကီကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ဖော်ကြေညာချက်အရ ပထမဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံတစ်ဝန်းလုံးရှိ ဆေးဝန်ထမ်းတစ်သန်းကျော်အား ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ထို့နောက် ဘိုးဘွားရိပ်သာများတွင် လုပ်ကိုင်နေသူများကို ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စတန်ဘူလ်မြို့ရှိ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးထိုးနှံခြင်းများ နှစ်ရက်အတွင်းပြီးဆုံးမည်ဖြစ်ကြောင်း ဆေးရုံတစ်ရုံမှ အကြီးအကဲ ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။ မိမိတို့သည် ကာကွယ်ဆေးကို တစ်နေ့လျှင် လူဦးရေ ၁၈၀၀ အထိ ထိုးပေးနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။ အွန်လိုင်းမှ ကာကွယ်ဆေးထိုးရန် လျှောက်ထားသော ဆေးရုံဝန်ထမ်းတစ်ဦးသည်လည်း ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။ ကာကွယ်ဆေး၏ထိရောက်မှုအပေါ် အမြဲယုံကြည်ကြောင်းနှင့် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်သည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို အဆုံးသတ်စေမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တူရကီကျန်းမာရေးဝန်ကြီးနှင့် ၎င်းတို့အဖွဲ့သည်လည်း ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး ၎င်းတို့၏ကာကွယ်ဆေးထိုးနှံမှုကို ပြည်သူလူထုသို့ တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့သည်။ တူရကီသည် ကာကွယ်ဆေး သန်း ၅၀ ရရှိရန် သဘောတူထားရာ ပထမအသုတ်ဖြစ်သည့် ကာကွယ်ဆေးသုံးသန်းကို ဒီဇင်ဘာလအကုန်က ရရှိခဲ့သည်။ ကျန်ရှိနေသည့်ကာကွယ်ဆေးများကို မကြာမီအချိန်အတွင်းရရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀ ဒသမ ၅ သန်းကျော် ရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၁၅**

အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၅၉၀ တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်- ၁၉ ဖြစ်ပွားသူဦးရေ ၁၀၅၂၇၆၈၃ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများ၏ ၅၈ ရာခိုင်နှုန်းနီးပါးသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာနှင့် အနောက်တောင်ပိုင်းပြည်နယ် မဟာရက်ရှ်ထရာတို့မှ ဖြစ်သည်။ ကီရာလာတွင် ဇန်နဝါရီ ၁၄ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၅၅၀၀ ရှိချိန်တွင် မဟာရက်ရှ်ထရာတွင် ၃၅၀၀ ရှိကြောင်း သိရသည်။ မြို့တော်ဒေလီတွင် ဇန်နဝါရီ ၁၄ ရက်က လေးဦးသေဆုံးခဲ့သည်။ အဆိုပါပမာဏသည် မေ ၁၁ ရက်မှစကာ အနည်းဆုံး သေဆုံးသည့်ပမာဏ ဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ လတ်တလောကူးစက်ဖြစ်ပွားနေသူ ၂၁၃၀၂၇ ဦးရှိပြီး ၁၀၁၆၂၇၃၈ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက်အထိ ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၈၄၉၆၂၄၀၁ ခုအထိ လုပ်ဆောင်ခဲ့သည်။ ၎င်းစစ်ဆေးမှုများအနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၇၃၀၀၉၆ ခုကို ဇန်နဝါရီ ၁၄ ရက်တစ်ရက်တည်းတွင် ပြုလုပ်ပေးခဲ့ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီ၏ နောက်ဆုံးထုတ်ပြန်လိုက်သော စာရင်းဇယားများအရ သိရသည်။

နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ် -၁၉ အဆိုးဆုံး ကူးစက်ခံနေရသည့်နေရာတစ်ခုဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သော သီတင်းပတ်များက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနှုန်း လျော့နည်းခဲ့သည်။ ဇန်နဝါရီ ၁၄ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၀ သာ ရှိခဲ့ပြီး လေးဦးသာ သေဆုံးခဲ့သည်။

မြို့တော်နယူးဒေလီတွင် ယခုချိန်အထိ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၀၇၂၂ ဦးရှိကြောင်း ဒေလီကျန်းမာရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

ဆင်ဟွာ



အိန္ဒိယတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်- ၁၉ စစ်ဆေးရန် နှာခေါင်းနှင့်အာခေါင်တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်၍ လူပေါင်း ၆၀၀ ကျော် ဒဏ်ရာရ

**ဂျကာတာ ဇန်နဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခဲ့ရာ လူ ၃၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ရာနှင့်ချီ၍ ရှိသည်ဟု သိရသည်။

ဇန်နဝါရီ ၁၅ ရက် ဒေသစံတော်ချိန်နံနက် ၂ နာရီ ၃၀ တွင် ဆူလာဝေစီ အနောက်ပိုင်းပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၂ အင်အားရှိ ငလျင်တစ်ခုလှုပ်ခဲ့သည်ဟု အင်ဒိုနီးရှား သဘာဝဘေး သက်သာစေရေးအေဂျင်စီက ပြောသည်။

ဆူနာမီ သတိပေးချက်မရှိသေးပေ။ ငလျင်ကြောင့် ဆူလာဝေစီအနောက်ပိုင်း မက်ဂျင်းမြို့ရှိ အဆောက်အအုံအများအပြား ပျက်စီးခဲ့ရသည်။ ဒဏ်ရာရရှိသူ ၆၃၇ ဦးရှိပြီး လူပေါင်း ၁၅၀၀၀ ကို နေအိမ်များမှ စွန့်ခွာရန် ဖိအားပေးလုပ်ဆောင်ခဲ့ရသည်ဟု အေဂျင်စီက ပြောသည်။

အေဂျင်စီကထုတ်ပြန်သည့် ဗီဒီယိုတွင် အမျိုးသမီးတစ်ဦး အပျက်အစီးပုံများအောက်တွင် ပိတ်မိနေသည်ကို ပြသထားသည်။ ၎င်း၏အနီးတွင်လည်း အခြားအမျိုးသမီးတစ်ဦးပိတ်မိနေပြီး အသက်ရှင်လျက်ရှိသေးသည်ဟု ပြောဆိုခဲ့သည်။ ငလျင်ကြောင့် မြို့နှင့် ဆက်သွယ်ထားသည့် လမ်းများပျက်စီးသွားသည့်အတွက် ကယ်ဆယ်ရေးအဖွဲ့များ မက်ဂျင်းမြို့အတွင်းသို့ ဝင်ရောက်ရန် အခက်အခဲဖြစ်နေရသည်။ ၂၀၁၈ ခုနှစ်ကလည်း ဆူလာဝေစီအလယ်ပိုင်းတွင် အင်အား ပြင်းထန်သည့်ငလျင်နှင့် ဆူနာမီကြောင့် လူပေါင်း ၄၀၀၀ သေဆုံးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**




အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးများ ပြုလုပ်နေစဉ်။

# အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံတန် စီးပွားရေးအစီအစဉ်တစ်ရပ်ကို ဂျိုးဘိုင်ဒင် ကြေညာ

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန် သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဂျိုးဘိုင်ဒင်သည် သမ္မတအဖြစ် ခန့်အပ်ပွဲမတိုင်မီ အမေရိကန်ဒေါ်လာ ၁ ဒသအ ၉ ထရီလီယံတန်ဖိုးရှိ စီးပွားရေးအစီအစဉ် အဆိုပြုချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအစီအစဉ်ကို အမေရိကန် ကယ်ဆယ်ရေးအစီအစဉ်ဟု ဇန်နဝါရီ ၁၄ ရက်တွင် ခေါ်ဝေါ်ခဲ့သည်။ သေသပ်သည့် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများကြောင့် ကာလရှည်ကြာ စီးပွားရေးပျက်စီးမှုကို အကာအကွယ်ပေးနိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ်ထက်ပိုမို၍ အကျိုးကျေးဇူးရရှိလိမ့်မည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ယင်းအစီအစဉ်တွင် လိုအပ်နေသည့် အမေရိကန်နိုင်ငံသားတိုင်းအတွက် ဒေါ်လာ ၁၄၀၀ ပေးအပ်မည်ဖြစ်သည်။

ယခင်ကလည်း လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ဒေါ်လာ ၆၀၀ စီ ပေးအပ်ခဲ့ပြီးဖြစ်ရာ အဆိုပါလူများအားလုံးသည် ဒေါ်လာ ၂၀၀၀ စီ ရရှိမည်ဖြစ်သည်။ ယခုကြေညာထားသည့် စီးပွားရေးအစီအစဉ်တွင် ဗိုင်းရပ်စ်စစ်ဆေးမှုနှင့် ကာကွယ်ဆေးအတွက် ကုန်ကျစရိတ်များပါ ပါဝင်သည်ဟု သိရသည်။

ထို့ပြင် ပြည်နယ်အစိုးရများအတွက် ထောက်ပံ့ကြေးနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကုန်ကျစရိတ်များပါ ပါဝင်သည်။

ယင်းအဆိုပြုချက်ကို အတည်ပြုပြီးပါက အမေရိကန်သမိုင်းတွင် အကြီးဆုံး စီးပွားရေး အစီအစဉ်တစ်ရပ်ဖြစ်လာမည်ဟု အမေရိကန် မီဒီယာများတွင် ဖော်ပြကြသည်။

ယခုအာရုံစိုက်နေကြသည်မှာ လွှတ်တော်တွင် ယင်းအဆိုပြုချက်ကို အတည်ပြု မပြုပင်ဖြစ်သည်။ အတည်ပြုချက်ရရှိရန် ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်များသာမက ဒီမိုကရက်တစ်လွှတ်တော်အမတ်များ၏ ခွင့်ပြုချက်ပါ လိုအပ်သည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဂျိုးဘိုင်ဒင်။

# ပြင်သစ်နိုင်ငံလုပ် တိုက်လေယာဉ်များ ဝယ်ယူရန် ဂရိပါလီမန် အတည်ပြု

**အေသင် ဇန်နဝါရီ ၁၅**

ပြင်သစ်နိုင်ငံထုတ် ရာဖားလ်တိုက်လေယာဉ်အမျိုးအစား ၁၈ စင်းကို ဝယ်ယူရန် ဇန်နဝါရီ ၁၄ ရက်က ဂရိပါလီမန်လွှတ်တော်တွင် အတည်ပြုပေးခဲ့သည်။ တိုက်လေယာဉ် ၁၈ စင်းအနက် ၁၂ စင်းမှာ အသုံးပြုပြီးဖြစ်ပြီး ခြောက်စင်းမှာ အသစ်ဖြစ်သည်။

ကာကွယ်ရေးလက်နက် ဝယ်ယူခြင်းဥပဒေကြမ်းကို အာဏာရပါတီအပြင် အခြားသောအတိုက်အခံပါတီအချို့ကပါ ထောက်ခံပေးခဲ့သည်။ ပထမ အကျော့တိုက်လေယာဉ်ပေးပို့ခြင်းကို ယခုနှစ်အတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အစီအစဉ်ပြီးဆုံးမည်ဟု သိရသည်။

၂၀၂၅ ခုနှစ် အရောက်တွင် ဂရိနိုင်ငံ၏ ကာကွယ်ရေးတွင် ခေတ်မီလက်နက်များ တပ်ဆင်နိုင်ရေး ယူရို ၁၁ ဒသမ ၅ ဘီလီယံ အသုံးပြုရန် စီစဉ်ထားရာ ယခုသဘောတူညီမှုမှာ ယင်းအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ပြီးခဲ့သည့်လများအတွင်း မြေထဲပင်လယ်ရှိ စွမ်းအင်အရင်းအမြစ်နေရာအတွက် တူရကီနှင့် ဂရိတို့ကြားတင်းမာမှုများ ပေါ်ပေါက်လာပြီးနောက် ယခုကဲ့သို့ လက်နက်ဝယ်ယူရန် ဖြစ်လာခြင်းဖြစ်သည်။

ပင်လယ်ရေကြောင်းသွားလာမှုဇုန်များနှင့် ပတ်သက်ပြီး သတ်မှတ်နိုင်ရေးအတွက် ဇန်နဝါရီ ၂၅ ရက်တွင် ဆွေးနွေးပွဲပြန်လည်စတင်မည်ဟု ယခုသီတင်းပတ်အစောပိုင်းတွင် ဂရိနှင့် တူရကီတို့က ကြေညာခဲ့သည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်ကူးစက်ခံရသူ ၁၂၈၀၀ ကျော်ဖြင့် နေ့စဉ်ကူးစက်မှု အများဆုံးနေ့အဖြစ် စံချိန်တင်

**ဂျကာတာ ဇန်နဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက်က ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၂၈၁၈ ဦး တွေ့ရှိခဲ့ပြီး နေ့စဉ်ကူးစက်မှုအများဆုံး အာရှနိုင်ငံအဖြစ် စံချိန်တင်ခဲ့သည်ဟု သိရသည်။

နောက်ထပ်ကူးစက်ခံရသူများပါ ထပ်ပေါင်းလျှင် ကူးစက်ခံရသူစုစုပေါင်း ၈၈၂၄၁၈ ဦးရှိလာပြီဖြစ်သည်။ နောက်ထပ်သေဆုံးသူ ၂၃၈ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၂၅၄၈၄ ဦး ရှိသည်။

**ပြည်နယ် ၃၄ ခုတွင် ပျံ့နှံ့**

ဆေးရုံမှ ဆင်းသွားသူ ၇၄၉၁ ဦးရှိသည့်အတွက် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၇၁၈၆၉၆ ဦး ရှိသည်ဟု သိရသည်။ ကိုဗစ် – ၁၉ ကူးစက်မှုမှာ ပြည်နယ် ၃၄ ခုတွင် ပျံ့နှံ့နေသည်။

ပြီးခဲ့သည့် ၂၄နာရီအတွင်း အနောက်ဂျာဗားတွင် ကူးစက်ခံရသူ ၃၀၉၅ ဦး၊ ဂျကာတာတွင် ၂၅၄၁ ဦး၊ ဂျာဗားအလယ်ပိုင်းတွင် ၁၉၉၃ ဦး၊ အရှေ့ဂျာဗားတွင် ၁၁၉၈ ဦးနှင့် ဆူလာဝေစီ တောင်ပိုင်းတွင် ၆၄၉ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဂျာမနီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ နှစ်သန်းကျော်ရှိလာ

**ဘာလင် ဇန်နဝါရီ ၁၅**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် အကြံပေးချက်များ ထုတ်ပြန်ရန် ပြင်ဆင်နေချိန်တွင် ဂျာမနီနိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်အထိ ကိုဗစ် – ၁၉ ကူးစက်ခံရသူ နှစ်သန်းကျော်ရှိသွားပြီဟု သိရသည်။

ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ နှစ်သန်းကျော်ရှိလာချိန်တွင် ဥရောပ၏ စီးပွားရေးအကြီးဆုံးနိုင်ငံဖြစ်သည့် ဂျာမနီတွင်လည်း ကူးစက်မှုများ များပြားလာခြင်းဖြစ်သည်။

ဥရောပနိုင်ငံအများစုတွင် ကိုဗစ်– ၁၉ ကန့်သတ်ချက်များကို နှစ်ဆတိုးလာပြီး ကာကွယ်ဆေးထိုးပေးခြင်းမှာလည်း ကနဦးအဆင့်တွင်သာ ရှိနေသေးသည်။

ပေါ်တူဂီနိုင်ငံတွင်လည်း ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ခဲ့သည်။ ဗြိတိန်နိုင်ငံတွင်လည်း နိုင်ငံအတွင်းသို့ ဝင်ရောက်မည်ဆိုလျှင် ကိုဗစ် –၁၉ ကင်းစင်ကြောင်း လက်မှတ်ပြသရန် လိုအပ်သည်။

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာ မာကယ်သည်လည်း ကိုဗစ်– ၁၉ ကူးစက်မှု ထိန်းချုပ်နိုင်ရေးအတွက် ဇန်နဝါရီ ၁၄ ရက်က ပိုမိုတင်းကျပ်သည့်စည်းကမ်းချက်များ ချမှတ်ခဲ့သည်။

လာမည့်သီတင်းပတ်များအတွင်း ဒေသတွင်း ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲ ပြုလုပ်သွားလိုသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




ဘာလင်မြို့ရှိ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးရာနေရာသို့ လာရောက်ကြသူများကို တွေ့ရစဉ်။

# မြန်မာ့စီးပွားရေးကို ပြန်လည်နိုးထလာစေဖို့

COVID–19 ထိခိုက်မှုဒဏ်ကို သက်သာစေဖို့အတွက် COVID–19 ထိခိုက်မှုသက်သာရေး စီမံချက် (CERP) ကို ရေးဆွဲခဲ့ပြီး အဲဒီစီမံချက်မှာပါတဲ့ ကာလတိုလုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ COVID–19 ထိခိုက်မှုဒဏ်ကို သက်သာစေဖို့အပြင် တစ်ဆင့်ရိုက်ခတ်မှုဒဏ်ကို ခံစားလာရတဲ့ မြန်မာ့စီးပွားရေးကို ပြန်လည်နိုးထလာစေဖို့ ပြည့်စုံကျယ်ပြန့်တဲ့ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဖို့ လိုအပ်လာပါတယ်။ အဲဒါကြောင့် မြန်မာ့စီးပွားရေးထိခိုက်မှုကို တွန်းလှန်လွန်မြောက်နိုင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) မူကြမ်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဲဒီစီမံချက်မှာပါတဲ့ ကာလလတ်လုပ်ငန်းစဉ်များအနက် အမြန်ဆုံးသိသာနိုင်တဲ့ လုပ်ငန်းစဉ်များကို ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ MERRP ဟာ စီးပွားရေးကဏ္ဍကို ပိုမိုဖေါင်းပေးထားပြီး အဲဒီစီမံချက်မှာပါတဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

**(အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁–၁–၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**





## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၃ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၃၅)ကြိမ်မြောက်မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၇ ဦး၊ အမေရိကန်ပြည်ထောင်စုမှ နှစ်ဦး၊ ကင်ညာမှ တစ်ဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ စပိန်မှ ရှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်မှ တစ်ဦး၊ ဂျပန်မှ ကိုးဦး၊ အီကွေဒေါမှ ခြောက်ဦး၊ စင်ကာပူမှ ငါးဦး၊ အီဂျစ်မှ ကိုးဦး၊ ပြင်သစ်မှ ခြောက်ဦး၊ နယ်သာလန်မှ တစ်ဦး၊ တန်ဇေးနီးယားမှ တစ်ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၄၂ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊သင်္ဘောကုမ္ပဏီများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

မှတ်ချက်။ COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။

(၆–၁–၂၀၂၁)ရက်နေ့မှ (၁၅–၁–၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၉,၂၉၄) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၅–၁–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၂,၇၅၅) ဦး | (၂,၀၉၇,၃၃၂) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၁၃) ဦး | (၁၃၃,၃၇၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၅၁၀) ဦး | (၁၁၆,၆၁၀) ဦး |
| သေဆုံးလူနာ | (၁၄) ဦး | (၂,၉၂၆) ဦး |

- ယနေ့ **သေဆုံးသူ (၁၄) ဦး**အနက် ရောဂါအခံရှိသူ (၁၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၅၁၀) ဦးတွင် –
  - o ဆေးရုံများ – (၃၆၃) ဦး
  - o COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၁၄၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၂၀၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၁၅**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၅-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၁၄-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၂,၈၆၅) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၄-၁-၂၁) အထိ | (၁-၁-၂၀၂၁) ရက်နေ့မှ (၁၄-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃၀၈ | ၆ | ၁၉ | ၅ | ၆ | ၉ | ၇ | ၉ | ၁၁ | ၅ | ၁၅ | ၁၀ | ၆ | ၇ | ၁၇ |
| ၂ | မြောက်ဥက္ကလာပ** | ၅၈၁၉ | ၁၂ | ၁၁ | ၅ | ၃ | ၁၄ | ၁၅ | ၇ | ၁၈ | ၉ | ၁၂ | ၈ | ၁၄ | ၆ | ၁၂ |
| ၃ | ဒဂုံမြို့သစ်(တောင်ပိုင်း)** | ၃၁၇၂ | ၁၄ | ၆ | ၅ | ၃ | ၁၆ | ၁၀ | ၁၇ | ၂ | ၇ | ၃ | ၃ | ၅ | ၃ | ၁၁ |
| ၄ | သဃ်္ဃန်းကျွန်း | ၄၅၂၈ | ၆ | ၂၂ | ၁၀ | ၁၃ | ၃၆ | ၇ | ၂၁ | ၁၂ | ၁၇ | ၇ | ၁၃ | ၁၆ | ၆ | ၁၀ |
| ၅ | မင်္ဂလာဒုံ | ၆၀၁၅ | ၉ | ၁၃ | ၂၁ | ၉ | ၁၄ | ၁၀ | ၂၂ | ၁၈ | ၆ | ၂၅ | ၁၄ | ၁၃ | ၁၂ | ၈ |
| ၆ | တောင်ဥက္ကလာပ | ၂၉၆၁ | ၂ | ၃ | ၇ | ၁၄ | ၁၀ | ၅ | ၃ | ၁၀ | ၁၁ | ၃ | ၁ | ၆ | ၁၀ | ၇ |
| ၇ | လှည်းကူး** | ၁၁၁၇ | ၁ | ၀ | ၆ | ၄ | ၁ | ၃ | ၁၈ | ၄ | ၅ | ၂ | ၆ | ၂ | ၂ | ၇ |
| ၈ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၀၄၄ | ၄ | ၂ | ၀ | ၄ | ၇ | ၁၁ | ၄ | ၃ | ၃၄ | ၆၁ | ၁၄ | ၅ | ၁၅ | ၆ |
| ၉ | မရမ်းကုန်း | ၃၈၂၉ | ၆ | ၆ | ၅ | ၉ | ၅ | ၇ | ၁၅ | ၇ | ၃ | ၁၃ | ၉ | ၁၁ | ၂ | ၅ |
| ၁၀ | မှော်ဘီ | ၂၁၀၇ | ၂၁ | ၁၁ | ၂၁ | ၁၄ | ၇ | ၁၁ | ၇ | ၂၈ | ၃ | ၁၀ | ၁၁ | ၇ | ၃ | ၅ |
| ၁၁ | လှိုင်သာယာ | ၄၇၉၅ | ၄ | ၃ | ၅ | ၁၃ | ၆ | ၈ | ၁၅ | ၇ | ၉ | ၄ | ၅ | ၉ | ၇ | ၄ |
| ၁၂ | လှိုင် | ၂၉၅၄ | ၁၄ | ၀ | ၂ | ၁ | ၂ | ၇ | ၈ | ၅ | ၄ | ၂ | ၄ | ၅ | ၀ | ၄ |
| ၁၃ | မင်္ဂလာတောင်ညွန့် | ၁၈၃၆ | ၂ | ၅ | ၂ | ၁ | ၅ | ၈ | ၃ | ၁ | ၃ | ၄ | ၂ | ၃ | ၆ | ၄ |
| ၁၄ | ရန်ကင်း | ၁၂၉၄ | ၄ | ၃ | ၀ | ၄ | ၆ | ၈ | ၇ | ၄ | ၆ | ၄ | ၄ | ၅ | ၇ | ၄ |
| ၁၅ | ပုဇွန်တောင် | ၈၀၉ | ၂ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၃ | ၄ |
| ၁၆ | ကွမ်းခြံကုန်း | ၂၉၈ | ၁ | ၀ | ၀ | ၁ | ၃ | ၀ | ၁ | ၁ | ၀ | ၄ | ၃ | ၀ | ၁ | ၄ |
| ၁၇ | ရွှေပြည်သာ | ၃၇၉၂ | ၂ | ၈ | ၅ | ၁ | ၂ | ၅ | ၉ | ၃ | ၆ | ၆ | ၁ | ၃ | ၆ | ၃ |
| ၁၈ | သန်လျင် | ၂၈၄၈ | ၅ | ၁ | ၆ | ၃ | ၂ | ၂ | ၆ | ၅ | ၁၂ | ၄ | ၆ | ၃ | ၄ | ၃ |
| ၁၉ | သာကေတ | ၂၃၈၅ | ၃ | ၆ | ၃ | ၅ | ၃ | ၃ | ၈ | ၄ | ၃ | ၀ | ၉ | ၀ | ၆ | ၃ |
| ၂၀ | စမ်းချောင်း** | ၂၀၂၄ | ၂ | ၃ | ၅ | ၁၁ | ၃ | ၅ | ၁၀ | ၅ | ၆ | ၇ | ၃ | ၄ | ၇ | ၃ |
| ၂၁ | ကျောက်တန်း | ၉၄၉ | ၁ | ၁၀ | ၀ | ၆ | ၄ | ၇ | ၁၀ | ၂ | ၄ | ၇ | ၂ | ၆ | ၄ | ၃ |
| ၂၂ | ဒဂုံ | ၇၀၀ | ၂ | ၁ | ၁ | ၂ | ၂ | ၃ | ၂ | ၀ | ၁ | ၁ | ၂ | ၃ | ၃ | ၃ |
| ၂၃ | အင်းစိန် | ၄၅၉၇ | ၁ | ၂၈ | ၈ | ၅ | ၂ | ၈ | ၄ | ၁၀ | ၉ | ၇ | ၄ | ၀ | ၉ | ၂ |
| ၂၄ | တာမွေ | ၃၀၀၁ | ၅ | ၁၀ | ၁၅ | ၃ | ၁၈ | ၁၁ | ၁၂ | ၈ | ၁ | ၁၁ | ၇ | ၁၀ | ၁ | ၂ |
| ၂၅ | ဒဂုံဆိပ်ကမ်း | ၁၂၅၀ | ၀ | ၁ | ၃ | ၈ | ၄ | ၀ | ၀ | ၄ | ၀ | ၀ | ၁ | ၁ | ၁ | ၂ |
| ၂၆ | ပန်းဘဲတန်း | ၈၈၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၃ | ၅ | ၄ | ၁ | ၀ | ၁ | ၀ | ၂ |
| ၂၇ | ကမာရွတ် | ၂၄၈၀ | ၁ | ၄ | ၆၅ | ၃ | ၃ | ၃ | ၄ | ၃ | ၁၃ | ၈ | ၂ | ၂ | ၆ | ၁ |
| ၂၈ | ဗဟန်း | ၁၅၄၆ | ၂ | ၄ | ၆ | ၃ | ၃ | ၄ | ၂ | ၉ | ၂ | ၂ | ၅ | ၇ | ၂ | ၁ |
| ၂၉ | ဒလ | ၁၄၁၁ | ၀ | ၂ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ |
| ၃၀ | ဗိုလ်တထောင် | ၁၁၆၉ | ၃ | ၃ | ၀ | ၂ | ၁ | ၂ | ၆ | ၂ | ၂ | ၁ | ၁ | ၂ | ၂ | ၁ |
| ၃၁ | ဒေါပုံ | ၁၁၀၂ | ၀ | ၆ | ၄ | ၀ | ၄ | ၃ | ၁ | ၃ | ၃ | ၂ | ၂ | ၀ | ၂ | ၁ |
| ၃၂ | အလုံ | ၁၀၈၈ | ၀ | ၆ | ၄ | ၃ | ၂ | ၁ | ၂ | ၃ | ၂ | ၁ | ၁ | ၃ | ၄ | ၁ |
| ၃၃ | တိုက်ကြီး | ၆၅၈ | ၁ | ၃ | ၂ | ၀ | ၃ | ၁ | ၄ | ၁ | ၂ | ၄ | ၀ | ၂ | ၃ | ၁ |
| ၃၄ | ကျောက်တံတား** | ၆၃၅ | ၁ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၂ | ၁ | ၂ | ၁ |
| ၃၅ | သုံးခွ | ၄၂၀ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၃ | ၀ | ၁ |
| ၃၆ | ကော့မှူး | ၃၁၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၁ |
| ၃၇ | ကြည့်မြင်တိုင် | ၂၀၃၈ | ၀ | ၃ | ၁ | ၂ | ၂ | ၂ | ၃ | ၈ | ၁ | ၈ | ၁ | ၇ | ၂ | ၀ |
| ၃၈ | လမ်းမတော် | ၁၂၇၆ | ၀ | ၁ | ၂ | ၇ | ၀ | ၁၀ | ၄ | ၁ | ၂ | ၂ | ၃ | ၃ | ၄ | ၀ |
| ၃၉ | တွံတေး | ၉၂၃ | ၁ | ၃ | ၃ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၃ | ၀ | ၀ |
| ၄၀ | လသာ | ၇၈၅ | ၀ | ၁ | ၀ | ၄ | ၀ | ၁ | ၂ | ၁ | ၄ | ၂ | ၂ | ၆ | ၁ | ၀ |
| ၄၁ | ထန်းတပင် | ၆၃၉ | ၀ | ၃ | ၁ | ၂ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၄၂ | ဆိပ်ကြီးခနောင်တို | ၄၃၈ | ၀ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |
| ၄၃ | ခရမ်း | ၄၃၆ | ၀ | ၂ | ၁ | ၁ | ၃ | ၀ | ၀ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၀ |
| | * | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၅၆၉၆ | ၁၃၉ | ၂၂၀ | ၂၃၂ | ၁၇၄ | ၂၁၀ | ၁၉၃ | ၂၅၂ | ၂၂၃ | ၂၀၃ | ၂၄၆ | ၁၆၅ | ၁၈၃ | ၁၅၉ | ၁၄၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၄၄ | ချမ်းမြသာစည် | ၁၉၁၆ | ၁၀ | ၂၄ | ၆ | ၃၀ | ၁၃ | ၁၄ | ၁၄ | ၂၄ | ၂၃ | ၂၀ | ၂၆ | ၁၄ | ၁၈ | ၁၇ |
| ၄၅ | အောင်မြေသာစံ | ၂၄၄၉ | ၁၃ | ၁၁ | ၂၆ | ၁၀ | ၁၃ | ၂၁ | ၂၁ | ၂၂ | ၁၅ | ၁၁ | ၉ | ၁၇ | ၁၈ | ၁၄ |
| ၄၆ | မဟာအောင်မြေ | ၂၄၄၀ | ၇ | ၁၅ | ၁၅ | ၂၂ | ၂၀ | ၁၄ | ၄ | ၁၅ | ၁၄ | ၁၆ | ၁၀ | ၁၅ | ၂ | ၁၃ |
| ၄၇ | စဉ့်ကိုင် | ၂၉၇ | ၀ | ၀ | ၃ | ၃ | ၉ | ၆ | ၀ | ၂ | ၄ | ၁ | ၁ | ၁ | ၁ | ၁၃ |
| ၄၈ | တောင်သာ** | ၂၄၆ | ၁ | ၄ | ၃ | ၂ | ၁၄ | ၀ | ၇ | ၁၂ | ၃ | ၆ | ၇ | ၉ | ၀ | ၁၃ |
| ၄၉ | ချမ်းအေးသာစံ | ၂၆၅၁ | ၁၂ | ၂၂ | ၃၃ | ၁၂ | ၁၉ | ၂၅ | ၁၅ | ၂၄ | ၁၂ | ၁၃ | ၂၀ | ၂၀ | ၉ | ၁၀ |
| ၅၀ | မြင်းခြံ | ၄၆၈ | ၆ | ၆ | ၀ | ၉ | ၈ | ၁၀ | ၀ | ၁၂ | ၅ | ၁၁ | ၁ | ၀ | ၅ | ၉ |
| ၅၁ | ပြည်ကြီးတံခွန် | ၉၄၄ | ၁ | ၁၄ | ၇ | ၁၃ | ၉ | ၁၃ | ၁၁ | ၁၇ | ၁၂ | ၁၁ | ၁၄ | ၁၁ | ၈ | ၇ |
| ၅၂ | ကျောက်ပန်းတောင်း | ၁၅၇ | ၀ | ၀ | ၂ | ၈ | ၂ | ၀ | ၁ | ၁ | ၀ | ၃ | ၁၁ | ၀ | ၈ | ၇ |
| ၅၃ | တံတားဦး | ၁၀၆ | ၀ | ၀ | ၁ | ၃ | ၂ | ၈ | ၀ | ၆ | ၃ | ၂ | ၁ | ၅ | ၂ | ၅ |
| ၅၄ | ပုသိမ်ကြီး | ၆၅၀ | ၄ | ၁၂ | ၂၄ | ၁၈ | ၇ | ၆ | ၃ | ၆ | ၆ | ၁၀ | ၄ | ၃ | ၁၈ | ၄ |
| ၅၅ | မိုးကုတ် | ၄၇ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ |
| ၅၆ | အမရပူရ | ၁၅၇၉ | ၁၂ | ၁၉ | ၁၃ | ၁၃ | ၁၂ | ၁၄ | ၉ | ၂၀ | ၉ | ၁၀ | ၁၈ | ၆ | ၉ | ၂ |
| ၅၇ | ကျောက်ဆည် | ၁၇၃ | ၀ | ၉ | ၂ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၂ | ၁ | ၂ | ၄ | ၂ |
| ၅၈ | ညောင်ဦး | ၁၃၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၁ | ၁ | ၀ | ၂ |
| ၅၉ | မြစ်သား | ၉၅ | ၀ | ၁ | ၄ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၂ | ၄ | ၂ | ၂ | ၂ |
| ၆၀ | ဝမ်းတွင်း | ၈၇ | ၀ | ၂ | ၃ | ၀ | ၀ | ၁ | ၀ | ၃ | ၁ | ၁ | ၂ | ၁ | ၂ | ၂ |
| ၆၁ | မိတ္ထီလာ** | ၂၂၉ | ၀ | ၂ | ၁ | ၀ | ၂ | ၀ | ၆ | ၀ | ၁ | ၁ | ၀ | ၃ | ၂ | ၁ |
| ၆၂ | ပျော်ဘွယ်** | ၁၀၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁ |
| ၆၃ | မတ္တရာ | ၁၁၆ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၂ | ၁ | ၀ | ၃ | ၉ | ၀ | ၁ |
| ၆၄ | နွားထိုးကြီး | ၉၇ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၁ |
| ၆၅ | သပိတ်ကျင်း | ၄၄ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ | ၀ | ၁ | ၀ | ၅ | ၀ | ၀ | ၁ |
| ၆၆ | ပြင်ဦးလွင် | ၁၈၇ | ၀ | ၀ | ၀ | ၁ | ၄ | ၁ | ၃ | ၄ | ၆ | ၂ | ၄ | ၃ | ၀ | ၀ |
| ၆၇ | သာစည် | ၁၁၆ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၆၈ | ရမည်းသင်း | ၉၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆၉ | ငါန်းဇွန် | ၇၃ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ |
| ၇၀ | မလှိုင် | ၄၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၇၁ | စဉ့်ကူး | ၁၇ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၅၅၆၀ | ၆၉ | ၁၄၃ | ၁၅၀ | ၁၄၉ | ၁၃၈ | ၁၄၀ | ၁၀၅ | ၁၇၈ | ၁၂၂ | ၁၂၅ | ၁၄၃ | ၁၂၄ | ၁၁၁ | ၁၃၁ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇၂ | ပဲခူး | ၃၁၇၉ | ၄၄ | ၂၅ | ၇၁ | ၅၀ | ၂၇ | ၉၁ | ၂၈ | ၅၂ | ၂၈ | ၂၉ | ၂၀ | ၂၆ | ၁၀ | ၂၁ |
| ၇၃ | ဖြူး | ၄၆၇ | ၄ | ၄ | ၁၃ | ၂ | ၁၀ | ၅ | ၁ | ၁၄ | ၄ | ၆ | ၀ | ၄ | ၃၂ | ၁၄ |
| ၇၄ | ကျောက်တံခါး | ၃၄၅ | ၀ | ၂ | ၀ | ၃ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၁၁ | ၁ | ၁၀ |
| ၇၅ | လက်ပံတန်း | ၄၆၈ | ၁၁ | ၂ | ၀ | ၃ | ၀ | ၀ | ၈ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၈ |
| ၇၆ | သနပ်ပင်** | ၁၉၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁၅ | ၀ | ၀ | ၁ | ၁ | ၁ | ၇ |
| ၇၇ | ကဝ | ၃၈၂ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | ၆ |
| ၇၈ | ညောင်လေးပင် | ၂၅၀ | ၃ | ၄ | ၁ | ၁ | ၅ | ၀ | ၁ | ၀ | ၀ | ၁၃ | ၀ | ၀ | ၄ | ၄ |
| ၇၉ | ပေါက်ခေါင်း | ၅၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၈၀ | ဝေါ** | ၄၃၁ | ၀ | ၀ | ၁ | ၁ | ၅ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ |
| ၈၁ | ဒိုက်ဦး | ၂၂၃ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၅ | ၄ | ၂ | ၀ | ၂ | ၂ | ၀ | ၂ |
| ၈၂ | ပေါင်းတည် | ၁၁၇ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၂ |
| ၈၃ | မင်းလှ | ၂၃၄ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ |
| ၈၄ | ပြည် | ၂၁၆ | ၄ | ၁ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၇ | ၁ |
| ၈၅ | ကြို့ပင်ကောက် | ၁၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ |
| ၈၆ | သာယာဝတီ | ၅၁၆ | ၀ | ၁ | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁ | ၀ | ၁ | ၁ | ၂ | ၀ |
| ၈၇ | အုတ်ဖို | ၁၉၄ | ၁ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ |
| ၈၈ | တောင်ငူ | ၁၈၉ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၅ | ၀ |
| ၈၉ | ရေတာရှည် | ၁၇၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၀ | ရွှေတောင် | ၁၇၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ |
| ၉၁ | နတ်တလင်း | ၁၃၄ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၃ | ၀ | ၀ | ၁ | ၀ |
| ၉၂ | မိုးညို | ၁၁၅ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၃ | အုတ်တွင်း | ၁၁၂ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ |
| ၉၄ | ပန်းတောင်း | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၅ | သဲကုန်း | ၉၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၆ | ဇီးကုန်း | ၇၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၇ | ရွှေကျင် | ၇၂ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၈ | ထန်းတပင် | ၄၉ | ၀ | ၀ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၉၉ | ကျောက်ကြီး | ၄၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၈၇၁၉ | ၆၉ | ၄၁ | ၁၁၀ | ၈၁ | ၅၃ | ၁၀၁ | ၄၇ | ၉၄ | ၅၇ | ၅၆ | ၃၁ | ၅၁ | ၆၇ | ၈၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၀၀ | ပုသိမ် | ၇၅၆ | ၈ | ၁၅ | ၁၂ | ၆ | ၁၂ | ၈ | ၂၁ | ၆ | ၄ | ၃ | ၁၀ | ၉ | ၁၇ | ၁၇ |
| ၁၀၁ | အင်္ဂပူ | ၁၁၅ | ၀ | ၁ | ၁၅ | ၁ | ၀ | ၃ | ၂၈ | ၃ | ၀ | ၇ | ၀ | ၇ | ၀ | ၁၀ |
| ၁၀၂ | လေးမျက်နှာ | ၅၆ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၁၀ |
| ၁၀၃ | ဟင်္သာတ | ၆၇၁ | ၁၂ | ၂ | ၅ | ၂၇ | ၄ | ၁၄ | ၃ | ၇ | ၇ | ၃၂ | ၆၉ | ၁၀ | ၄ | ၅ |
| ၁၀၄ | လပွတ္တာ | ၂၄၈ | ၀ | ၀ | ၂ | ၂ | ၁၄ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၄ |
| ၁၀၅ | ဘိုကလေး | ၂၆၃ | ၀ | ၀ | ၂ | ၁ | ၁ | ၁၁ | ၁၃ | ၄ | ၀ | ၁ | ၀ | ၂၈ | ၁ | ၂ |
| ၁၀၆ | မအူပင် | ၅၀၅ | ၂ | ၀ | ၁ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ |
| ၁၀၇ | ကျိုက်လတ် | ၂၄၈ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၄ | ၀ | ၀ | ၀ | ၄ | ၁ |
| ၁၀၈ | ညောင်တုန်း | ၂၄၂ | ၀ | ၀ | ၀ | ၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၁၀၉ | အိမ်မဲ** | ၆၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ၁၁၀ | မော်လမြိုင်ကျွန်း | ၄၉၄ | ၂ | ၀ | ၉ | ၀ | ၁ | ၈ | ၁ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ |
| ၁၁၁ | ဒေးဒရဲ | ၄၁၂ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၁၂ | ကျုံပျော် | ၂၇၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၂ | ၀ |
| ၁၁၃ | ဖျာပုံ | ၂၂၄ | ၁ | ၀ | ၀ | ၀ | ၀ | ၇ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ |
| ၁၁၄ | မြောင်းမြ | ၂၁၅ | ၀ | ၃ | ၅ | ၀ | ၀ | ၃ | ၄ | ၀ | ၂ | ၀ | ၂ | ၃ | ၀ | ၀ |
| ၁၁၅ | ရေကြည် | ၁၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၆ | ဝါးခယ်မ | ၁၀၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၇ | ဓနုဖြူ | ၁၀၄ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၅ | ၂ | ၀ | ၃ | ၀ | ၀ |
| ၁၁၈ | ကျောင်းကုန်း | ၈၃ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁၉ | ကန်ကြီးထောင့် | ၆၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၀ | မြန်အောင် | ၄၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၁ | ဇလွန် | ၄၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ |
| ၁၂၂ | ပန်းတနော် | ၃၈ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၂၃ | ကြံခင်း | ၃၃ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ |
| ၁၂၄ | သာပေါင်း | ၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂၅ | ငပုတော | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၅၄၅၉ | ၂၇ | ၂၂ | ၅၆ | ၅၀ | ၃၆ | ၆၀ | ၇၇ | ၂၂ | ၂၅ | ၅၂ | ၈၇ | ၆၅ | ၃၅ | ၅၂ |
| ၅။ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂၆ | မြောက်ဦး** | ၂၆၅ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၃ |
| ၁၂၇ | ရသေ့တောင်** | ၁၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၂၈ | ပေါက်တော** | ၁၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၂၉ | မင်းပြား** | ၉၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂ |
| ၁၃၀ | ကျောက်ဖြူ | ၄၄၆ | ၁ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၃၁ | ကျောက်တော် | ၂၆၄ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၃၂ | ပုဏ္ဏားကျွန်း | ၁၀၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၃၃ | ရမ်းဗြဲ** | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၃၄ | စစ်တွေ | ၁၅၄၉ | ၁ | ၀ | ၀ | ၀ | ၈ | ၃ | ၀ | ၅ | ၀ | ၀ | ၅ | ၅ | ၄ | ၀ |
| ၁၃၅ | မောင်တော | ၃၉၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၆ | ဘူးသီးတောင် | ၁၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃၇ | တောင်ကုတ် | ၁၈၀ | ၀ | ၀ | ၀ | ၁ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၁၃၈ | အမ်း | ၁၇၁ | ၁ | ၁၈ | ၂ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ


| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၁၄-၁-၂၁) အထိ | (၁-၁-၂၀၂၁) ရက်နေ့မှ (၁၄-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၁-၀၁-၂၁ | ၂-၀၁-၂၁ | ၃-၀၁-၂၁ | ၄-၀၁-၂၁ | ၅-၀၁-၂၁ | ၆-၀၁-၂၁ | ၇-၀၁-၂၁ | ၈-၀၁-၂၁ | ၉-၀၁-၂၁ | ၁၀-၀၁-၂၁ | ၁၁-၀၁-၂၁ | ၁၂-၀၁-၂၁ | ၁၃-၀၁-၂၁ | ၁၄-၀၁-၂၁ |
| ၁၃၉ | သံတွဲ | ၁၁၈ | ၀ | ၀ | ၁ | ၂ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၁၄၀ | မြေပုံ | ၉၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၁ | ပွ | ၃၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄၂ | မာန်အောင် | ၁၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၄၂၃၂ | ၃ | ၂၀ | ၅ | ၃ | ၁၂ | ၇ | ၀ | ၉ | ၂ | ၁ | ၅ | ၆ | ၁၀ | ၁၄ |
| ၆။ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၄၃ | မကွေး | ၃၉၅ | ၀ | ၈ | ၁ | ၉ | ၆ | ၁၀ | ၈ | ၆ | ၀ | ၂ | ၀ | ၂ | ၁ | ၄ |
| ၁၄၄ | ချောက် | ၁၃၀ | ၀ | ၂ | ၁ | ၁၁ | ၂ | ၁ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၄၅ | မင်းဘူး | ၂၂၆ | ၀ | ၃ | ၀ | ၁ | ၆ | ၃ | ၁ | ၀ | ၄ | ၃ | ၀ | ၀ | ၁၄ | ၁ |
| ၁၄၆ | အောင်လံ | ၅၆၄ | ၁ | ၁၀ | ၃ | ၄ | ၂ | ၁ | ၄ | ၀ | ၁၂ | ၂ | ၁ | ၈ | ၅ | ၀ |
| ၁၄၇ | စလင်း | ၂၇၆ | ၀ | ၁၄ | ၆ | ၁ | ၁၉ | ၂ | ၁ | ၀ | ၁၂ | ၁၁ | ၀ | ၂ | ၃ | ၀ |
| ၁၄၈ | တောင်တွင်းကြီး | ၂၅၀ | ၀ | ၄ | ၅ | ၅ | ၂ | ၀ | ၁ | ၁ | ၃ | ၁ | ၀ | ၀ | ၄ | ၀ |
| ၁၄၉ | မြို့သစ် | ၂၃၄ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ |
| ၁၅၀ | နတ်မောက် | ၂၀၀ | ၀ | ၀ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ |
| ၁၅၁ | ရေနံချောင်း | ၁၄၄ | ၀ | ၀ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၅ | ၁ | ၀ | ၂ | ၁ | ၀ |
| ၁၅၂ | ပခုက္ကူ | ၁၃၂ | ၀ | ၃ | ၁ | ၃ | ၂ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၂ | ၁ | ၀ |
| ၁၅၃ | မြိုင် | ၉၂ | ၀ | ၃ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၄ | ၀ | ၁ | ၂ | ၄ | ၀ |
| ၁၅၄ | ပွင့်ဖြူ | ၈၇ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၄ | ၀ |
| ၁၅၅ | ဂန့်ဂေါ | ၆၉ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၆ | သရက် | ၆၈ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၅၇ | ဆိပ်ဖြူ | ၄၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၆ | ၅ | ၁ | ၂ | ၁ | ၀ | ၀ |
| ၁၅၈ | ဆင်ပေါင်ဝဲ | ၃၉ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅၉ | ရေစကြို | ၃၆ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၀ | မင်းလှ | ၃၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ | ၁ | ၀ | ၁ | ၀ | ၀ |
| ၁၆၁ | ပေါက် | ၃၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၂ | ကံမ | ၁၉ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၃ | ငဖဲ | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၄ | ဆော | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၅ | စေတုတ္တရာ | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၆ | ထီးလင်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆၇ | မင်းတုန်း | ၆ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၁၅၄ | ၂ | ၅၆ | ၂၀ | ၄၀ | ၄၇ | ၁၉ | ၁၇ | ၁၆ | ၆၂ | ၂၃ | ၆ | ၂၀ | ၄၁ | ၈ |
| ၇။ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၆၈ | မော်လမြိုင်** | ၁၃၆၃ | ၁၇ | ၁၀ | ၄၂ | ၂၀ | ၂၈ | ၂၃ | ၂၉ | ၄၂ | ၂၉ | ၉ | ၃၉ | ၂၆ | ၂၃ | ၅၂ |
| ၁၆၉ | မုဒုံ** | ၇၄ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၂ | ၃ | ၀ | ၈ |
| ၁၇၀ | ကျိုက်မရော** | ၇၁ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၁ | ၀ | ၀ | ၁ | ၀ | ၇ |
| ၁၇၁ | ပေါင်** | ၁၃၆ | ၄ | ၀ | ၃ | ၁ | ၄ | ၀ | ၁ | ၂ | ၂ | ၁ | ၁ | ၀ | ၀ | ၄ |
| ၁၇၂ | ရေး** | ၁၀၆ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၃ |
| ၁၇၃ | ကျိုက်ထို** | ၂၀၉ | ၀ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၄ | ဘီးလင်း** | ၁၆၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၇၅ | ချောင်းဆုံ** | ၄၈ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၁ |
| ၁၇၆ | သထုံ | ၄၇၆ | ၀ | ၁ | ၂ | ၀ | ၂ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၀ |
| ၁၇၇ | သံဖြူဇရပ် | ၆၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၈၁၂ | ၂၁ | ၁၂ | ၄၉ | ၂၂ | ၃၈ | ၂၆ | ၃၆ | ၄၉ | ၃၄ | ၁၀ | ၄၂ | ၃၂ | ၂၇ | ၇၇ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၁၇၈ | ကလေး | ၄၃၀ | ၀ | ၃ | ၂ | ၁ | ၄ | ၀ | ၀ | ၉ | ၂ | ၂ | ၆ | ၄ | ၇ | ၇ |
| ၁၇၉ | တမူး | ၁၀၁ | ၀ | ၁ | ၀ | ၁ | ၂ | ၀ | ၄ | ၁ | ၄ | ၄ | ၀ | ၄ | ၀ | ၄ |
| ၁၈၀ | စစ်ကိုင်း | ၄၉၇ | ၀ | ၁ | ၁ | ၉ | ၂ | ၂ | ၁၁ | ၁ | ၃ | ၆ | ၂ | ၄ | ၅ | ၃ |
| ၁၈၁ | ရွှေဘို | ၂၁၆ | ၀ | ၁ | ၁ | ၀ | ၈ | ၁ | ၂ | ၅ | ၃ | ၀ | ၆ | ၀ | ၁ | ၃ |
| ၁၈၂ | မုံရွာ | ၁၈၃ | ၄ | ၅ | ၁ | ၅ | ၀ | ၃ | ၀ | ၂ | ၇ | ၅ | ၃ | ၇ | ၈ | ၃ |
| ၁၈၃ | ဆားလင်းကြီး | ၇၀ | ၁၁ | ၄ | ၀ | ၀ | ၃ | ၀ | ၀ | ၆ | ၁ | ၀ | ၀ | ၂ | ၂ | ၁ |
| ၁၈၄ | တန့်ဆည် | ၄၉ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၅ | ရေဦး | ၃၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၁၈၆ | မြောင် | ၁၉ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ |
| ၁၈၇ | ယင်းမာပင် | ၈၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၈၈ | ကန့်ဘလူ | ၈၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၄ | ၁ | ၃ | ၀ |
| ၁၈၉ | အင်းတော် | ၃၉ | ၀ | ၀ | ၀ | ၁၀ | ၁ | ၂ | ၀ | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၀ | ဒီပဲယင်း | ၃၆ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၁ | ချောင်းဦး | ၃၇ | ၁ | ၀ | ၁ | ၂ | ၁ | ၃ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၀ |
| ၁၉၂ | ပုလဲ | ၃၅ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၃ | မင်းကင်း | ၃၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၄ | ဝက်လက် | ၃၃ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ |
| ၁၉၅ | ဟုမ္မလင်း | ၃၄ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၃ | ၀ |
| ၁၉၆ | ကောလင်း | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၉၇ | မြင်းမူ | ၂၇ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၁၉၈ | ကသာ | ၂၆ | ၀ | ၃ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉၉ | ခင်ဦး | ၂၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၀ | ကနီ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၁ | ဘုတလင် | ၂၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၀၂ | ကျွန်းလှ | ၂၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၀၃ | အရာတော် | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၀၄ | ကလေးဝ | ၁၄ | ၀ | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ | ၀ |
| ၂၀၅ | ဝန်းသို | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၀၆ | ဖောင်းပြင် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၇ | နန်းယွန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၈ | ထီးချိုင့် | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀၉ | ခန္တီး | ၃ | | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၀ | လေရှီး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၁ | ဗန်းမောက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၂ | မော်လိုက် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁၃ | ပင်လည်ဘူး | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၂၂၄၁ | ၂၀ | ၃၀ | ၁၄ | ၃၁ | ၂၂ | ၁၁ | ၂၀ | ၃၅ | ၂၅ | ၂၁ | ၂၅ | ၂၈ | ၃၅ | ၂၄ |
| ၉။ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၄ | မြဝတီ | ၃၈၉ | ၀ | ၀ | ၁၂ | ၂ | ၁ | ၀ | ၁၂ | ၃ | ၀ | ၀ | ၁၁ | ၀ | ၀ | ၁၁ |
| ၂၁၅ | ဘားအံ** | ၅၃၉ | ၉ | ၀ | ၁ | ၂ | ၃၂ | ၁ | ၁ | ၃၀ | ၂ | ၀ | ၁ | ၀ | ၁ | ၇ |
| ၂၁၆ | ကော့ကရိတ်** | ၂၁၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၂၁၇ | လှိုင်းဘွဲ့ | ၇၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၁၈ | ဖာပွန်** | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၁၉ | ကြာအင်းဆိပ်ကြီး | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၀ | သံတောင်ကြီး | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| | စုစုပေါင်း | ၁၂၅၀ | ၉ | ၀ | ၁၃ | ၄ | ၃၃ | ၁ | ၁၅ | ၃၇ | ၂ | ၀ | ၁၃ | ၀ | ၂ | ၂၀ |
| ၁၀။ | နေပြည်တော် | | | | | | | | | | | | | | | |
| ၂၂၁ | ဇေယျာသီရိ | ၄၈၂ | ၃၀ | ၁၃ | ၂၅ | ၀ | ၂၆ | ၁ | ၈ | ၀ | ၆ | ၂ | ၂၅ | ၁၉ | ၁ | ၉ |
| ၂၂၂ | ဇမ္ဗူသီရိ | ၂၂၈ | ၀ | ၀ | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၁ | ၂ |
| ၂၂၃ | ပုဗ္ဗသီရိ | ၁၁၄ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ |
| ၂၂၄ | လယ်ဝေး | ၁၀၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၂၅ | ပျဉ်းမနား | ၉၇ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၂၆ | တပ်ကုန်း | ၄၈ | ၁ | ၀ | ၀ | ၀ | ၆ | ၀ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂၇ | ဥတ္တရသီရိ | ၄၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၂၈ | ဒက္ခိဏသီရိ | ၃၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | * | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၁၁၄၇ | ၃၁ | ၁၄ | ၂၇ | ၃ | ၃၅ | ၃ | ၁၀ | ၆ | ၆ | ၅ | ၂၇ | ၁၉ | ၃ | ၁၁ |
| ၁၁။ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂၁၉ | ဖားကန့် | ၄၄၅ | ၀ | ၀ | ၀ | ၄ | ၁ | ၆ | ၄ | ၁ | ၂ | ၂ | ၂ | ၆ | ၅ | ၈ |
| ၂၃၀ | မြစ်ကြီးနား | ၁၁၂ | ၄ | ၁ | ၀ | ၁၀ | ၃ | ၀ | ၀ | ၁ | ၀ | ၀ | ၃ | ၂ | ၅ | ၃ |
| ၂၃၁ | မိုးညှင်း | ၄၄ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၃၂ | ရွှေကူ | ၂၁ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| ၂၃၃ | ဗန်းမော် | ၁၉ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၃၄ | မိုးကောင်း | ၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ |
| ၂၃၅ | ဝိုင်းမော် | ၁၄ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ |
| ၂၃၆ | မိုးမောက် | ၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၇ | ပူတာအို | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၈ | တနိုင်း | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၃၉ | ဆွမ်ပရာဘွမ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၈၄ | ၄ | ၃ | ၁၀ | ၁၆ | ၄ | ၆ | ၇ | ၂ | ၄ | ၂ | ၈ | ၁၀ | ၁၃ | ၁၁ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၂၄၀ | ထားဝယ်** | ၁၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၃ |
| ၂၄၁ | ကော့သောင်း** | ၂၅ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၄၂ | မြိတ် | ၃၀၆ | ၀ | ၀ | ၅ | ၀ | ၃ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၁ |
| ၂၄၃ | တနင်္သာရီ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၄၄ | လောင်းလုံ | ၄၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၄၅ | ပုလော | ၄၃ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၆ | ရေဖြူ | ၂၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၇ | သရက်ချောင်း | ၁၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၈ | ကျွန်းစု | ၁၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၄၉ | ဘုတ်ပြင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၆၀၄ | ၀ | ၀ | ၉ | ၀ | ၃ | ၀ | ၄ | ၁ | ၁ | ၁ | ၀ | ၁ | ၃ | ၇ |
| ၁၃။ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၂၅၀ | တီးတိန် | ၁၂၇ | ၁၄ | ၀ | ၅ | ၄ | ၂ | ၇ | ၀ | ၉ | ၁ | ၀ | ၂၀ | ၁ | ၁ | ၃ |
| ၂၅၁ | ပလက်ဝ** | ၂၈ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၂ |
| ၂၅၂ | တွန်းဇံ | ၂၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ |
| ၂၅၃ | မင်းတပ် | ၄၃ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၄ | မတူပီ | ၂၉ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၅၅ | ဟားခါး | ၂၃ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၅၆ | ဖလမ်း | ၂၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၂ | ၃ | ၀ | ၀ |
| ၂၅၇ | ကန်ပက်လက် | ၇ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၅၈ | ထန်တလန် | ၅ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၃၀၇ | ၁၄ | ၈ | ၇ | ၄ | ၂ | ၉ | ၀ | ၉ | ၂ | ၂ | ၂၅ | ၅ | ၁ | ၆ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | | | | | | | | | | | | | | | |
| ၂၅၉ | ဆီဆိုင် | ၁၇ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| ၂၆၀ | တောင်ကြီး | ၂၃၂ | ၂ | ၄ | ၁ | ၃ | ၉ | ၁၀ | ၁ | ၀ | ၁၃ | ၁ | ၀ | ၀ | ၅ | ၀ |
| ၂၆၁ | ကလော | ၉၉ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၂ | ၀ |
| ၂၆၂ | ရွာငံ | ၅၄ | ၁ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၃ | ၀ |
| ၂၆၃ | ရပ်စောက် | ၃၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၄ | ပင်လောင်း | ၂၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၆၅ | လွိုင်လင် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ |
| ၂၆၆ | ပင်းတယ | ၁၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၇ | ညောင်ရွှေ | ၁၂ | ၀ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၆၈ | ဟိုပုံး | ၁၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၆၉ | နမ့်စန် | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၀ | ဖယ်ခုံ | ၇ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၁ | မိုးနဲ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၂ | မိုင်းရှူး | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၃ | လင်းခေး | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၄ | ကျေးသီး | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၅ | မိုင်းပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၇၆ | မောက်မယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | စုစုပေါင်း | ၅၃၇ | ၅ | ၅ | ၁ | ၆ | ၁၂ | ၁၄ | ၂ | ၉ | ၁၄ | ၁ | ၁ | ၁ | ၁၂ | ၁ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | | | | | | | | | | | | | | | |
| ၂၇၇ | ကွတ်ခိုင် | ၁၉ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၉ |
| ၂၇၈ | လားရှိုး | ၄၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၀ | ၀ | ၀ | ၂ |
| ၂၇၉ | မူဆယ် | ၆၂ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၂ | ၃ | ၀ | ၂ | ၀ |
| ၂၈၀ | နောင်ချို | ၃၅ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| ၂၈၁ | ကျောက်မဲ | ၂၉ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ |
| ၂၈၂ | နမ့်ဆန် | ၂၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၃ | သီပေါ | ၁၃ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | ၀ | ၀ |

စာမျက်နှာ ၁၈ သို့

# ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၁) ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၅**

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကိုဗစ်-၁၉ ကပ်ရောဂါသည် အားလုံး အပြီးပျောက်ကင်းသွားခြင်း မဟုတ်သည့်အတွက် ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆက်လက်၍ အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကာကွယ်ဆေးရရှိရေး ဆောင်ရွက်ထားမှုများ ရှိပါကြောင်း၊ ကာကွယ်ဆေးရရှိပါကလည်း ဦးစားပေးအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှု အချိန်ကြာလာသည်နှင့်အမျှ ပြည်သူများအနေဖြင့်လည်း ပေါ့ပေါ့လျော့လျော့ နေထိုင်လာကြသည်ကို တွေ့ရှိရပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လျော့မသွားစေရန် အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်နေရန် လိုကြောင်း၊ ကော်မတီအနေဖြင့်လည်း ဖြေလျှော့ပေးမှုများကို ချင့်ချိန်စဉ်းစားကာ ဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ အသိပညာပေးမှုများနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကိုလည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရာတွင် ပါဝင်အားဖြည့် ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်းက ပြည်နယ်အတွင်း ရောဂါကူးစက်မှုကျဆင်းလာမှု အခြေအနေ၊ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးအတွက် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၈၄ | မိုးမိတ် | ၁၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၁ | ၀ |
| ၂၈၅ | နမ့်ခမ်း | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၆ | နမ္မတူ | ၇ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၇ | မဘိမ်း | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၈ | တန့်ယန်း | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၈၉ | မိုင်းရယ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၀ | သိန္နီ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၁ | ဟိုပန် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၂၅၈ | ၀ | ၀ | ၀ | ၄ | ၂ | ၃ | ၀ | ၄ | ၅ | ၈ | ၃ | ၃ | ၃ | ၁၁ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | | | | | | | | | | | | | | | |
| ၂၉၂ | တာချီလိတ် | ၁၀၄ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၃ | မိုင်းယောင်း | ၁၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၄ | ကျိုင်းတုံ | ၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၅ | မိုင်းဖြတ် | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၆ | မိုင်းတုံ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၇ | မိုင်းပြင်း | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၉၈ | မိုင်းဆတ် | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၁၄၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇။ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၂၉၉ | လွိုင်ကော် | ၆၀ | ၀ | ၂ | ၀ | ၁ | ၀ | ၃ | ၂ | ၂ | ၂ | ၂ | ၀ | ၃ | ၁ | ၁ |
| ၃၀၀ | မယ်စဲ့ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃၀၁ | ဒီမောဆို | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ |
| | **စုစုပေါင်း** | ၆၅ | ၀ | ၂ | ၀ | ၂ | ၀ | ၃ | ၂ | ၂ | ၂ | ၂ | ၁ | ၃ | ၁ | ၁ |
| | **စုစုပေါင်း** | ၁၃၂,၈၆၅ | ၄၁၃ | ၅၇၇ | ၇၀၃ | ၅၉၀ | ၆၄၇ | ၅၉၆ | ၅၉၄ | ၆၉၆ | ၅၆၆ | ၅၅၅ | ၅၈၂ | ၅၅၁ | ၅၂၃ | ၆၀၅ |

မှတ်ချက်။ - (၁၄-၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားခဲ့သော မြို့နယ် စုစုပေါင်း (၃၀၁) မြို့နယ် ရှိပြီဖြစ်ပါသည်။

- အထက်ဖော်ပြပါစာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များဖြစ်ပါသည်။

* ဓာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲဖြစ်ပါသည်။

** ပြထားသောမြို့နယ်များမှ (၅၇) ဦးသည် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၎င်းတို့အား အသွားအလာကန့်သတ်ထားရှိခြင်းကို တင်းကျပ်စွာ ဆောင်ရွက်ထားရှိပါသည်။

**အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ထားရှိ၍ပေးပို့သော တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေးပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကျောက်တံခါးမြို့နယ် ပဲခူးရိုးမတောင်ပေါ် မြို့ချောင်းကျေးရွာအနီး အောင်လောင်ဌက်များနှင့် ကျောက်ဆောင်ကျောက်ဖျာများရှိရာသို့ ခရီးသွားလာခြင်း ယာယီရပ်ဆိုင်း

**ကျောက်တံခါး ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ပဲခူးရိုးမဖြတ်ကျော်လမ်းဖြစ်သည့် မြို့ချောင်း- မင်းလှ- စိန်ကန့်လန့် ကားလမ်း မြို့ချောင်းနှင့် တစ်မိုင်ခန့်အကွာ ကားလမ်းနံဘေးက ညောင်ပင်ကြီးဆီသို့ ယခုရက်ပိုင်းအတွင်း အုပ်စုလိုက်ရောက်ရှိလာကြသော အောင်လောင်ငှက် အကောင်ရေ ၄၀ ခန့် ရောက်ရှိလာကြရာ အဆိုပါငှက်များမှာ ရှားပါးငှက်မျိုးစိတ်များ ဖြစ်သောကြောင့် အဆိုပါနေရာသို့ အနယ်နယ်အရပ်ရပ်မှ နေ့စဉ် လူများ လာရောက်ကြည့်ရှုလေ့လာသူ များပြားလျက်ရှိသည်။

သတင်းမီဒီယာအဖွဲ့များမှလည်း သတင်းရေးသားရန်အတွက် လေ့လာရိုက်ကူးကြသူများဖြင့် နေ့စဉ်စည်ကားနေခြင်းကြောင့် ကိုဗစ်-၁၉ ထိန်းချုပ်ကာလအတွင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းဒေသ သစ်တောကြိုးဝိုင်းအတွင်းရှိ စိမ့်စမ်းရေတံခွန်၊ ကျောက်ဆောင်ကျောက်ဖျာနှင့် အနီးပတ်ဝန်းကျင်နေရာများသို့ ခရီးသွားလာခြင်းမပြုကြရန် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဇန်နဝါရီ ၁၅ ရက်က သတင်းထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ပဲခူးရိုးမတောင်ခြေတွင် စိမ့်စမ်းရေတံခွန်နှင့် ကျောက်ဆောင်ကျောက်ဖျာများသည် မြို့ချောင်းမြောင်တွင် သဘာဝအတိုင်း ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အဆိုပါနေရာသို့ လူများရောက်ရှိ စုဝေးအပန်းဖြေခြင်းနှင့် မြို့ချောင်းနှင့်တစ်မိုင်ခန့်သာဝေးသော အောင်လောင်ငှက်များ တည်ရှိရာသို့ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ရပ်ဝေးရပ်နီးမှ လာရောက်ကြသော ပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပြန်လည်စေလွှတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



## ၁၅-၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ


| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၈၅၇၃၄၃ | ၁၄၁၁၅၇၅၄ | ၃၉၈၁၅၅ |
| ၂။ | အိန္ဒိယ | ၁၀၅၂၈၅၀၈ | ၁၀၁၆၂၇၃၈ | ၁၅၁၉၅၄ |
| ၃။ | ဘရာဇီး | ၈၃၂၆၁၁၅ | ၇၃၃၉၇၀၃ | ၂၀၇၁၆၀ |
| ၄။ | ရုရှား | ၃၅၂၀၅၃၁ | ၂၉၀၉၆၈၀ | ၆၄၄၉၅ |
| ၅။ | ဗြိတိန် | ၃၂၆၀၂၅၈ | ၁၄၀၆၉၆၇ | ၈၆၀၁၅ |
| ၆။ | ပြင်သစ် | ၂၈၅၁၆၇၀ | ၂၀၆၈၀၂ | ၆၉၃၁၃ |
| ၇။ | တူရကီ | ၂၃၆၄၈၀၁ | ၂၂၃၆၉၃၈ | ၂၃၄၉၅ |
| ၈။ | အီတလီ | ၂၃၃၆၂၇၉ | ၁၆၉၄၀၅၁ | ၈၀၈၄၈ |
| ၉။ | စပိန် | ၂၂၁၁၉၆၇ | စိစစ်ဆဲ | ၅၃၀၇၉ |
| ၁၀။ | ဂျာမနီ | ၂၀၀၆၄၅၀ | ၁၆၄၁၂၀၀ | ၄၅၆၅၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅- ၁ - ၂၀၂၁

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၈၂၄၁၈ | ၇၁၈၆၉၆ | ၂၅၄၈၄ |
| ဖိလစ်ပိုင် | ၄၉၆၆၄၆ | ၄၅၉၇၃၇ | ၉၈၇၆ |
| မလေးရှား | ၁၅၁၀၆၆ | ၁၁၅၂၂၇ | ၅၈၆ |
| မြန်မာ | ၁၃၃၃၇၈ | ၁၁၆၆၁၀ | ၂၉၂၆ |
| စင်ကာပူ | ၅၉၀၅၉ | ၅၈၇၅၇ | ၂၉ |
| ထိုင်း | ၁၁၄၅၀ | ၈၂၈၈ | ၆၉ |
| ဗီယက်နမ် | ၁၅၃၆ | ၁၃၈၀ | ၃၅ |
| ကမ္ဘောဒီးယား | ၄၂၆ | ၃၈၁ | ၀ |
| ဘရူနိုင်း | ၁၇၄ | ၁၆၈ | ၃ |
| လာအို | ၄၁ | ၄၁ | ၀ |










# အသက် ၁၀၀ နှင့်အထက် အဘိုးအဘွားများ ထပ်ဆောင်းထောက်ပံ့ငွေများပေးအပ်

**မြင်းမူ ဇန်နဝါရီ ၁၅**

အသက် ၈၅ နှင့်အထက် အဘိုးအဘွားများအား လူမှုရေး ပင်စင်များ ထောက်ပံ့ပေးအပ်ပွဲနှင့် အသက် ၁၀၀နှင့်အထက် သက်ကြီးရွယ်အိုများအား ထပ်ဆောင်းထောက်ပံ့ငွေများ (ပထမအကြိမ်) ပေးအပ်ပွဲကို ယမန်နေ့က မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ် ခန်းမ၌ ပြုလုပ်သည်။

ယခုပေးအပ်သည့်လူမှုရေးပင်စင်မှာ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့အတွက် ပေးအပ်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး များမှတစ်ဆင့် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ကြမည်ဖြစ်ကြောင်း၊ ယခုလတွင် ပုံမှန်ထောက်ပံ့ ပေးအပ်လျက်ရှိသည့် လူမှုရေးပင်စင်အပြင် ကိုဗစ်-၁၉ ကာလအတွင်း အသက် ၁၀၀ နှင့်အထက် အဘိုးအဘွား များအတွက် တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းကို နိုင်ငံတော်မှ ထပ်ဆောင်းထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

မြင်းမူမြို့နယ်တွင် နိုင်ငံတော်က ပေးအပ်သည့် လူမှုရေး ပင်စင်ရရှိသူပေါင်း ၈၇၄ ဦးရှိပြီး ယင်းအဘိုး အဘွားများထဲမှ အသက် ၁၀၀ နှင့်အထက် အဘိုးအဘွား ၂၁ ဦး ပါဝင်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၆၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၄၀/၆၈၅ | ကျပ် | ၆၈၅/၆၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၅၀/၇၀၀ | ကျပ် | ၇၀၀/၇၁၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၁၅/၆၄၅ | ကျပ် | ၆၈၀/၆၈၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ | ကျပ် | ၈၀၅/၈၂၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၁ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၄ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၁၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၃ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၉ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၀၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၉ . ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၃၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၈၀၀ | ၁၂၇၆ | ၁၂၄၅၃၄၈၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၆၅၆၅ | ၂၄၂၉၆၂၅၀ |
| MCB | ၈၀၀၀ | ၈၂၀၀ | ၁၇ | ၁၃၆၂၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၆၄ | ၁၄၀၈၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၆၁ | ၁၆၇၂၀၀ |
| EFR | ၃၇၀၀ | ၃၇၀၀ | ၇ | ၂၅၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ချိုးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ (၂၀)

မောင်ခင်မင် (ဓနုဖြူ)

“ဗုဒ္ဓစာပေဝတ္ထုတွေထဲမှာ ဓမ္မပဒဝတ္ထုလဲ ထင်ရှားတာပေါ့နော် ဆရာ”

“ဟုတ်တယ်၊ ဓမ္မပဒဝတ္ထုဟာလဲ ဇာတကဝတ္ထုလိုပဲ ဝတ္ထုတွေစုပေါင်းထားတာလေ။ မူရင်းကတော့ ဓမ္မပဒပါဠိတော်ပေါ့။ ဓမ္မပဒ အဋ္ဌကထာလဲ ရှိတာပေါ့။ အဋ္ဌကထာမှာတော့ ဝတ္ထုဇာတ်လမ်းတွေပါတယ်”

“ဟုတ်ကဲ့။ ဓမ္မပဒအကြောင်း သိကောင်းစရာတွေ သိပါရစေဆရာ”

“ဆရာကြီး ဦးရွှေအောင်က ‘ဓမ္မပဒ’ ရဲ့အနက်ကို အကျဉ်းချုံးရင်‘နိဗ္ဗာန်၏ ခရီးလမ်းကြောင်း’၊ ‘တရားကို သိရာသိကြောင်း’၊ ‘တရားအဖို့’ ဆိုတဲ့အနက် သုံးမျိုးပဲရတယ်လို့ မိန့်ဆိုထားတယ်”

“ဟုတ်ကဲ့ပါ”

“ဓမ္မပဒမှာ ဝဂ်ပေါင်း ၂၆ ဝဂ်၊ ဂါထာပေါင်း ၄၂၃ ဂါထာပါတယ်။ ဂါထာတစ်ဂါထာစီအတွက် ဝတ္ထုတစ်ပုဒ်စီပါတော့ ဝတ္ထုပေါင်း ၄၂၃ ပုဒ်ပါတာပေါ့”

“ဟုတ်ကဲ့ပါ”

“ဓမ္မပဒပါဠိတော်၊ အဋ္ဌကထာတွေကို နိဿျပြန်ထားတာတွေရှိတယ်။ မြန်မာဘာသာသက်သက်ပြန်ထားတာတွေလဲ ရှိတယ်။ မဟာအောင်မြေဘုံစံဆရာတော် အရှင်စန္ဒိမာရေးသားတဲ့ ဓမ္မပဒဝတ္ထုတော်ကြီး၊ ညောင်လေးပင်တောရ ဆရာတော်ရေးတဲ့ ဓမ္မပဒဝတ္ထုတော်ကြီးဆိုတဲ့ စာအုပ်တွေထင်ရှားပါတယ်။ နောက်ပိုင်းမှာ ဆရာကြီးဦးသော်ဇင်တို့၊ ဆရာကြီး ဦးရွှေအောင်တို့ ပြန်ရေးတဲ့ ဓမ္မပဒဝတ္ထုတွေလဲရှိတာပေါ့”

“ဟုတ်ကဲ့၊ ရှာဖွေဖတ်ကြည့်ပါမယ် ဆရာ”

“ဒါထက်၊ ဇာတကဝတ္ထုတွေနဲ့ ဓမ္မပဒဝတ္ထုတွေရဲ့ခြားနားချက်တစ်ခုကို သတိထားမိသလားမသိဘူး”

“ပြောပြပါ ဆရာ”

“အင်း…ဇာတကဝတ္ထုတွေက ဘုရားရှင်ရဲ့အတိတ်ဘဝအကြောင်းတွေဆိုတော့ ပါဝင်တဲ့ပုဂ္ဂိုလ်တွေက အတိတ်ဘဝက ပုဂ္ဂိုလ်တွေပေါ့။ ဓမ္မပဒဝတ္ထုမှာတော့ ဘုရားရှင်လက်ထက်က ပစ္စုပ္ပန်ဖြစ်ရပ်တွေ၊ ပုဂ္ဂိုလ်တွေအကြောင်းကို ထင်ထင်ရှားရှား တွေ့ရတယ်။ ကောသလမင်းကြီးတို့၊ အနာထပိဏ်သူဌေးကြီးတို့၊ ဝိသာခါကျောင်းဒါယိကာမကြီးတို့၊ ဥတေနမင်းတို့၊ သာမာဝတီတို့ စတဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေအကြောင်းပေါ့”

“ဟုတ်ကဲ့ပါ”

“ပြီးတော့ ဓမ္မပဒမှာ ဝဂ်လို့ခေါ်တဲ့ အစုတွေ ၂၆ စု ခွဲထားတယ်။ ဝဂ်တစ်ခုစီကို နာမည်ပေးထားတယ်။ စစချင်း ‘ယမကဝဂ်’ တဲ့။ ယမကဆိုတာ ‘နှစ်ခုတစ်စုံ’ ပေါ့။ ကောင်းမှုနဲ့ မကောင်းမှုစတဲ့ အစုံလိုက်တရားတွေနဲ့ဆိုင်တဲ့ ဝတ္ထုတွေပေါ့”

“သာဓကကလေး ပြောပြပါဆရာ”

“စစချင်း ယမကဝဂ်မှာ မကောင်းမှုရဲ့အပြစ်ကိုပြတဲ့ ဂါထာရဲ့ သာဓကအဖြစ် စက္ခုပါလမထေရ်ဝတ္ထုနဲ့ ကောင်းမှုရဲ့ အကျိုးကိုပြတဲ့သာဓကအဖြစ် မဋ္ဌကုဏ္ဍလီသတို့သားဝတ္ထုကို ပြတယ်”

“ဟုတ်ကဲ့”

“စက္ခုပါလမထေရ်ဟာ အတိတ်ဘဝမှာ ဆေးဆရာဖြစ်စဉ်က မိန်းမတစ်ယောက်ကို မျက်ကန်းဆေးပေးမိတဲ့ မကောင်းမှုကြောင့် ခုဘဝမှာ ရဟန္တာဖြစ်တာတောင် မျက်စိကွယ်နေရတယ်။ အဲဒီလိုပဲ မဋ္ဌကုဏ္ဍလီသတို့သားဟာ ဘုရားရှင်ကို စိတ်ထဲကကြည်ညိုရုံနဲ့ သေတဲ့အခါ တာဝတိံသာမှာ နတ်သားဖြစ်ရတယ်”

“သြော်၊ ဟုတ်ကဲ့”

“အဲဒီဝတ္ထုနှစ်ပုဒ်ကိုပြပြီး မကောင်းတဲ့စိတ်နဲ့ ကြံစည်ပြောဆိုပြုမူရင် လှည်းဘီးဟာ နွားခြေရာနောက်ကို အမြဲလိုက်သလို ဆင်းရဲဒုက္ခဟာ အဲဒီလူရဲ့နောက်ကို အမြဲလိုက်တယ်။ အဲဒီလိုပဲကောင်းတဲ့စိတ်နဲ့ကြံစည်ပြောဆိုပြုမူရင် အရိပ်ဟာ လူနောက်ကအမြဲလိုက်သလို ချမ်းသာသုခဟာ အဲဒီလူရဲ့နောက်ကို အမြဲလိုက်တယ်လို့ ဂါထာနှစ်ပုဒ်မှာ ဖော်ပြတယ်”

**“ဇာတကဝတ္ထုတွေက ဘုရားရှင်ရဲ့အတိတ်ဘဝအကြောင်းတွေဆိုတော့ ပါဝင်တဲ့ ပုဂ္ဂိုလ်တွေက အတိတ်ဘဝက ပုဂ္ဂိုလ်တွေပေါ့။ ဓမ္မပဒဝတ္ထုမှာတော့ ဘုရားရှင်လက်ထက်က ပစ္စုပ္ပန်ဖြစ်ရပ်တွေ၊ ပုဂ္ဂိုလ်တွေအကြောင်းကို ထင်ထင်ရှားရှား တွေ့ရတယ်။ ကောသလမင်းကြီးတို့၊ အနာထပိဏ်သူဌေးကြီးတို့၊ ဝိသာခါကျောင်းဒါယိကာမကြီးတို့၊ ဥတေနမင်းတို့၊ သာမာဝတီတို့ စတဲ့ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေအကြောင်းပေါ့”**

“သိပ်ကောင်းတာပဲနော် ဆရာ”

“တကယ်တော့ ဂါထာက အရင်းခံပဲ။ အဲဒီဂါထာကို ဝတ္ထုနဲ့ သာဓကဆောင်တာလေ”

“နားလည်ပါပြီ ဆရာ”

“ဓမ္မပဒမှာ ဝဂ်နာမည်တွေက ပုပ္ဖဝဂ်တဲ့၊ ပန်းနဲ့တင်စားတာပေါ့။ ဗာလဝဂ်တဲ့၊ လူမိုက်အကြောင်းပေါ့။ ပဏ္ဍိတဝဂ်တဲ့၊ ပညာရှိအကြောင်းပေါ့။ နောက်ဆုံးက ဗြာဟ္မဏဝဂ်တဲ့၊ သူတော်သူမြတ်အကြောင်းပေါ့”

“နားလည်ပါပြီ ဆရာ”

“ဓမ္မပဒဂါထာတွေဟာ အင်မတန်လေးနက်တယ်။ ဂါထာတွေကို ဆင်ခြင်သုံးသပ်ပြီး အသိအမြင်ပွားနိုင်တာပေါ့ကွယ်”

“အဲ…စကားပြန်ဆက်ရရင် မြန်မာစာပေမှာ ခေတ်အဆက်ဆက် ဓမ္မပဒဝတ္ထုတွေ ပေါ်ပေါက်တဲ့အတွက် လူသိများတဲ့ ဝတ္ထုတွေပေါ့။ ကဗျာဖွဲ့တာတွေလဲ ရှိတယ်။ သာမာဝတီဝတ္ထုဆိုရင် ဆင်အတတ်ကျွမ်းကျင်တဲ့ ဥတေနမင်းကြီးအကြောင်းပေါ့။ မုံရွေးဆရာတော်က‘ဥတေနပျို့’ဆိုပြီး ရေးဖွဲ့ထားတယ်။ နမူနာပြောတာပါ”

“ဟုတ်ကဲ့ပါ”

“နောက်ထင်ရှားတဲ့ ဝတ္ထုက ဇင်းမယ်ပဏ္ဏာသဝတ္ထုပေါ့။ ဇင်းမယ်မြို့က ပေါ်လာတဲ့ဝတ္ထု ငါးဆယ်ပေါ့ကွယ်”

“ကြားဖူးပါတယ် ဆရာ”

“ဇင်းမယ်ပဏ္ဏာသက ဘုရားဟောပိဋကတ်တော်ထဲတော့မပါဘူး။ သင်္ဂါယနာတင်တဲ့ ကျမ်းမဟုတ်ဘူး။ ဇင်းမယ်မြို့က ရဟန်းတစ်ပါးက ဇာတကပုံစံမျိုးရေးထားတဲ့ ဝတ္ထုတွေပဲ”

“ဟုတ်ကဲ့ပါ”

“မြန်မာစာပေမှာ ‘ဇင်းမယ်ပဏ္ဏာသဝတ္ထုတော်ကြီးဆိုပြီး ရေးကတည်းက ရှိတယ်။ ခုခေတ်မှာတော့ ဦးမြင့်ဆွေရေးသားတဲ့ ဇင်းမယ်ပဏ္ဏာသဝတ္ထုနှစ်တွဲနဲ့ ဦးသော်ဇင်အကျဉ်းချုပ် မြန်မာပြန်တဲ့ ‘ဇင်းမယ်ပြန်’ ဆိုတဲ့ စာအုပ်ရှိတယ်”

“မှတ်သားထားပါ့မယ် ဆရာ”

“ဇင်းမယ်ပဏ္ဏာသဝတ္ထုတွေရဲ့ ထင်ရှားတဲ့အချက်ကတော့ ဇာတ်လမ်းဇာတ်ကွက်တွေ အဆန်းတကြယ်ရေးထားတာပဲ။ ဒဏ္ဍာရီဆန်ဆန်ပေါ့။ ရေးတဲ့ပုဂ္ဂိုလ်ရဲ့ဆန်းကြယ်တဲ့ စိတ်ကူးကြောင့် ဒီဝတ္ထုတွေ ထင်ရှားပါတယ်။ တို့ကြားဖူးတဲ့ ‘ငိုရင် ပုလဲ ရယ်ရင်ရွှေ’ဆိုတဲ့ ဇာတ်လမ်းဟာ ဇင်းမယ်ပဏ္ဏာသထဲမှာပါတယ်လို့ သိရတယ်။ ထင်ရှားတာကတော့ ‘သုဓနုဒွေးမယ်နော်ဇာတ်’ပေါ့ ”

“ဒွေးမယ်နော် ငွေတောင်ပြည်ပြန်တဲ့အတွက် သုဓနုမင်းသားလိုက်ရှာတဲ့ ဇာတ်ပေါ့နော်ဆရာ။ သိပ်စိတ်ဝင်စားစရာ ကောင်းပါတယ်”

“အဲဒီလို အဆန်းတကြယ်ဇာတ်တွေပေါ့။ မြန်မာစာပေမှာ ညောင်ရမ်းခေတ် စာဆိုဝန်ကြီးပဒေသရာဇာဟာ ရေးက စာဆိုတွေ အရေးနည်းတဲ့ ဇင်းမယ်ပဏ္ဏာသဝတ္ထုတွေကို ပျို့ဖွဲ့တယ် ‘သုဇာပျို့’ဖွဲ့တယ်။ တောင်ငူခေတ်တုန်းကလဲ နဝဒေးကြီးက ‘မနော်ဟရီပျို့’ဆိုပြီးဖွဲ့တယ်။ ဇာတ်လမ်းချင်းအတူတူပဲလေ”

“သြော်”

“ပဒေသရာဇာရဲ့ မနော်ပျို့၊ မဏိကက်ပျို့စတဲ့ ပျို့တွေအပါအဝင်ပေါ့။ ပထမဆုံး ပြဇာတ်ဖြစ်တဲ့ မဏိကက်ပြဇာတ်ကိုလဲ ပဒေသရာဇာရေးတာလေ”

“ဒါဆိုရင် ဇင်းမယ်ပဏ္ဏာသဇာတ်တွေကိုလဲ မြန်မာစာဆိုတွေ စိတ်ဝင်စားတာပေါ့နော် ဆရာ”

“စိတ်ဝင်စားပါတယ်။ ခုခေတ်အထိ ဒီဇာတ်တွေကို လူသိများပါတယ်”

“ဟုတ်ကဲ့”

“မပြောရသေးတဲ့ ဝတ္ထုတစ်ပုဒ်ရှိတယ်။ ဇာတကတွေ၊ ဗုဒ္ဓဝင်တွေအကြောင်း အရင်ပြောလိုက်လို့ ဒီဝတ္ထုအကြောင်း ကျန်နေတာလေ။ အင်းဝခေတ်မှာ ရှင်မဟာသီလဝံသရေးတဲ့ ‘ပါရာယနဝတ္ထု ’ပေါ့”

“ကျွန်တော် ကျောင်းမှာတုန်းက သင်ဖူးပါတယ် ဆရာ”

“ဒီဝတ္ထုမှာ ဘုရားရှင်လက်ထက်က စံနမူနာပြုရတဲ့ ပုဂ္ဂိုလ်ရှစ်ဦးအကြောင်း ရေးထားတာလေ။ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလန်ဆိုတဲ့ ရဟန်းယောကျ်ားနှစ်ဦး၊ ခေမာထေရီနဲ့ ဥပ္ပလဝဏ်ထေရီဆိုတဲ့ ရဟန်းမိန်းမနှစ်ဦး၊ စိတ္တသူကြွယ်နဲ့ဟတ္ထာဠဝက သတို့သားဆိုတဲ့ လူယောကျ်ားနှစ်ဦး၊ နန္ဒမာတာနဲ့ ဥတ္တရာဆိုတဲ့ လူမိန်းမနှစ်ဦး။ အဲဒီပုဂ္ဂိုလ်ရှစ်ဦးဟာ ဘုရားရှင်လက်ထက်မှာ လူအများစံထားရတဲ့ပုဂ္ဂိုလ်တွေမို့ ရှင်မဟာသီလဝံသက ရေးဖွဲ့ထားတာလေ”

“ဟုတ်ကဲ့ပါ”

“‘ပါရာယန’ဆိုတာက သံသရာတစ်ဖက်ကမ်းကို ကူးတဲ့လမ်းလို့ အဓိပ္ပာယ်ရတယ်။ ပါရာယနသုတ္တန်ဆိုတာ ထင်ရှားတယ်။ နန္ဒမာတာက အဲဒီပါရာယနသုတ္တန်ကို အမြဲရွတ်လို့ နတ်တွေချီးမွမ်းတဲ့အကြောင်းနဲ့ဆက်ပြီး ပါရာယနဝတ္ထုလို့ နာမည်ပေးထားတာလေ”

“ဟုတ်ကဲ့ပါ”

“ဒီဝတ္ထုဟာ ပိဋကတ်တော်တွေထဲက အကြောင်းအရာတွေ အများကြီးကိုးကားပြီး ရေးထားတယ်။ စကားပြေအရေးအသားလဲ အင်မတန်ကောင်းတယ်။ ပညာရှင်တွေက ပထမဆုံးပေါ်ပေါက်တဲ့ ဗုဒ္ဓစာပေစကားပြေဝတ္ထုအဖြစ် အသိအမှတ်ပြုကြတယ်”

“ဟုတ်ကဲ့၊ မှတ်သားစရာတွေ အများကြီးရပါတယ် ဆရာ”

# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ဂျိုးဘိုင်ဒင် ရာထူးခန့်အပ်ပွဲတွင် လေဒီဂါဂါနှင့် ဂျနီဖာလိုပက်ဇ်တို့ သီဆိုဖျော်ဖြေမည်

အမေရိကန် သမ္မတအဖြစ် ဂျိုးဘိုင်ဒင်ကိုခန့်အပ်မယ့် အခမ်းအနားမှာ လေဒီဂါဂါနှင့် ဂျနီဖာလိုပက်ဇ်တို့ သီဆိုဖျော်ဖြေသွားမယ်လို့ သိရပါတယ်။ လေဒီဂါဂါဟာ ရွေးကောက်ပွဲကာလကတည်းက ဂျိုးဘိုင်ဒင်အတွက် မဲဆွယ်စည်းရုံးလှုပ်ရှားမှုမှာ ပါဝင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဇန်နဝါရီ ၂၀ ရက်မှာကျင်းပမယ့် သမ္မတရာထူးခန့်အပ်ပွဲ အခမ်းအနားမှာတော့ လေဒီဂါဂါက နိုင်ငံတော်သီချင်းကို သီဆိုမှာဖြစ်ပြီး ဂျနီဖာလိုပက်ဇ်ကတော့ သီးခြားသီဆိုဖျော်ဖြေမှုပြုလုပ်မယ်လို့ သိရပါတယ်။ ဂျနီဖာလိုပက်ဇ်ဟာ မနှစ်ကတည်းက ဂျိုးဘိုင်ဒင်ကို ထောက်ခံခဲ့သူလည်း ဖြစ်ပါတယ်။ လေဒီဂါဂါကတော့ ၂၀၁၆ ခုနှစ်တုန်းက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု တိုက်ဖျက်ရေးလှုပ်ရှားမှုမှာ ဂျိုးဘိုင်ဒင်နဲ့အတူပါဝင်ခဲ့ပြီး ဂျနီဖာလိုပက်ဇ်ကတော့ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း ဂျိုးဘိုင်ဒင်နဲ့အတူ အွန်လိုင်းကတစ်ဆင့် ပြောဆိုဆွေးနွေးမှုမှာ ပါဝင်ခဲ့ပါတယ်။

ဂျိုးဘိုင်ဒင်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုနေစဉ် ဝါရှင်တန်ဒီစီမှာ အရေးပေါ်အခြေအနေအောက် ထားရှိမှာဖြစ်ပြီး ဇန်နဝါရီ ၆ ရက်လွှတ်တော်အဆောက်အအုံချိုးဖောက်ဝင်ရောက်ခံရပြီးနောက် အခုလိုအခြေအနေ ဖြစ်သွားတာပါ။ အမျိုးသားလုံခြုံရေးစောင့်တပ်ဖွဲ့ အဖွဲ့ဝင် ၁၀၀၀၀ ကျော်ကို ဝါရှင်တန်ဒီစီမှာထားရှိမှာဖြစ်တယ်လို့ သိရပါတယ်။

**ဘီဘီစီ**



ဂျနီဖာလိုပက်ဇ်နှင့် လေဒီဂါဂါ


## ခရစ်အီဗန်ကို Captain America အဖြစ် ပြန်လည်မြင်တွေ့ရမည်ဟု သတင်းထွက်ပေါ်

ခရစ်အီဗန်ကို Captain America အဖြစ် ဆယ်စုနှစ် တစ်စုနီးပါးကြာ တွေ့မြင်ပြီးတဲ့နောက်မှာတော့ အဲဒီဇာတ်ကောင်နေရာကနေ နုတ်ထွက်သွားပြီလို့ ကြေညာခဲ့ပါတယ်။

Avengers:Endgame ကို ၂၀၁၉ ခုနှစ်မှာပြသခဲ့ပြီး ခရစ်အီဗန် Captain America အဖြစ် နောက်ဆုံးသရုပ်ဆောင်ခဲ့တဲ့ ကားလည်းဖြစ်ပါတယ်။ ယခုအခါမှာတော့ Captain America ဝတ်စုံကို ပြန်ဝတ်ဖို့ ပြင်ဆင်မှုတွေ လုပ်နေလောက်ပြီလို့ ကောလာဟလတွေ ထွက်ပေါ်လာပါတယ်။ ဇန်နဝါရီ ၁၄ ရက်မှာတော့ ခရစ်အီဗန်ကို Captain America အဖြစ် ပြန်ပြီးသရုပ်ဆောင်တာကို မြင်တွေ့ရလိမ့်မယ်လို့ Deadline မှာ ဖော်ပြထားပါတယ်။

အနည်းဆုံးနောက်ထပ် တစ်ကားတော့ထပ်ပြီး သရုပ်ဆောင်လိမ့်မယ်လို့ သတင်းထွက်ပေါ်လာပါတယ်။ Captain America တစ်ဦးတည်းအတွက် ရိုက်ကူးတဲ့ ရုပ်ရှင်မျိုးမဟုတ်ဘဲ စူပါဟီးရိုးတွေ ရောမွှေထားတဲ့ဇာတ်ကားမျိုးလည်း ဖြစ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဘယ်အချိန်ကျမှ Captain America အဖြစ် ပြန်မြင်တွေ့ရမလဲဆိုတာကိုတော့ မရှင်းလင်းသေးပါဘူး။

**အီးနယူး**



# မိုးမိတ် ၊ ဘားအံနှင့် မိုင်းခတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ


**နေပြည်တော် ဇန်နဝါရီ ၁၅**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲက မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု ထုံးဘိုကျေးရွာနေ လီလေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၂၅ ကီလိုတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာအုပ်စု ထုံးအိုင်ကျေးရွာရှိ မျိုးဇော်ထွန်း(ခ)မျိုးထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းခတ်မြို့နယ် ခြောက်ထပ်ကွေ့ကျေးရွာနေ ဆောဂါ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ညနေ ၆ နာရီတွင် အဆိုပါနေအိမ်သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသည့် နွေလိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ကွင်းဆက်အရ ခြောက်ထပ်ကွေ့ကျေးရွာအနီးတွင် လီးလိုနှင့် ဂျူးမေတို့ နှစ်ဦးအား ဆိုင်ကယ်တစ်စီးဖြင့် ဖမ်းဆီးရမိခဲ့ပြီး ည ၈ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့နယ် ပန်ဆေးကျေးရွာအနီးတွင် အိုက်ခမ်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဆောဂါ၊ နွေလို၊ လီးလို၊ ဂျူးမေ၊ အိုက်ခမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**
ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် – CMRS ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် ပင်ခုတ်ကျေးရွာ၏ အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာမှ တရားမဝင် ကညင်သစ်၊ ခွဲခြမ်းခွဲသားတန် ၂၀ နှင့် ချန်ချိုင်း ၂၅ ကောင်၊ အင်ဂျင်တစ်လုံး၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရန်ကုန်–မော်လမြိုင် ကားလမ်း မုပ္ပလင်တံတားသစ်လမ်းပိုင်း မိုင်တိုင်အမှတ် (၅/၆)အနီးနေရာ၌ ခြောက်ဘီး(အဖြူရောင်) ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၅၄ ချောင်း (၇ ဒသမ ၁၆၁၄)တန်ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် တောင်ကျွန်းကြိုးဝိုင်း အကွက်အမှတ် (၇၊ ၉၊ ၁၁၊ ၁၂) အတွင်း ဘက်ဟိုးယာဉ်လေးစီး၊ ယာဉ်အမှတ်မပါ မော်တော်ယာဉ်တစ်စီး၊ ချိန်းဆော တစ်လက်နှင့် ရင်စို့လုံးပတ် တစ်ပေအောက်နှင့် သုံးပေအောက်သစ်ပင် ၁၉၃ ပင်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဥတ္တရသီရိမြို့နယ် တောင်ညိုကြီးပြင် ဇမ္ဗူရန်နိုင်လမ်း၌ ခြောက်ဘီးယာဉ် တစ်စီးပေါ်မှ တရားမဝင် ဒီးဒူး၊ နဘဲ၊ ငွေး၊ လက်ပံ၊ မအူ လက်တံရှည်ခွဲသား ၄ ဒသမ ၁၉၁၇ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦးတို့အားလည်းကောင်း၊ ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စု ပွဲကုန်း (၃) ရပ်ကွက် ဒီးမော့ဆိုသွားကားလမ်း နံဘေး ဦးလွှီးဇီး၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ထင်းရှူးခွဲသား ဆိုဒ်စုံ ၁၉ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း**
**(နေပြည်တော်)**

# ကျောက်ဆည်မြို့နယ်၌ တရားမဝင်အနှိပ်ခန်း ဖမ်းဆီးမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဇန်နဝါရီ ၁၃ ရက်က ကိုဗစ်–၁၉ ကာလအတွင်း ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များကို ဖောက်ဖျက်လျက် တရားမဝင် အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်နေသူများနှင့် လာရောက်သူများအား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မြို့နယ် အင်ဒိုင်းစံပြကျေးရွာရှိ ကိုကိုကြီး ပိုင်ဆိုင်သော ရွှေကမ္ဘာ(၃) စားသောက်ဆိုင်၌ တရားမဝင်အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁၃ ရက် ည ၉ နာရီခွဲက ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဆိုင်တာဝန်ခံဖြစ်သူ တံတားမြို့နယ်နေ မစုသော်တာကျော်(၃၅ နှစ်)ပါ ဆိုင်ဝန်ထမ်း နှစ်ဦး၊ အနှိပ်သမားများဖြစ်သည့် မနော်နီလာအေး (၄၅ နှစ်)ပါ ခြောက်ဦး၊ လာရောက်အနှိပ်ခံသူ နိုင်စိုး(၃၀ နှစ်)ပါ လေးဦး စုစုပေါင်း ၁၂ ဦးတို့အား အနှိပ်ခန်းတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် မစုသော်တာကျော်ပါ ၁၂ ဦးနှင့် ကိုကိုကြီးတို့အား ကျောက်ဆည်မြို့မရဲစခန်းမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဇဟန်းမြို့နယ် စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၅**
ရန်ကုန်မြို့ ဇဟန်းမြို့နယ် ဗိုလ်ချို(၁) ရပ်ကွက် နတ်မောက်လမ်းမှ ပိုင်ရှင် ဒေါ်လှလှရီ၏ ရွှေအိုးကမ္ဘာစိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်တွင် ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမင်းစမ်းအေး၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အတူ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ရေးယာဉ် ၁၁ စီး၊ ရေသယ်ယာဉ်ခြောက်စီး၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇၅ ဦးတို့က သွားရောက်ငြိမ်းသတ်ရာ ည ၈ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ အရောင်းဆိုင်တွင် Power Bank အားသွင်းထားစဉ် မေ့ကျန်ခဲ့ရာမှ ဘက်ထရီအပူလွန်ကဲပြီး မီးလောင်ခြင်းဖြစ်ကာ မီးလောင်မှုကြောင့် ပေ (၁၀x၁၀) အကျယ်ရှိ သွပ်မိုးအုတ်ညှပ် မြေစိုက်လေးခန်းတွဲ ကျောကပ် ရှစ်ခန်းတွဲ တစ်ခုလုံးနှင့် အတွင်းရှိ ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဇဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



## ပင်လောင်း၊ ဟိုပုံးနှင့် ဖယ်ခုံမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၅**
ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က ပင်လောင်းမြို့နယ် ထီယွန်းကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ပန်းကုလားကျေးရွာ၏ တောင်ဘက် နှစ်ဖာလုံခန့်အကွာ၌ အမြင့် သုံးပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၆ ဧက ခန့်ကို လည်းကောင်း၊ ထို့အပြင် ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် ကာလကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့် ရှစ်လက်မခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းစိုက်ခင်း ငါးဧကခန့်ကိုလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၅**
ထိုင်းနိုင်ငံတွင် ကျင်းပမည့် အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြားပစ်၊ ဘောလုံး၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ ဝူရှူး စသည့်အားကစားနည်းများမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဇွန်လတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ချုပ်များအနေဖြင့် အားကစားသမားများအား Online Training ၊ Self Training များကို ကြိုတင်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပြီး ယင်းသို့ ပြုလုပ်မှသာ အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲအတွက် လေ့ကျင့်ချိန်ပိုမိုရရှိမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ စခန်းသွင်းလေ့ကျင့်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် ပြောသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာအားကစားအဖွဲ့များအနေဖြင့် ကိုဗစ်–၁၉ ကော်မတီ၏ စခန်းသွင်းခွင့်ပြုချက်ရရှိပါက အားကစားနှင့်ကာယပညာဦးစီးဌာနမှ လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

❄ *ကျောဖုံးမှ*

ထို့ကြောင့် ချယ်ဆီးအသင်းသည် အပြောင်းအရွှေ့ကာလတွင် ငွေကြေးမြောက်မြားစွာသုံးစွဲပြီး အသင်းကို ပြုပြင်ပြောင်းလဲမှု များစွာပြုလုပ်ထားသော်လည်း အဆင့် (၆)၊ (၇)၊ (၈) နေရာတို့တွင် ရပ်တည်နေသည့် စပါး၊ ဆောက်သမ်တန်၊ အက်စ်တွန်ဗီလာအသင်းတို့ထက်ပင် စွမ်းဆောင်ရည် ကျဆင်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် နည်းပြလမ်းပတ်အနေဖြင့် ယခု ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ကစား၍ ဖိအားများကို လျှော့ချသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

ပွဲစဉ် (၁၉) မှ အခြားသောစိတ်ဝင်စားဖွယ်ရာပွဲစဉ်အဖြစ် လက်စတာနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲတွင် လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်စတာအသင်းက နောက်ဆုံးငါးပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ဆောက်သမ်တန်အသင်းက နောက်ဆုံးငါးပွဲတွင် ရှုံးပွဲတစ်ပွဲနှင့် သရေသုံးပွဲ ကြုံတွေ့ထားသည်။ အမှတ်ပေးဇယားရပ်တည်မှုအရ လက်စတာအသင်းရော ဆောက်သမ်တန်အသင်းပါ အဆင့် (၇) အထက်ပိုင်းတွင် ရပ်တည်နေသည့် အသင်းများဖြစ်သည့်အလျောက် ပွဲမှာ အကြိတ်အနယ်ရှိလာဖွယ် ရှိနေသည်။ ထို့အပြင် အဆိုပါ နှစ်သင်း၏ အမှတ်ကွာဟမှုမှာလည်း သုံးမှတ်သာရှိနေသည့်အတွက် ပွဲမှာ ထင်ထားသည်ထက် ပြိုင်ဆိုင်မှု မြိုင်ဆိုင်လာဖွယ်ရှိနေသည်။

လက်စတာနှင့် ဆောက်သမ်တန်အသင်းတို့ ယမန်နှစ်က နှစ်ကြိမ်ထိပ်တိုက်တွေ့ခဲ့ရာ၌ ဆောက်သမ်တန်အိမ်ကွင်းတွင် လက်စတာအသင်းက အံ့အားသင့်ဖွယ်ရလဒ်နှင့်အတူ ကိုးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း လက်စတာအိမ်ကွင်းတွင် ဆောက်သမ်တန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် ပြန်လည်အနိုင်ရရှိထားသည်။ ယခုပွဲစဉ်မှ စောင့်ကြည့်ရမည့် ကစားသမားအဖြစ် လက်စတာအသင်းမှ တိုက်စစ်ကစားသမား ဗာဒီရှိနေပြီး ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၆ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးရရှိထား၍ ဂိုးရရှိအောင် ငါးကြိမ်ဖန်တီးပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ လက်စတာအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိလျှင် ရမှတ် ၃၅ မှတ်အထိ စုဆောင်းထားနိုင်မည်ဖြစ်ကာ အမှတ်ပေးဇယားအဆင့် (၂) နေရာအထိ ယာယီတက်လှမ်းနိုင်မည်ဖြစ်သည့်အတွက် ယခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရရှိအောင် ကြိုးပမ်းလာဖွယ်ရှိနေသည်။

အင်္ဂလန်နိုင်ငံတွင် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကူးစက်မှုမြင့်မားနေပြီး ဘောလုံးအသင်းများတွင်လည်း ထိုဗိုင်းရပ်စ်ကူးစက်မှု များပြားလာသည့်အတွက် ပွဲစဉ်အချို့ ရွှေ့ဆိုင်းရဖွယ်ရှိနိုင်သည်။

**အောင်ဇော်**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး နှစ်ထပ်ရုံးနှင့် သံပန်း+အုတ်စီခြံစည်းရိုး ပေ (၂၄၀) တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ၂၁-၁-၂၀၂၂ရက် နံနက် ၉:၃၀နာရီမှစတင်ဝယ်ယူနိုင်ပြီး ၁၉-၂-၂၀၂၂ရက် ၁၆:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၉၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)
## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၄)ရက်၊ လွတ်လပ်ရေးနေ့တွင် သမ္မတရုံးမှ ချီးမြှင့်သည့် **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ** ဘွဲ့တံဆိပ်ကိုရရှိသော **ဦးစိုးသန်းထွန်း** (ဒု-ဥက္ကဋ္ဌ ရေနံချောင်းအသင်း) လူမှုထူးချွန် (တတိယဆင့်) ပွင့်သစ်စမ်းကုမ္ပဏီနှင့် **သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်ကို** ရရှိသော **ဒေါက်တာနီလာသိန်း**(မဲခေါင်စာပေဆုရှင်)(လင်းရောင်သစ်ဆေးခန်း)တို့အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**နာယကများ၊ အမှုဆောင်အဖွဲ့နှင့် အသင်းသူ/သားများ**
**ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)**

## အမည်မှန်

တောင်သာမြို့နယ်၊ နန်းမြင့်ကျေးရွာနေ မရင်ရင်သင်း ၉/တသန(နိုင်)၁၀၄၀၀၈၏ အမည်မှန်မှာ မယဉ်ယဉ်သင်း ဖြစ်ပါကြောင်း။

**မယဉ်ယဉ်သင်း**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်၊ သစ်တပွေရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ် (၃၀၇)၊ မြေဧရိယာ ၀ဒသမ၅၉၃ ကေရှိမြေကွက်အား ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်တွင် နေထိုင်သူ ဦးဟန်သိန်း-ဒေါ်မြင့်မြင့်သိန်း အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှုအားလည်းကောင်း၊ ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၉/မြို့မတောင်)၊ ဦးပိုင်အမှတ် (၆၃/ဃ)၊ မြေဧရိယာ ၀ဒသမ၀၃၆ ကေရှိမြေကွက်အား ဦးမြင့်ကြူပါ (၃)ဦး အမည်မှ ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက်တွင် နေထိုင်သူ ဦးမြင့်ကြူ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အားလည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (ကော်လိတ္တော်အရာရှိ)ထံ စာချုပ်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင်လည်းကောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မကွေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဇီဝိတ၊ မြေကွက်အမှတ် ၂၅၁၉၊ဧရိယာ ၀ဒသမ ၁၈၂ ကေရှိ ဦးမှတ်ကြီး အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့် ထုတ်ပေးပါရန် ဦးမှတ် ကြီး(ကိုယ်စား) ဒေါ်သန်းမြင့်(ဘ)ဦးထွန်းမြိုင် ၉/ ပမန(နိုင်)၂၅၂၀၄၈ မှ မြေချစလစ်၊ ဇမ္ဗူသီရိမြို့နယ် တရားရုံး ကျမ်းကျိန်လွှာအမှတ် ၀၀၃/၂၀၂၁၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေပေးမိန့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ညောင်ပင် ဝိုင်း၊ မြေကွက်အမှတ် (ZO-005)၊ ဧရိယာ ၀ဒသမ ၀၅၁ကေရှိ ဒေါ်အေးအေးစန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို အမည်ပေါက်သူ ဒေါ်အေးအေးစန်း(ဘ)ဦးလှအေး ၁၂/ရကန(နိုင်)၀၄၇၄၄၄၊ ဒေါ်နီနီ ဝင်း (ဘ)ဦးပီရိုပါ(လ်) ၉/အမရ(နိုင်)၀၄၄၁၀၅ နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ နဝရတ် (၂)လမ်း၊ မြေကွက်အမှတ် (၇၀၄)၊ မြေအကျယ် (၄၀x၆၂ ၁/၂)ပေရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု (မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်ခင်သိန်းရီ (R/RGN-၀၀၀၀၃၂)အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး အဆိုပါမြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်းရှိ မြေအကျယ် (၂၅x၆၂ ၁/၂) ပေကို ဒေါ်ခင်သိန်းရီမှ လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်လျက် ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူ ရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် (အလင်္ကာ Law Firm)**
**LL.B, D.B.L, D.M.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၉၉/က၊ မြေကွက်အမှတ် ၂၂က^၁၊မြေ ကွက်ဧရိယာ ၀ဒသမ ၃၇၄ရှိ မြေပိုင်မြေကွက်ထဲမှ မခွဲစိတ်ရသေးသောမြေဖြစ်သည့်(တစ်စိတ်တစ်ပိုင်းဖြစ်သော)၎င်းမြေကွက်တည်နေရာ အမှတ် ၂/က၊ ဝါဦး(၃)လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ(အနံ ၄၀' Xအလျား ၁၇၅')ခန့်ရှိ မြေနှင့်ဥပစာကို ဦးကျော်သင်း ၁၂/အစန(နိုင်)၀၉၂၀၁၉ ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးကျော်သင်း ကွယ်လွန်ပြီးနောက် ဦးကျော်သင်း၏ ကျန်ရစ်ခဲ့သော တစ်ဦးတည်းသော သား ဦးဝင်းသူရိန် ၁၂/အစန(နိုင်)၁၈၉၂၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ

အထက်ဖော်ပြပါ မြေနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်အမှုသည် မသိရှိဘဲနှင့်လည်းကောင်း၊ ကျွန်ုပ်အမှုသည် ခွင့်ပြုချက်တစ်စုံတစ်ရာ မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်းတို့ အပါအဝင် ပိုင်ဆိုင်မှုကိစ္စအရပ်ရပ်ကို မဆောင်ရွက်ပါရန်နှင့် အကယ်၍ ကျွန်ုပ်အမှုသည် ခွင့်ပြုချက်မရဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈၊ ၀၉- ၄၅၀၀၅၁၇၀၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ မစုဒါလီစိုး(ခ)ဇိုင်နဗ်ဘီ(ဘ)ဟာဂျီ ဦးအဗ္ဗဒုလ်ဂဖူးရ်(ခ) ဦးတင်စိုး ရောလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမမောင်းမြို့၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်နေသူနှင့် မောင်ဝေယံမြင့်ထွန်း(ခ)မိုဟမ္မဒ်ခိုဘားဘ်(ဘ)ဦးရှမ်စွဒ္ဒီးန်၊ သီရိမဥ္ဇူလမ်း၊ အမှတ်(၂) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်နေသူတို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် ၁-၁၀-၂၀၁၅ရက်ကတတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယနေ့ထိတိုင် တရားဝင် အကြင်လင်မယားအဖြစ် ဆက်လက်တည်ရှိနေပါကြောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိပါကြောင်း၊ မလိုအပ်သော ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာဖြစ်ပေါ်လာပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မစုဒါလီစိုး(ခ)ဇိုင်နဗ်ဘီ**
**ရောလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမမောင်းမြို့၊**
**ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ မခင်ရတနာစိုး(ခ)ဖုရ်ကာနားဘီ(ဘ)မော်လဝီနူရ်းမိုဟမ္မဒ်(ခ)ဦးစိုးနိုင် ဒေါနလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမမောင်းမြို့၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်နေသူနှင့် မောင်ဇင်မင်းထက်(ခ)မော်လဝီရှမီးမ်(ဘ)ဦးခင်မောင်အေး၊ သံလွင်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကမမောင်းမြို့၊ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်နေသူသည် နှစ်ဖက် မိဘများ၏ သဘောတူညီချက်ဖြင့် ၁၆-၆-၂၀၁၉ရက် ကတည်းက တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယနေ့ထိတိုင် တရားဝင် အကြင်လင်မယားအဖြစ် ဆက်လက်တည်ရှိနေပါကြောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိပါကြောင်း၊ မလိုအပ်သော ပြဿနာအရှုပ်အရှင်း တစ်စုံတစ်ရာဖြစ်ပေါ်လာပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မခင်ရတနာစိုး(ခ)ဖုရ်ကာနားဘီ**
**ဒေါနလမ်း၊ အမှတ်(၂)ရပ်ကွက်၊**
**ကမမောင်းမြို့၊ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် စီဂျီအို (CGO) များရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံလျင်)မှ ထုတ်လုပ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် စီဂျီအိုများကို ပြောင်းလဲသတ်မှတ်သည့် ရောင်းဈေးနှုန်းဖြစ်သည့် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် (၂၂၅၀) (ကျပ်နှစ်ထောင့်နှစ်ရာငါးဆယ်တိတိ) နှုန်းဖြင့် ဂါလန် ၁ဒသမ၀ (ဂါလန်တစ်သန်း)အား Bowser/ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း၊ ဒီဇယ်ဆီတစ်ဂါလန်လျှင် ကျပ် ၂၄၀၀(ကျပ်နှစ်ထောင့်လေးရာတိတိ) နှုန်းဖြင့် ဂါလန် ၁ဒသမ၀သန်း (ဂါလန်တစ်သန်း)အား ရေယာဉ်/ဆီတွဲ ဖြင့်လည်းကောင်း စက်သုံး ဆီအရောင်းဆိုင်များ၊ စက်သုံးဆီတင်သွင်း/ရောင်းချဖြန့်ဖြူးကုမ္ပဏီများ၊ ရေယာဉ်လုပ်ငန်းရှင်များ၊ လမ်းတံတားလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံများ၊ သတ္တုတွင်းလုပ်ငန်း၊ စက်သုံးဆီအသုံးပြု၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များသို့လည်းကောင်း၊ စီဂျီအို (CGO) တစ်ဂါလန်လျှင် ကျပ် ၂၂၀၀ (ကျပ်နှစ်ထောင့်နှစ်ရာတိတိ)နှုန်းဖြင့် ဂါလန် ၅ဒသမ၀သိန်း (ဂါလန်ငါးသိန်းတိတိ)အား Bowser/ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း၊ ရေယာဉ်လုပ်ငန်းရှင်များ၊ စီဂျီအို (CGO)အသုံး ပြု၍ မီးထိုးဆောင်ရွက်သည့်လုပ်ငန်းရှင်များသို့လည်းကောင်း၊ ၁၆-၁-၂၀၂၂ရက်မှ ၁၇-၁-၂၀၂၂ရက်အထိ လျှောက်လွှာလက်ခံပြီး လွတ်လပ်စွာရောင်းချပေးမည်ဖြစ်ပါ၍ မည်သူမဆို စက်ရုံသို့ တိုက်ရိုက်လိပ်မူ လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ လျှောက်လွှာအား E-mail (ref3manngm@gmail.com)သို့လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သင့်ရာ နည်းဖြင့် စက်ရုံသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့်ပုံစံနှင့် စည်းကမ်းချက်အသေးစိတ်တို့အား သိရှိလိုပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm)သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂နှင့် ရေနံဓာတုဗေဒစက်ရုံစု (သံလျင်) ဖုန်း-၀၉-၄၀၁၅၂၂၆၅၀၊ ၀၉-၄၀၁၅၅၄၈၀၄တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြို့နယ်များတွင် ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 2-57(T)/MESC<br>(D-S)/2020-2021 | မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ၃၃/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ လယ်တကောင်း ဓာတ်အားခွဲရုံ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၃၃ကေဗွီ ACSR ဓာတ်အားလိုင်း (၅.၁)မိုင် အသစ်တည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၁-၂၀၂၂ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၇-၂-၂၀၂၂ရက် ၁၄:၀၀ နာရီတွင် တင်ဒါပိတ်မည် ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal (www.moee.gov.mm) ၌ အသေးစိတ် ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံ အကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇ x၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း- ၀၂-၄၀၆၉၁၂၁**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရမည်းသင်းမြို့နယ်၊ အိုင်တိုအုပ်စု၊ ကျွန်းကျင်းကျေးရွာနေ ဦးစိန်ငွေး- ဒေါ်ခင်မိမိခိုင်တို့၏သမီး၊ မအိအိန္ဒြာငွေးသည် မိဘများ စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီး နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝ(လုံးဝ)ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**ဦးစိန်ငွေး**
**၉/ရမသ(နိုင်)၁၁၉၄၀၈**

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး
## အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် (၄) ခန်းတွဲ(၄)ထပ် အမှုထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့်)၊ ဒဂုံမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်း- ၀၁- ၈၂၁၁၃၂၈သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၂၂ရက် မှ ၁-၂-၂၀၂၂ရက် အထိ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၂-၂၀၂၂ရက်(၁၆:၃၀)နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** - ထပ်မံကြေညာပါမည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံမီးသွေး (Petroleum Coke) ရောင်းချရန်ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံလျင်)မှ ထုတ်လုပ်သည့် ရေနံမီးသွေး (Petroleum Coke) များကို စက်ရုံရှိလက်ကျန် Stock အခြေအနေအပေါ်မူတည်၍ လစဉ်ပြောင်းလဲသတ်မှတ်သော ရောင်းဈေးနှုန်းဖြင့် လွတ်လပ်စွာ ရောင်းချပေးမည်ဖြစ်ပါ၍ မည်သူမဆို ညွှန်ကြားရေးမှူး(ကုန်ထုတ်)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်သို့ တိုက်ရိုက်လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ ရေနံမီးသွေးဝယ်ယူခွင့်လျှောက်လွှာများကို လစဉ် လဆန်း (၁)ရက်မှ ၁၀ရက် (ရုံးဖွင့်ရက်)အတွင်း လက်ခံမည်ဖြစ်ပါ သည်။

၃။ ရောင်းချမည့်ပုံစံနှင့် စည်းကမ်းချက်အသေးစိတ်တို့အား သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www. moee.gov.mm)သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ မင်းရဲကျော်စွာ(၅)လမ်း(က)၊ မြေကွက်အမှတ် (၁၇၁/ခ)၊မြေ အကျယ်(၂၀ x ၆၀)ပေရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်မိမိဦး ၁၂/ဥကတ(နိုင်)၁၃၈၉၈၄ အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ၎င်းမှ လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော ယင်းအိမ်ခြံမြေမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် [ "အလင်္ကာ" Law Firm ]**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေကွက်အမှတ် (ပ-၃၂၃၀၆)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးကျော်ဆန်း ၉/ပမန(နိုင်)၁၀၅၁၅၈ (ဘ)ဦးသိန်းအောင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်) မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူ ရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဂုဏ်ယူဝမ်းမြောက်တော်မူခြင်း

၂၀၂၁ခုနှစ် ဇန်နဝါရီ ၄ ရက် (၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ **မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၏** ရာသက်ပန်ကထိန်ဒါယကာ **ဒက္ခိဏာရာမိကဂဏဝါစက ဓမ္မာစရိယ စာချအဖွဲ့ကြီး၏ ပရိယတ္တိ ပညာရေး၊ ကျန်းမာရေး၊ ထာဝရ ငွေပဒေသာပင် မတည်အလှူရှင် ဒေါက်တာတင့်စိုးလင်း (မန်နေဂျင်းဒါရိုက်တာ)** ရွှေပုစွန်ကုမ္ပဏီလီမိတက်နှင့် ပွင့်ကောင်းနှင့် ခင်ရွှဲ့ရီကုမ္ပဏီလီမိတက်အား သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ရပါကြောင်းနှင့် သာသနာတော်၏အကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဒက္ခိဏာရာမဘုရားကြီးတိုက် ပဓာနမဟာနာယကဆရာတော် သမ္မုတိဆရာတော်၊ ကျောင်းထိုင်ဆရာတော်၊ စာချဆရာတော်များနှင့် စာသင်သံဃာတော်အရှင်မြတ်တို့က နေ့စဉ်နှင့်အမျှ ဆုတောင်းမေတ္တာပို့သလျက် ဝမ်းမြောက်ပါကြောင်း ထပ်လောင်း၍ ထောမနာပြုအပ်ပါသည်။

**ပဓာနမဟာနာယက ဆရာတော်ကြီးအမှူးပြုသော**
**ဆရာတော်သံဃာတော်များ**
**ဒက္ခိဏာရာမဘုရားကြီးတိုက်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများမှ ယူရီးယားဓာတ်မြေဩဇာ(အကောင်းနှင့် အောက်ကျုံး)များကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စက်ရုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | တန် | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်) | ၃,၀၀၀ | ၁၆-၂-၂၀၂၁ | ၁၂:၀၀ | ၁၆-၂-၂၀၂၁ | ၁၄:၀၀ |
| ယူရီးယားအောက်ကျုံး (မြောင်းတကာ) ကန်ကြီးထောင့် | ၁၀၈.၈၂ | ၁၆-၂-၂၀၂၁ | ၁၂:၀၀ | ၁၆-၂-၂၀၂၁ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၃)တည်ဆောက်ရေး၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အောက်ပါလုပ်ငန်းအား ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) အထက်ရဲရွာရေအား လျှပ်စစ်စီမံကိန်းတွင် CVCကွန်ကရစ်(172,000) $m^3$ဖျော်စပ် ထုတ်လုပ်၊ အရောက်ပို့ခြင်းလုပ်ငန်း
Tender No. 12/ DHPI(P&W)/2020-2021

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာCovid-19ရောဂါဆိုင်ရာအကာအကွယ် (Maskနှင့် Faceshield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁-၂၀၂၁ရက်မှ ၂၂-၁-၂၀၂၁ ရက်ထိ
**တင်ဒါပုံစံရောင်းချမည့်အချိန်** - ရုံးဖွင့်ရက်(၁၃:၀၀)နာရီမှ (၁၄:၃၀)နာရီအတွင်း
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ်(၂၇)ရှေ့အဝင်ဂိတ်
**တင်ဒါအဆိုအပြုလွှာတင်သွင်းရမည့်ရက်** - ၁၇-၂-၂၀၂၁ရက်၊ ၁၄:၀၀နာရီ လက်ထောက်ညွှန်ကြားရေးမှူး (၅)ရုံး၊ အမှတ်(၁)တည်ဆောက်ရေး၊ ပန်းခင်းလမ်း၊ ပန်းခင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာwww.moee.gov.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်ထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အနော်ရထာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် ၁၂၆၃၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးမြဝင်း ၁၂/ဥကတ(နိုင်)၁၀၂၁၈၁ မှ အမည်ပေါက်ပြီး ၎င်းထံမှ SP အမှတ် ၁၁၆၁၈/၂၀၂၀ ရရှိသူ ဦးနေစိုး ၁၂/ရကန(နိုင်)၀၇၆၂၃၃က အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမိုးမင်းဆွေ** | **ဒေါ်ခင်မာနွယ်** | **ဒေါ်ငွေငွေဝင်း** |
| **(LL.B, D.B.L)** | **(LL.B, D.B.L)** | **LL.B, D.I.L, WIPO (Switzerland)** |
| **(စဉ်-၁၄၄၀၄)** | **(စဉ်-၁၄၂၆၂)** | **(စဉ်-၁၃၃၁၆)** |

**တရားလွှတ်တော်ရှေ့နေများ**

**ဦးအောင်မျိုးသူ (LL.B)** (စဉ်-၄၆၅၄၅)
**ဒေါ်နန်းစုမြတ်နိုးထွဋ် (LL.B)** (စဉ်-၄၈၀၀၅)

**အထက်တန်းရှေ့နေများ**
အမှတ် ၁၄၇ (၃ လွှာ)၊ မြို့သစ် (၁)လမ်း(အောက်ဘလောက်)၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ သိန်းတစ်ရာလမ်း၊ မြေကွက်အမှတ်(၁၄၉၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါက်တာသန့်ဇင်(၁၂/ကတတ (နိုင်)၀၁၈၈၇၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှေရွှေဝင်း (၁၂/တမန (နိုင်) ၀၀၉၅၆၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**ဦးအောင်ကျော်လှိုင်** LL.B, အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Hein Htet San Law Firm ဖုန်း-၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၄၂၁ ၇၄၆ ၉၇၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅) ၊ ရွှေနှင်းဆီ(၁)လမ်း ၊ မြေကွက်အမှတ် (၁၀၇/ခ) ၊ ခြံအမှတ်(၁၈)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ ဒေါ်မြငွေ (၁၂/အစန (နိုင်) ၁၁၉၈၉၃) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်မြငွေထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) Hein Htet San Law Firm
**ဦးဇော်မျိုးနိုင်** LL.B, D.B.L, အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) ၀၉၅၅၀၆၁၄၆၊ ၀၉၂၅၀၂၉၀၇၈၁

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (L-၁၈/၆၁) ၊ ရတနာလမ်း ၊ မြေကွက်အမှတ် (၁၈၆၁+၁၈၆၂) ၊ အကျယ်အဝန်း (၈၀ပေ× ၆၀ပေ) ရှိ ဒေါ်ညိုညိုသန်း (ခ) ဒေါ်ဆွေဆွေလွင် (၁၃/တကန (နိုင်) ၁၃၄၈၂၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန္ဒာကျော် (၁၄/ကလန (နိုင်) ၁၃၈၃၄၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အရောင်းအဝယ် အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

